မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

**အမှတ် ၈ ]** ရန်ကုန်မြို့ { ၁၃၈၀ ပြည့်နှစ်၊ တပို့တွဲလပြည့်ကျော် ၃ ရက် ( ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၂ ရက် ) } **သောကြာနေ့ [ အတွဲ ၇၂**

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၉၃/၂၀၁၈**

၁၃၈၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၄ ရက်

(၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၆ ရက်)

**Universal Periodic Review (UPR) အကြံပြုတိုက်တွန်းချက်များ**
**အကောင်အထည်ဖော်ဆောင်ရွက်ရေးအမျိုးသားအဆင့်ကော်မတီ အဖွဲ့ဝင် ဖြည့်စွက်ဖွဲ့စည်းခြင်း**

နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၈၀/၂၀၁၈ ဖြင့် ဖွဲ့စည်းခဲ့သော **Universal Periodic Review (UPR) အကြံပြုတိုက်တွန်းချက်များ အကောင်အထည်ဖော်ဆောင်ရွက်ရေးအမျိုးသားအဆင့်ကော်မတီ** တွင် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန၊ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေး ကို အဖွဲ့ဝင်အဖြစ် ဖြည့်စွက်ဖွဲ့စည်းလိုက်သည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၉၄/၂၀၁၈**

၁၃၈၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၅ ရက်

(၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၇ ရက်)

**ဦးဆောင်ကော်မတီ (Steering Committee) နှင့်**
**တိုင်းဒေသကြီးနှင့် ပြည်နယ်များဆပ်ကော်မတီ ဖွဲ့စည်းခြင်း**

၁။ နိုင်ငံ့ဝန်ထမ်းပြုပြင်ပြောင်းလဲမှု မျှော်မှန်းချက်ပြည့်မြောက်စေရေးနှင့် မဟာဗျူဟာစီမံချက် အကောင်အထည်ဖော်မှု စောင့်ကြည့်လေ့လာသုံးသပ်ရေးတို့ကို ထိရောက်စွာ ကြီးကြပ်ကွပ်ကဲနိုင်ရန်

**ဦးဆောင်ကော်မတီ (Steering Committee) နှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များဆပ်ကော်မတီ** တို့ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည် -

(က) **ဦးဆောင်ကော်မတီ**

| | | |
|---|---|---|
| (၁) | ပြည်ထောင်စုဝန်ကြီး<br>ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (၂) | ဥက္ကဋ္ဌ<br>ပြည်ထောင်စုရာထူးဝန်အဖွဲ့ | ဒုတိယဥက္ကဋ္ဌ |
| (၃) | ဒုတိယဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၄) | ဒုတိယဝန်ကြီး<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၅) | ဒုတိယဝန်ကြီး<br>ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၆) | ဒုတိယဝန်ကြီး<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၇) | ဒုတိယရှေ့နေချုပ်<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး | အဖွဲ့ဝင် |
| (၈) | အဖွဲ့ဝင်<br>ပြည်ထောင်စုရာထူးဝန်အဖွဲ့ | အဖွဲ့ဝင် |
| (၉) | အဖွဲ့ဝင်<br>အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် | အဖွဲ့ဝင် |
| (၁၀) | အမြဲတမ်းအတွင်းဝန်<br>ပြည်ထောင်စုရာထူးဝန်အဖွဲ့ | အဖွဲ့ဝင် |
| (၁၁) | ညွှန်ကြားရေးမှူးချုပ်<br>နိုင်ငံတော်သမ္မတရုံး | အဖွဲ့ဝင် |
| (၁၂) | ညွှန်ကြားရေးမှူးချုပ်<br>ပြည်ထောင်စုလွှတ်တော်ရုံး | အဖွဲ့ဝင် |
| (၁၃) | ညွှန်ကြားရေးမှူးချုပ်<br>ပြည်သူ့လွှတ်တော်ရုံး | အဖွဲ့ဝင် |
| (၁၄) | ညွှန်ကြားရေးမှူးချုပ်<br>အမျိုးသားလွှတ်တော်ရုံး | အဖွဲ့ဝင် |
| (၁၅) | ညွှန်ကြားရေးမှူးချုပ်<br>ပြည်ထောင်စုတရားလွှတ်တော်ချုပ် | အဖွဲ့ဝင် |
| (၁၆) | ညွှန်ကြားရေးမှူးချုပ်<br>နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး | အဖွဲ့ဝင် |
| (၁၇) | ညွှန်ကြားရေးမှူးချုပ်<br>ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး | အဖွဲ့ဝင် |
| (၁၈) | ညွှန်ကြားရေးမှူးချုပ်<br>နိုင်ငံခြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

(၁၉) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
ကာကွယ်ရေးဝန်ကြီးဌာန

(၂၀) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
နယ်စပ်ရေးရာဝန်ကြီးဌာန

(၂၁) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန

(၂၂) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
ပြန်ကြားရေးဝန်ကြီးဌာန

(၂၃) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန

(၂၄) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(၂၅) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

(၂၆) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

(၂၇) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန

(၂၈) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

(၂၉) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
စက်မှုဝန်ကြီးဌာန

(၃၀) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

(၃၁) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန

(၃၂) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
ဆောက်လုပ်ရေးဝန်ကြီးဌာန

(၃၃) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

(၃၄) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန

(၃၅) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန

(၃၆) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန

(၃၇) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

(၃၈) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
မြန်မာနိုင်ငံတော်ဗဟိုဘဏ်

(၃၉) အမြဲတမ်းအတွင်းဝန် — အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့ရုံး

(ခ) ဦးဆောင်ကော်မတီ (Steering Committee) ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(၁) နိုင်ငံတော်အစိုးရ၏ ပံ့ပိုးကူညီမှုကိုရယူခြင်းနှင့် လျာထားသတ်မှတ်ချက်များပြည့်မီရေး အတွက် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တာဝန်ခံရန်၊

(၂) အကောင်အထည်ဖော်မှုများအား ကြပ်မတ်စစ်ဆေးရန်၊

(၃) ပြန်လည်သုံးသပ်ပြင်ဆင်မှုများကို အတည်ပြုရန်နှင့် ပြည်ထောင်စုအစိုးရအဖွဲ့သို့ ပုံမှန် အစီရင်ခံရန်၊

(၄) ညွှန်းကိန်းများနှင့်တိုက်ဆိုင်သော တိုးတက်မှုများကို စောင့်ကြည့်လေ့လာခြင်းနှင့် ရလဒ်များ အတွက် ဌာနအဖွဲ့အစည်းများကို တာဝန်ခံစေရန်၊

(၅) ဌာနအဖွဲ့အစည်းများကြား ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်နိုင်ရေးအတွက် ကူညီပံ့ပိုးပေးရန်နှင့် ပြုပြင်ပြောင်းလဲမှု၏ အဟန့်အတားများကို ဖယ်ရှားပေးနိုင်မည့် လုပ်ဆောင်ချက်များကို သတ်မှတ်ဖော်ထုတ်ရန်။

(ဂ) **တိုင်းဒေသကြီးနှင့် ပြည်နယ်များဆပ်ကော်မတီ**

(၁) အမြဲတမ်းအတွင်းဝန် — ဥက္ကဋ္ဌ
ပြည်ထောင်စုအစိုးရအဖွဲ့ရုံး

(၂) ညွှန်ကြားရေးမှူးချုပ် — ဒုတိယဥက္ကဋ္ဌ
ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန
ပြည်ထောင်စုရာထူးဝန်အဖွဲ့

(၃) အတွင်းရေးမှူး — အဖွဲ့ဝင်
နေပြည်တော်ကောင်စီ

(၄) အတွင်းရေးမှူး — အဖွဲ့ဝင်
တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့အားလုံး

(၅) ဒုတိယအမြဲတမ်းအတွင်းဝန် — အတွင်းရေးမှူး
ပြည်ထောင်စုရာထူးဝန်အဖွဲ့

(ဃ) တိုင်းဒေသကြီးနှင့် ပြည်နယ်များဆပ်ကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(၁) လုပ်ငန်းများအကောင်အထည်ဖော်မှုတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ အကြံပြုချက်များ ပါဝင်စေရန်၊

(၂) ပြုပြင်ပြောင်းလဲရေးကို အထောက်အပံ့ပြုမည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ရှေ့ပြေး စမ်းသပ်ဆောင်ရွက်မည့် လုပ်ငန်းများကို သတ်မှတ်ရန်၊

(၃) မဟာဗျူဟာစီမံချက် အကောင်အထည်ဖော်မှုနှင့် သုံးသပ်မှုများတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များကို ပါဝင်ဆောင်ရွက်စေရန်၊

(၄) နိုင်ငံ့ဝန်ထမ်းကဏ္ဍ၏ ဗဟိုချုပ်ကိုင်မှု လျှော့ချခြင်းအခြေအနေကို ဦးဆောင်ကော်မတီသို့ ပုံမှန်အစီရင်ခံရန်။

၂။ ဦးဆောင်ကော်မတီသည် အတွင်းရေးမှူးရုံးအဖွဲ့ကို ဖွဲ့စည်းဆောင်ရွက်သွားရန်ဖြစ်သည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**[ ယခင်အပတ် ပြည်ထောင်စုလွှတ်တော်ရုံး၊ အမိန့်ကြော်ငြာစာအမှတ် ၇၂/၂၀၁၈၊ မြန်မာနိုင်ငံလူမွဲခံယူခြင်းဆိုင်ရာ ဥပဒေကြမ်း ထုတ်ပြန်ကြေညာခြင်းမှအဆက် ]**

## ဤဥပဒေအရ လူမွဲမှုခင်းဆောင်ရွက်ခြင်းကို နိုင်ငံခြားမြီရှင်များသို့ အကြောင်းကြားခြင်း

၃၈၂။ (က) ဤဥပဒေအရ ဤနိုင်ငံရှိမြီရှင်များကို အကြောင်းကြားရန်ရှိသည့်အခါတိုင်း ယင်းအကြောင်းကြားစာကို ဤနိုင်ငံတွင် အကြောင်းကြားရန် နေရပ်လိပ်စာမရှိသည့် မြီရှင်များထံသို့လည်း ပေးပို့ရမည်။ နေရပ်လိပ်စာမသိရှိသေးသော မြီရှင်များထံသို့ အကြောင်းကြားရန်အတွက် တရားရုံးသည် သင့်သည်ထင်မြင်သည့်နည်းလမ်းအတိုင်း ဆောင်ရွက်စေရန် အမိန့်ချမှတ်နိုင်သည်။

(ခ) ထူးခြားသောအခြေအနေများအရ အခြားသောနည်းလမ်းဖြင့်ပေးပို့ပါက ပို၍ သင့်တော်သည်ဟု တရားရုံးက ထင်မြင်ယူဆသည်မှအပ ထိုအကြောင်းကြားစာကို နိုင်ငံခြားမြီရှင်တစ်ဦးချင်းစီထံသို့ ပေးပို့ရမည်။ သို့သော် တရားဝင်တောင်းခံစာ သို့မဟုတ် အခြားအလားတူပုံစံဖြင့် ပေးပို့ရန် လိုအပ်ခြင်း မရှိစေရ။

(ဂ) လူမွဲမှုခင်းစတင်ကြောင်း အကြောင်းကြားစာတွင် အောက်ပါအချက်များ ပါဝင်ရမည် -

(၁) တောင်းဆိုမှုကို လျှောက်ထားရန်အတွက် လုံလောက်သည့်အချိန်ကာလနှင့် လျှောက်ထားရမည့်နေရာကို သတ်မှတ်ပေးရန်၊

(၂) အာမခံအကျိုးခံစားခွင့်ရမြီရှင်များ၏ တောင်းဆိုမှုများကိုလျှောက်ထားရန် လို မလို သတ်မှတ်ဖော်ပြရန်၊

(၃) နိုင်ငံတော်၏ တည်ဆဲဥပဒေနှင့် တရားရုံး၏အမိန့်အရ ယင်းအကြောင်းကြားစာတွင် ထည့်သွင်းဖော်ပြရမည့် အခြားသော လိုအပ်သည့်အချက်အလက်များကို ထည့်သွင်းဖော်ပြရန်။

**အခန်း (၄)**

**နိုင်ငံခြားလူမွဲမှုခင်းနှင့် သက်သာခွင့်ကို အသိအမှတ်ပြုခြင်း**

## နိုင်ငံခြားလူမွဲမှုခင်းကို အသိအမှတ်ပြုရန် လျှောက်ထားခြင်း

၃၈၃။ (က) နိုင်ငံခြားလူမွဲမှုခင်းတွင် နိုင်ငံခြားကိုယ်စားလှယ်အဖြစ် ခန့်အပ်ထားခြင်းခံရသူသည် အဆိုပါမှုခင်းကို အသိအမှတ်ပြုပေးရန် တရားရုံးသို့ လျှောက်ထားနိုင်သည်။

(ခ) ထိုသို့လျှောက်ထားရာတွင် လျှောက်လွှာနှင့်အတူ အောက်ပါတို့ကို ပူးတွဲတင်ပြရမည် -

(၁) နိုင်ငံခြားလူမွဲမှုခင်း စတင်ကြောင်းနှင့် နိုင်ငံခြားကိုယ်စားလှယ်အဖြစ် ခန့်အပ်ထားကြောင်း ဆုံးဖြတ်ချက် တာဝန်ခံမိတ္တူမှန် သို့မဟုတ်

(၂) နိုင်ငံခြားကိုယ်စားလှယ်အဖြစ် ခန့်အပ်ထားကြောင်းနှင့် နိုင်ငံခြားလူမွဲမှုခင်းဆောင်ရွက်နေကြောင်း အတည်ပြုသည့်နိုင်ငံခြားတရားရုံး၏ အထောက်အထားလက်မှတ်၊

(၃) အပိုဒ်ခွဲ (၁) နှင့် (၂) တွင် ဖော်ပြထားသည့် သက်သေခံအထောက်အထားများမရှိသည့်အခါ နိုင်ငံခြားကိုယ်စားလှယ်ခန့်အပ်ထားကြောင်းနှင့် နိုင်ငံခြားလူမွဲမှုခင်း ဆောင်ရွက်နေကြောင်း တရားရုံးကလက်ခံနိုင်သည့် အခြားသက်သေခံအထောက်အထားတစ်ရပ်ရပ်။

(ဂ) အသိအမှတ်ပြုပေးရန်လျှောက်ထားလွှာတွင် နိုင်ငံခြားကိုယ်စားလှယ်က သိရှိထားသည့်မြီစားနှင့် ပတ်သက်သည့် နိုင်ငံခြားလူမွဲမှုခင်းအားလုံးနှင့်သက်ဆိုင်သော ဖော်ပြချက်လည်း ပါဝင်ရမည်။

(ဃ) တရားရုံးသို့တင်သွင်းသည့် စာရွက်စာတမ်းတိုင်းကို မြန်မာဘာသာပြန်ဆိုချက်နှင့်တကွ ပူးတွဲတင်ပြရမည်။

**အသိအမှတ်ပြုခြင်းနှင့်ပတ်သက်သည့် မှတ်ယူရမည့်အချက်များ**

၃၈၄။ (က) ပုဒ်မ ၃၈၃၊ ပုဒ်မခွဲ (ခ) အရ ဆုံးဖြတ်ချက် သို့မဟုတ် အထောက်အထားလက်မှတ်တွင် ဖော်ပြထားသော နိုင်ငံခြားကိုယ်စားလှယ်သည် ပုဒ်မ ၃၆၉၊ ပုဒ်မခွဲ (ဃ) ပါ နိုင်ငံခြား ကိုယ်စားလှယ်ဖြစ်ကြောင်းနှင့် ယင်းတွင်ဖော်ပြထားသော မှုခင်းသည် ပုဒ်မ ၃၆၉၊ ပုဒ်မခွဲ (က) ပါ နိုင်ငံခြားလူမွဲမှုခင်းဖြစ်ကြောင်း တရားရုံးက မှတ်ယူနိုင်သည်။

(ခ) အသိအမှတ်ပြုပေးရန်လျှောက်လွှာကို ထောက်ခံတင်ပြသည့် စာရွက်စာတမ်းများသည် ဥပဒေနှင့်အညီ ပြုလုပ်ထားသည်ဖြစ်စေ၊ မပြုလုပ်ထားသည်ဖြစ်စေ တရားရုံးသည် စစ်မှန်သည်ဟု မှတ်ယူခွင့်ရှိသည်။

(ဂ) ဆန့်ကျင်ကွဲလွဲသည့်သက်သေခံချက်မရှိပါက မြီစား၏မှတ်ပုံတင်ထားသည့်ရုံးခန်းတည်နေရာ သို့မဟုတ် တစ်သီးပုဂ္ဂလနှင့်သက်ဆိုင်သည့် လူမွဲမှုခင်းများဖြစ်လျှင် ထိုမြီစား အမှန်တကယ် နေထိုင်ရာနေရာသည် ၎င်း၏အဓိကအကျိုးစီးပွားရှိရာနေရာဟု မှတ်ယူရမည်။

**နိုင်ငံခြားတရားစီရင်မှုကို အသိအမှတ်ပြုရန် ဆုံးဖြတ်ချက်**

၃၈၅။ (က) ပုဒ်မ ၃၇၄ နှင့် မဆန့်ကျင်စေဘဲ အောက်ပါအချက်များနှင့် ညီညွတ်လျှင် နိုင်ငံခြားလူမွဲမှုခင်းကို အသိအမှတ်ပြုရမည် -

(၁) နိုင်ငံခြားလူမွဲမှုခင်းသည် ပုဒ်မ ၃၆၉၊ ပုဒ်မခွဲ (က) ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်အတွင်း ကျရောက်သည့် မှုခင်းဖြစ်လျှင်၊

(၂) အသိအမှတ်ပြုပေးရန် လျှောက်ထားသည့် နိုင်ငံခြားကိုယ်စားလှယ်သည် ပုဒ်မ ၃၆၉၊ ပုဒ်မခွဲ (ဃ) အတွင်းကျရောက်သည့် လူပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းဖြစ်လျှင်၊

(၃) လျှောက်ထားလွှာသည် ပုဒ်မ ၃၈၃၊ ပုဒ်မခွဲ (ခ) ၏ သတ်မှတ်ချက်များနှင့် ညီညွတ်လျှင်၊

(၄) လျှောက်ထားလွှာကို ပုဒ်မ ၃၇၂ တွင် ဖော်ပြထားသည့်တရားရုံးသို့ တင်သွင်းခဲ့ပြီးဖြစ်လျှင်။

(ခ) နိုင်ငံခြားလူမွဲမှုခင်းကို အောက်ပါအတိုင်း အသိအမှတ်ပြုရမည် -

(၁) မြီစား၏ အဓိကအကျိုးစီးပွားရှိသည့်နိုင်ငံတွင် ဆောင်ရွက်လျက်ရှိလျှင် နိုင်ငံခြားအဓိက လူမွဲမှုခင်း၊

(၂) ပုဒ်မ ၃၆၉၊ ပုဒ်မခွဲ (စ) ပါ မြီစား၏ လုပ်ငန်းခွင်တည်ရှိရာနေရာတွင် ဆောင်ရွက်လျက် ရှိလျှင် နိုင်ငံခြား အဓိကမဟုတ်သည့် လူမွဲမှုခင်း။

(ဂ) နိုင်ငံခြားလူမွဲမှုခင်းအား အသိအမှတ်ပြုပေးရန်လျှောက်လွှာကို ဆောလျင်စွာ ဆုံးဖြတ်ပေးရမည်။

(ဃ) အသိအမှတ်ပြုရန် အကြောင်းရင်းအားလုံး သို့မဟုတ် တစ်စိတ်တစ်ဒေသသည် မရှိတော့ကြောင်း သို့မဟုတ် ရပ်စဲသွားကြောင်း ပေါ်ပေါက်လျှင် အဆိုပါအသိအမှတ်ပြုမှုအား ပြောင်းလဲခြင်း သို့မဟုတ် ရပ်စဲခြင်းကို ပုဒ်မ ၃၈၃၊ ၃၈၄၊ ၃၈၅ နှင့် ၃၈၆ ပါ ပြဋ္ဌာန်းချက်များက ပိတ်ပင်ခြင်း မရှိစေရ။

**နောက်ဆက်တွဲ အချက်အလက်**

၃၈၆။ နိုင်ငံခြားလူမွဲမှုခင်းတစ်ရပ်အား အသိအမှတ်ပြုပေးရန် စတင်လျှောက်ထားချိန်မှစ၍ အောက်ပါ အခြေအနေများ ဖြစ်ပေါ်လျှင် နိုင်ငံခြားကိုယ်စားလှယ်သည် တရားရုံးသို့ ချက်ချင်းတင်ပြရမည်

(က) အသိအမှတ်ပြုထားသည့် နိုင်ငံခြားလူမွဲမှုခင်း၏အခြေအနေ သို့မဟုတ် နိုင်ငံခြားကိုယ်စားလှယ်အား ခန့်ထားမှုအခြေအနေတွင် အဓိကကျသော ပြောင်းလဲမှုဖြစ်ပေါ်ခဲ့လျှင်၊

(ခ) အခြားနိုင်ငံခြားလူမွဲမှုခင်းတစ်ခုခုတွင်လည်း ထိုမြီစား ပါဝင်နေကြောင်း နိုင်ငံခြားကိုယ်စားလှယ်က သိရှိလာလျှင်။

**နိုင်ငံခြားလူမွဲမှုခင်းအား အသိအမှတ်ပြုရန် လျှောက်ထားချက်အပေါ် ပေးအပ်နိုင်သည့်သက်သာခွင့်**

၃၈၇။ (က) နိုင်ငံခြားကိုယ်စားလှယ်၏ လျှောက်ထားချက်အရ မြီစားပိုင်ပစ္စည်း သို့မဟုတ် မြီရှင်များ၏ အကျိုးစီးပွားကို ကာကွယ်ရန် အရေးတကြီး လိုအပ်သည့်အခါ တရားရုံးသည် အသိအမှတ်ပြုပေးရန် လျှောက်လွှာတင်သွင်းချိန်မှစ၍ အဆိုပါလျှောက်လွှာအား ဆုံးဖြတ်ပြီးသည့်အချိန်အထိ အောက်ပါတို့အပါအဝင် ယာယီသက်သာခွင့်ကို ပေးနိုင်သည် -

(၁) မြီစားပိုင်ပစ္စည်းအပေါ် အတည်ပြုဆောင်ရွက်ခြင်းကို ဆိုင်းငံ့ခြင်း၊

(၂) ပစ္စည်း၏ သဘောသဘာဝအရ ပျက်စီးလွယ်သော သို့မဟုတ် တန်ဖိုးကျလွယ်သော သို့မဟုတ် အခြားနည်းဖြင့် ထိခိုက်ပျက်စီးလွယ်သော ဤနိုင်ငံတွင်ရှိသည့် မြီစားပိုင်ပစ္စည်းအားလုံး သို့မဟုတ် တစ်စိတ်တစ်ဒေသကို စီမံခန့်ခွဲရန် သို့မဟုတ် ရောင်းချရန်အတွက် နိုင်ငံခြားကိုယ်စားလှယ် သို့မဟုတ် တရားရုံးမှ ခန့်အပ်ထားသော အခြားသူတစ်ဦးထံသို့ အပ်နှံထားခြင်း၊

(၃) ပုဒ်မ ၃၈၉၊ ပုဒ်မခွဲ (ဂ)၊ (ဃ) နှင့် (ဆ) တွင် ဖော်ပြထားသည့် သက်သာခွင့်တစ်ရပ်ရပ်။

(ခ) ဤဥပဒေအရ အကြောင်းကြားစာပေးပို့ရာတွင် တည်ဆဲဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်နိုင်သည်။

(ဂ) ပေးအပ်ထားသည့်သက်သာခွင့်အား ပုဒ်မ ၃၈၉၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၆) အရ ထပ်မံခွင့်ပြုခြင်းမရှိလျှင် အသိအမှတ်ပြုရန်လျှောက်ထားမှုကို ဆုံးဖြတ်ပြီးသည့်အခါ ဤပုဒ်မအရ ခွင့်ပြုထားသည့် သက်သာခွင့်သည် ရပ်စဲစေရမည်။

(ဃ) တောင်းဆိုသည့်သက်သာခွင့်သည် နိုင်ငံခြားအဓိကလူမွဲမှုခင်းအား စီမံခန့်ခွဲရာတွင် အနှောင့်အယှက်ဖြစ်စေလျှင် တရားရုံးသည် ဤပုဒ်မအရ လျှောက်ထားသည့် သက်သာခွင့်ကို ငြင်းပယ်နိုင်သည်။

**နိုင်ငံခြားအဓိကလူမွဲမှုခင်းအား အသိအမှတ်ပြုခြင်း၏ အကျိုးသက်ရောက်မှုများ**

၃၈၈။ (က) နိုင်ငံခြားအဓိကလူမွဲမှုခင်းအား အသိအမှတ်ပြုသည့်အခါ -

(၁) မြီစားပိုင်ပစ္စည်း၊ အခွင့်အရေး၊ တာဝန်ဝတ္တရားများနှင့်ပတ်သက်သည့် တစ်သီးပုဂ္ဂလလူမွဲမှုခင်း သို့မဟုတ် တစ်သီးပုဂ္ဂလအရေးယူမှု စတင်ဆောင်ရွက်ခြင်း သို့မဟုတ် ဆက်လက်ဆောင်ရွက်ခြင်းတို့သည် ဆိုင်းငံ့စေရမည်။

(၂) မြီစားပိုင်ပစ္စည်းများအပေါ် အတည်ပြုဆောင်ရွက်ခြင်းကို ဆိုင်းငံ့စေရမည်။

(၃) မြီစားပိုင်ပစ္စည်းတစ်ရပ်ရပ်ကို လွှဲပြောင်းသည့်၊ ကြွေးမြီတာဝန်ဖြစ်စေသည့် သို့မဟုတ် အခြားနည်းဖြင့်စီမံခန့်ခွဲသည့် အခွင့်အရေးများသည် ရပ်ဆိုင်းစေရမည်။

(ခ) ပုဒ်မခွဲ (က) တွင် ဖော်ပြထားသည့် ဆိုင်းငံ့ခြင်းနှင့် ရပ်ဆိုင်းခြင်းတို့အပေါ် ပြင်ဆင်ပြောင်းလဲခြင်း သို့မဟုတ် အဆုံးသတ်ခြင်းတို့သည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ဆန့်ကျင်ခြင်းမရှိစေရ၊

(ဂ) မြီစားအပေါ် တောင်းဆိုသည့် သက်သာခွင့်အား ကာကွယ်စောင့်ရှောက်ရန် လိုအပ်သည့် အတိုင်းအတာအထိမှအပ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၁) သည် တစ်သီးပုဂ္ဂလအရေးယူဆောင်ရွက်ရန် သို့မဟုတ် လူမွဲမှုခင်းစတင်ဆောင်ရွက်ရန် အခွင့်အရေးများကို ထိခိုက်ခြင်းမရှိစေရ၊

(ဃ) ပုဒ်မခွဲ (က) ပါ ပြဋ္ဌာန်းချက်များသည် ဤဥပဒေအရ လူမွဲမှုခင်းစတင်ဆောင်ရွက်ရန် တောင်းဆိုပိုင်ခွင့် အခွင့်အရေး သို့မဟုတ် ယင်းလူမွဲမှုခင်းတွင် တောင်းဆိုမှုတင်သွင်းနိုင်သည့် အခွင့်အရေးကို မထိခိုက်စေရ။

## နိုင်ငံခြားလူမွဲမှုခင်းကို အသိအမှတ်ပြုခြင်းအပေါ် ပေးအပ်သည့် သက်သာခွင့်

၃၈၉။ (က) နိုင်ငံခြားအဓိကလူမွဲမှုခင်းတွင်ဖြစ်စေ၊ နိုင်ငံခြားအဓိကမဟုတ်သည့် လူမွဲမှုခင်းတွင်ဖြစ်စေ မြီစား၏ပစ္စည်း သို့မဟုတ် မြီရှင်များ၏အကျိုးစီးပွားကိုကာကွယ်ရန် လိုအပ်လျှင် နိုင်ငံခြားကိုယ်စားလှယ်၏လျှောက်ထားချက်အရ တရားရုံးသည် အောက်ပါ သက်သာခွင့်များ အပါအဝင် သင့်တော်သည့် သက်သာခွင့်တစ်ရပ်ရပ်ကို ခွင့်ပြုနိုင်သည် -

(၁) ပုဒ်မ ၃၈၈၊ ပုဒ်မခွဲ (က) အရ ဆိုင်းငံ့ထားခြင်းမရှိသေးလျှင် မြီစား၏ပစ္စည်း၊ အခွင့်အရေး၊ တာဝန်၊ တာဝန်ရှိမှုများနှင့်စပ်လျဉ်းသည့် တစ်သီးပုဂ္ဂလ အရေးယူဆောင်ရွက်မှု သို့မဟုတ် တစ်သီးပုဂ္ဂလ လူမွဲမှုခင်း စတင်စွဲဆိုခြင်း သို့မဟုတ် ဆက်လက်ဆောင်ရွက်ခြင်းကို ဆိုင်းငံ့ခြင်း၊

(၂) ပုဒ်မ ၃၈၈၊ ပုဒ်မခွဲ (က) ပုဒ်မခွဲငယ် (၂) အရ ဆိုင်းငံ့ထားခြင်းမရှိသေးသည့် မြီစား၏ ပစ္စည်းအပေါ်တွင် အတည်ပြုဆောင်ရွက်ခြင်းကို ဆိုင်းငံ့ခြင်း၊

(၃) ပုဒ်မ ၃၈၈၊ ပုဒ်မခွဲ (က) ပုဒ်မခွဲငယ် (၃) အရ ရပ်ဆိုင်းထားခြင်းမရှိသေးသည့် မြီစား၏ ပစ္စည်းတစ်ခုခုကိုလွှဲပြောင်းခြင်း၊ ကြွေးမြီတာဝန်ဖြစ်စေခြင်း သို့မဟုတ် အခြားနည်းဖြင့် စီမံခန့်ခွဲခြင်းကို ရပ်ဆိုင်းခြင်း၊

(၄) သက်သေစစ်မေးရန်နှင့် သက်သေခံချက်ရယူရန် ခွင့်ပြုပေးခြင်း သို့မဟုတ် မြီစား၏ ပစ္စည်းများ၊ လုပ်ငန်းကိစ္စရပ်များ၊ အခွင့်အရေးများ၊ တာဝန်ဝတ္တရားများနှင့် ပတ်သက်သည့် အချက်အလက်များ လွှဲပြောင်းပေးအပ်ခြင်း၊

(၅) နိုင်ငံတော်အတွင်းရှိ မြီစားပိုင် ပစ္စည်းအားလုံး သို့မဟုတ် တစ်စိတ်တစ်ဒေသကို စီမံခန့်ခွဲရန် သို့မဟုတ် ထုခွဲရောင်းချရန်အတွက် နိုင်ငံခြားကိုယ်စားလှယ် သို့မဟုတ် တရားရုံးမှခန့်အပ်ထားသော အခြားသူတစ်ဦးထံသို့ အပ်နှံခြင်း၊

(၆) ပုဒ်မ ၃၈၇၊ ပုဒ်မခွဲ (က) ပုဒ်မခွဲ (၁) အရ ခွင့်ပြုထားသည့်ဆိုင်းငံ့ကာလကို တိုးမြှင့်ခြင်း၊

(၇) နိုင်ငံတော်၏တည်ဆဲဥပဒေများအရ လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူက ဆောင်ရွက်နိုင်သည့် နောက်ဆက်တွဲသက်သာခွင့်ကိုပေးခြင်း။

(ခ) နိုင်ငံခြားအဓိကလူမွဲမှုခင်း သို့မဟုတ် နိုင်ငံခြားအဓိကမဟုတ်သည့်လူမွဲမှုခင်းအား အသိအမှတ်ပြုသည့်အခါတွင် တရားရုံးသည် နိုင်ငံတော်အတွင်းရှိ မြီရှင်များ၏အကျိုးစီးပွားကို လုံလောက်စွာ အကာအကွယ်ပေးထားသည်ဟု ကျေနပ်ပါက နိုင်ငံခြားကိုယ်စားလှယ်၏ လျှောက်ထားချက်အရ နိုင်ငံတော်အတွင်းရှိ မြီစားပိုင်ပစ္စည်းများအားလုံး သို့မဟုတ် တစ်စိတ်တစ်ဒေသကို စီမံရန် နိုင်ငံခြားကိုယ်စားလှယ် သို့မဟုတ် တရားရုံးက ခန့်အပ်ထားသည့် အခြားပုဂ္ဂိုလ်တစ်ဦးထံသို့ အပ်နှံနိုင်သည်။

(ဂ) နိုင်ငံခြားအဓိကမဟုတ်သည့်လူမွဲမှုခင်း၏ ကိုယ်စားလှယ်အား ဤပုဒ်မအရ သက်သာခွင့်ပေးရာတွင် ထိုလူမွဲမှုခင်းတွင် ဤဥပဒေအရ စီမံခန့်ခွဲသင့်သော လူမွဲပိုင် ပစ္စည်းစာရင်းနှင့် ဆက်စပ်နေသည့် သက်သာခွင့်ဖြစ်ကြောင်း သို့မဟုတ် ထိုမှုခင်းတွင် လိုအပ်သည့် အချက်အလက်များကို စီမံခန့်ခွဲသင့်ကြောင်း တရားရုံးက ကျေနပ်ရမည်။

## မြီရှင်များနှင့်အခြားအကျိုးသက်ဆိုင်သူများအား ကာကွယ်ခြင်း

၃၉၀။ (က) ပုဒ်မ ၃၈၇ သို့မဟုတ် ပုဒ်မ ၃၈၉ အရ သက်သာခွင့်ပေးခြင်း သို့မဟုတ် ငြင်းဆိုခြင်း သို့မဟုတ် ဤပုဒ်မ၏ ပုဒ်မခွဲ (ဂ) အရ သက်သာခွင့်ကို ပြောင်းလဲခြင်း သို့မဟုတ် ရပ်စဲခြင်းပြုရာတွင် တရားရုံးသည် မြီစားအပါအဝင် မြီရှင်များနှင့်အခြားအကျိုးသက်ဆိုင်သူများ၏ အကျိုးစီးပွားကို လုံလောက်စွာကာကွယ်ပေးထားပြီးဖြစ်ကြောင်း ကျေနပ်ရမည်။

(ခ) ပုဒ်မ ၃၈၇ သို့မဟုတ် ပုဒ်မ ၃၈၉ အရ သက်သာခွင့်တစ်ရပ်ရပ်ကို ခွင့်ပြုရာတွင် တရားရုံးက သင့်သည်ထင်မြင်သည့် စည်းကမ်းချက်များကို သတ်မှတ်နိုင်သည်။

(ဂ) ပုဒ်မ ၃၈၇ သို့မဟုတ် ပုဒ်မ ၃၈၉ အရ ပေးအပ်ထားသည့် သက်သာခွင့်အရ အကျိုးထိခိုက်သူ သို့မဟုတ် နိုင်ငံခြားကိုယ်စားလှယ်၏ လျှောက်ထားချက်အရဖြစ်စေ၊ တရားရုံး၏ ဆင်ခြင်တုံ တရားအရဖြစ်စေ တရားရုံးသည် အဆိုပါသက်သာခွင့်ကို ပြောင်းလဲနိုင်သည် သို့မဟုတ် ရပ်စဲနိုင်သည်။

**မြီရှင်များ၏အကျိုးနစ်နာပျက်စီးဆုံးရှုံးမှုဖြစ်စေမည့် ဆောင်ရွက်ချက်များကိုရှောင်ရှားရန်ဆောင်ရွက်မှုများ**

၃၉၁။ (က) နိုင်ငံခြားလူမွဲမှုခင်းအား အသိအမှတ်ပြုသည့်အခါ မြီရှင်များ၏ အကျိုးစီးပွားများကို ထိခိုက်နစ်နာစေသော ပြုလုပ်မှုများအား အကျိုးသက်ရောက်မှုမရှိစေရန် သို့မဟုတ် ရှောင်ရှားရန် ဤဥပဒေအရ လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူက ရရှိနိုင်သော အရေးယူဆောင်ရွက်ခွင့်များကို နိုင်ငံခြားကိုယ်စားလှယ်သည် ရရှိစေရမည်။

(ခ) နိုင်ငံခြားလူမွဲမှုခင်းတစ်ရပ်သည် နိုင်ငံခြားအဓိကမဟုတ်သည့်လူမွဲမှုခင်းဖြစ်သည့်ကိစ္စတွင် အရေးယူဆောင်ရွက်ချက်တစ်ရပ်သည် ဤဥပဒေအရ နိုင်ငံခြားအဓိကမဟုတ်သည့် လူမွဲမှုခင်း၌ စီမံခန့်ခွဲရမည့် လူမွဲပိုင်ပစ္စည်းနှင့် ဆက်စပ်နေကြောင်း တရားရုံးက ကျေနပ်ရမည်။

**နိုင်ငံတော်အတွင်းရှိ လူမွဲမှုခင်းတွင် နိုင်ငံခြားကိုယ်စားလှယ်က ဝင်ရောက်ဆောင်ရွက်ခြင်း**

၃၉၂။ နိုင်ငံခြားလူမွဲမှုခင်းကို အသိအမှတ်ပြုသည့်အခါ ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီပါက နိုင်ငံခြားကိုယ်စားလှယ်သည် မြီစားကအမှုသည်အဖြစ်ပါဝင်သည့် မည်သည့် လူမွဲမှုခင်းတွင်မဆို ပါဝင်ဆောင်ရွက်နိုင်သည်။

## အခန်း (၅)

## နိုင်ငံခြားတရားရုံးများ၊ နိုင်ငံခြားကိုယ်စားလှယ်များနှင့် ပူးပေါင်းဆောင်ရွက်ခြင်း

**နိုင်ငံခြားတရားရုံးများ သို့မဟုတ် နိုင်ငံခြားကိုယ်စားလှယ်များနှင့် နိုင်ငံတော်ရှိတရားရုံးတို့ ပူးပေါင်းဆောင်ရွက်ခြင်းနှင့် တိုက်ရိုက်ဆက်သွယ်ခြင်း**

၃၉၃။ (က) ပုဒ်မ ၃၇၀ တွင်ဖော်ပြထားသည့်ကိစ္စများ၌ တရားရုံးသည် နိုင်ငံခြားတရားရုံးများ သို့မဟုတ် နိုင်ငံခြားကိုယ်စားလှယ်များနှင့် တတ်နိုင်သမျှ တိုက်ရိုက်ဖြစ်စေ သို့မဟုတ် မှတ်ပုံတင်ထားသည့် လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူမှတစ်ဆင့်ဖြစ်စေ ဆက်သွယ်ဆောင်ရွက်ရမည်။

(ခ) တရားရုံးသည် နိုင်ငံခြားတရားရုံး သို့မဟုတ် နိုင်ငံခြားကိုယ်စားလှယ်နှင့် တိုက်ရိုက်ဆက်သွယ်ခွင့်ရှိသကဲ့သို့ လိုအပ်သည့်အကူအညီနှင့် သတင်းအချက်များကို တောင်းခံပိုင်ခွင့်ရှိသည်။

**မှတ်ပုံတင်ထားသည့် လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူနှင့် နိုင်ငံခြားတရားရုံးများ သို့မဟုတ် နိုင်ငံခြားကိုယ်စားလှယ်များအကြား ပူးပေါင်းဆောင်ရွက်ခြင်းနှင့် တိုက်ရိုက်ဆက်သွယ်ခြင်း**

၃၉၄။ (က) ပုဒ်မ ၃၇၀ တွင် ပြဋ္ဌာန်းထားသည့်ကိစ္စများတွင် မှတ်ပုံတင်ထားသည့်လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူသည် တရားရုံး၏ကြီးကြပ်မှုဖြင့် ယင်း၏လုပ်ငန်းတာဝန်များဆောင်ရွက်ရာတွင် နိုင်ငံခြားတရားရုံးများ သို့မဟုတ် နိုင်ငံခြားကိုယ်စားလှယ်များနှင့် တတ်နိုင်သမျှ တိုက်ရိုက်ပူးပေါင်းဆောင်ရွက်ရမည်။

(ခ) ပုဒ်မ ၃၇၀ တွင် ပြဋ္ဌာန်းထားသည့်ကိစ္စများ၌ မှတ်ပုံတင်ထားသည့်လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူသည် တရားရုံး၏ ကြီးကြပ်မှုဖြင့် ယင်း၏လုပ်ငန်းတာဝန်များ ဆောင်ရွက်ရာတွင် နိုင်ငံခြားတရားရုံးများ သို့မဟုတ် နိုင်ငံခြားကိုယ်စားလှယ်များနှင့် ဆက်သွယ်ဆောင်ရွက်ခွင့်ရှိသည်။

**ပူးပေါင်းဆောင်ရွက်မှုနည်းလမ်းများ**

၃၉၅။ ပုဒ်မ ၃၉၃ နှင့် ပုဒ်မ ၃၉၄ တွင် ဖော်ပြထားသည့်ပူးပေါင်းဆောင်ရွက်မှုကို အောက်ပါသင့်တော်သော နည်းလမ်းတစ်ခုခုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်စေနိုင်သည် -

(က) လူပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းအား တရားရုံး၏ညွှန်ကြားချက်နှင့်အညီ ဆောင်ရွက်စေရန်ခန့်အပ်ခြင်း၊

(ခ) တရားရုံးက သင့်လျော်သည်ဟု ယူဆသည့် နည်းလမ်းများဖြင့် သတင်းအချက်အလက်များကို ဆက်သွယ်ပြောကြားခြင်း၊

(ဂ) မြီစားပိုင်ပစ္စည်းများနှင့် လုပ်ငန်းကိစ္စများကို စီမံခန့်ခွဲရာတွင်လည်းကောင်း၊ ကြီးကြပ်ရာတွင် လည်းကောင်း ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဃ) လူမွဲမှုခင်းများတွင် ပူးပေါင်းဆောင်ရွက်ရာ၌ တရားရုံးများအကြား သဘောတူညီချက်ဖြင့် အတည်ပြုခြင်း သို့မဟုတ် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(င) မြီစားတစ်ဦးတည်းအပေါ်တွင် တစ်ပြိုင်တည်းဆောင်ရွက်နေသည့် လူမွဲမှုခင်းများ၌ ပူးပေါင်း ဆောင်ရွက်ခြင်း၊

(စ) ပြည်ထောင်စုတရားသူကြီးချုပ်က အခါအားလျော်စွာ သတ်မှတ်သည့်နည်းလမ်းများနှင့်အညီ ပူးပေါင်းဆောင်ရွက်ခြင်း။

## အခန်း (၆)

## တစ်ပြိုင်တည်း ဆောင်ရွက်နေသည့် လူမွဲမှုခင်းများ

**နိုင်ငံခြားအဓိကလူမွဲမှုခင်းကို အသိအမှတ်ပြုပြီးနောက် ဤဥပဒေအရ လူမွဲမှုခင်းစတင်ခြင်း**

၃၉၆။ နိုင်ငံခြားအဓိကလူမွဲမှုခင်းအား အသိအမှတ်ပြုပြီးနောက် နိုင်ငံတော်အတွင်း မြီစားပိုင်ပစ္စည်းရှိမှ သာလျှင် ဤဥပဒေအရ မှုခင်းကို စတင်ဆောင်ရွက်နိုင်သည်။ လူမွဲမှုခင်းသည် နိုင်ငံတော်အတွင်းရှိသည့် မြီစားပိုင်ပစ္စည်းများအပေါ်တွင်သာ သက်ရောက်စေရမည်။ သို့ရာတွင် ဤဥပဒေအရ လူမွဲမှုခင်းအပေါ်တွင် စီမံခန့်ခွဲရမည့် မြီစားပိုင်အခြားပစ္စည်းများအပေါ်တွင် ပုဒ်မ ၃၉၃၊ ၃၉၄ နှင့် ၃၉၅ တို့အရ ပူးပေါင်း ညှိနှိုင်းဆောင်ရွက်ရန် လိုအပ်သည့် အတိုင်းအတာထိသာ သက်ရောက်စေရမည်။

**ဤဥပဒေအရဆောင်ရွက်သည့်လူမွဲမှုခင်းနှင့် နိုင်ငံခြားလူမွဲမှုခင်းအကြား ပူးပေါင်းဆောင်ရွက်ခြင်း**

၃၉၇။ မြီစားတစ်ဦးတည်းအပေါ် ဤဥပဒေအရလူမွဲမှုခင်းနှင့် နိုင်ငံခြားလူမွဲမှုခင်းတို့ တစ်ပြိုင်တည်း ဆောင်ရွက်နေလျှင် အောက်ပါပြဋ္ဌာန်းချက်များကို လိုက်နာလျက် တရားရုံးသည် ပုဒ်မ ၃၉၃၊ ၃၉၄ နှင့် ၃၉၅ တို့အရ ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရမည် -

(က) နိုင်ငံခြားလူမွဲမှုခင်းအား အသိအမှတ်ပြုပေးရန် လျှောက်ထားသည့်အချိန်တွင် နိုင်ငံတော်အတွင်း၌ လူမွဲမှုခင်းအား စစ်ဆေးဆောင်ရွက်နေပါက -

(၁) ပုဒ်မ ၃၈၇ သို့မဟုတ် ပုဒ်မ ၃၈၉ အရ ပေးအပ်သည့်သက်သာခွင့်သည် နိုင်ငံတော်အတွင်းရှိ လူမွဲမှုခင်းနှင့် မဆန့်ကျင်စေရ၊

(၂) နိုင်ငံခြားလူမွဲမှုခင်းအား နိုင်ငံတော်အတွင်း နိုင်ငံခြားအဓိကလူမွဲမှုခင်းအဖြစ် အသိအမှတ် ပြုပါက ပုဒ်မ ၃၈၈ သည် သက်ဆိုင်ခြင်း မရှိစေရ။

(ခ) နိုင်ငံခြားလူမွဲမှုခင်းကို အသိအမှတ်ပြုပြီးနောက် သို့မဟုတ် အသိအမှတ်ပြုရန် လျှောက်ထား ပြီးနောက် နိုင်ငံတော်အတွင်း၌ လူမွဲမှုခင်းကို စတင်စွဲဆိုလျှင် -

(၁) ပုဒ်မ ၃၈၇ သို့မဟုတ် ပုဒ်မ ၃၈၉ အရ ခွင့်ပြုခဲ့သည့်သက်သာခွင့်အား ပြန်လည်သုံးသပ် ရမည်။ ယင်းသက်သာခွင့်သည် နိုင်ငံတော်ရှိ လူမွဲမှုခင်းနှင့် ကိုက်ညီမှုမရှိလျှင် လိုအပ်သလို ပြင်ဆင်ခြင်း သို့မဟုတ် ရပ်စဲခြင်းပြုရမည်။

(၂) နိုင်ငံခြားလူမွဲမှုခင်းသည် နိုင်ငံခြားအဓိကလူမွဲမှုခင်းဖြစ်ပြီး မြန်မာနိုင်ငံရှိ လူမွဲမှုခင်းနှင့် ကိုက်ညီမှုမရှိလျှင် ပုဒ်မ ၃၈၈၊ ပုဒ်မခွဲ (က) အရ ဆိုင်းငံ့ခြင်းနှင့် ရပ်ဆိုင်းခြင်းအား ပုဒ်မ ၃၈၈၊ ပုဒ်မခွဲ (ခ) နှင့်အညီ ပြောင်းလဲခြင်းနှင့် ရပ်စဲခြင်းပြုလုပ်ရမည်။

(ဂ) နိုင်ငံခြားအဓိကမဟုတ်သည့်လူမွဲမှုခင်း၏ ကိုယ်စားလှယ်အား ဤဥပဒေအရ သက်သာခွင့်ပေးခြင်း၊ ယင်းသက်သာခွင့်အား တိုးချဲ့ခြင်း သို့မဟုတ် ပြောင်းလဲခြင်းပြုရာတွင် ထိုလူမွဲမှုခင်း၌ ဤဥပဒေအရ စီမံခန့်ခွဲသင့်သော လူမွဲပိုင်ပစ္စည်းစာရင်းနှင့်ဆက်စပ်နေသည့် သက်သာခွင့်ဖြစ်ကြောင်း သို့မဟုတ် ထိုမှုခင်းတွင် လိုအပ်သည့်အချက်အလက်များကို စီမံခန့်ခွဲသင့်ကြောင်း တရားရုံးက ကျေနပ်ရမည်။

**တစ်ခုထက်ပိုသော နိုင်ငံခြားလူမွဲမှုခင်းများတွင် ညှိနှိုင်းဆောင်ရွက်ခြင်း**

၃၉၈။ ပုဒ်မ ၃၇၀ တွင် ပြဋ္ဌာန်းထားသည့်ကိစ္စများ၌ မြီစားတစ်ဦးတည်းအပေါ်တွင် နိုင်ငံခြားလူမွဲမှုခင်း တစ်ခုထက်ပို၍ စွဲဆိုဆောင်ရွက်လျှင် အောက်ပါပြဋ္ဌာန်းချက်များကိုလိုက်နာလျက် တရားရုံးသည် ပုဒ်မ ၃၉၃၊ ၃၉၄၊ ၃၉၅ နှင့် ၃၉၆ အရ ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရမည် -

(က) နိုင်ငံခြားအဓိကလူမွဲမှုခင်းကို အသိအမှတ်ပြုပြီးနောက် နိုင်ငံခြားအဓိက မဟုတ်သည့်လူမွဲမှုခင်း၏ ကိုယ်စားလှယ်ကို ပုဒ်မ ၃၈၇ သို့မဟုတ် ပုဒ်မ ၃၈၉ အရ ပေးသည့်သက်သာခွင့်သည် နိုင်ငံခြား အဓိကလူမွဲမှုခင်းနှင့် မဆန့်ကျင်စေရ။

(ခ) နိုင်ငံခြားအဓိကမဟုတ်သည့် လူမွဲမှုခင်းကို အသိအမှတ်ပြုပြီးနောက် သို့မဟုတ် ထိုလူမွဲမှုခင်းအား အသိအမှတ်ပြုရန် လျှောက်ထားပြီးနောက် နိုင်ငံခြားအဓိကလူမွဲမှုခင်းကို အသိအမှတ်ပြုလျှင် ပုဒ်မ ၃၈၇ သို့မဟုတ် ပုဒ်မ ၃၈၉ အရ ခွင့်ပြုခဲ့သည့် သက်သာခွင့်အား ပြန်လည်သုံးသပ်ရမည်။ ယင်းသက်သာခွင့်သည် နိုင်ငံခြားအဓိကလူမွဲမှုခင်းနှင့် ကိုက်ညီမှုမရှိလျှင် လိုအပ်သလို ပြင်ဆင်ခြင်း သို့မဟုတ် ရပ်စဲခြင်းပြုရမည်။

(ဂ) နိုင်ငံခြားအဓိကမဟုတ်သည့် လူမွဲမှုခင်းတစ်ရပ်အား အသိအမှတ်ပြုပြီးနောက် အခြားနိုင်ငံခြား အဓိကမဟုတ်သည့်လူမွဲမှုခင်းအား ထပ်မံအသိအမှတ်ပြုခဲ့လျှင် တရားရုံးသည် ယင်းလူမွဲမှုခင်းများ၌ ညှိနှိုင်းဆောင်ရွက်ပေးရန်အလို့ငှာ သက်သာခွင့်ပေးအပ်ခြင်း၊ ယင်းသက်သာခွင့်အား ပြောင်းလဲခြင်း သို့မဟုတ် ရပ်စဲခြင်း ပြုနိုင်သည်။

**နိုင်ငံခြားအဓိကလူမွဲမှုခင်းအား အသိအမှတ်ပြုခြင်းကိုအခြေခံ၍ ကြွေးမြီမပေးဆပ်နိုင်ဟု မှတ်ယူခြင်း**

၃၉၉။ ဆန့်ကျင်ကွဲလွဲသည့် သက်သေခံအထောက်အထားမရှိပါက လူမွဲမှုခင်းတစ်ရပ်အား အသိအမှတ်ပြုရန် အလို့ငှာ မြန်မာနိုင်ငံလူမွဲခံယူခြင်းဆိုင်ရာဥပဒေအရ နိုင်ငံခြားအဓိကလူမွဲမှုခင်းအား အသိအမှတ်ပြုခြင်းသည် မြီစားသည် ကြွေးမြီမပေးဆပ်နိုင်သူဟု သက်သေထင်ရှားပြီး ဖြစ်စေရမည်။

**တစ်ပြိုင်တည်းစွဲဆိုဆောင်ရွက်နေသည့်လူမွဲမှုခင်းများတွင် ငွေပေးချေခြင်းနည်းလမ်း**

၄၀၀။ အာမခံထားသောပစ္စည်းအပေါ် တောင်းဆိုခွင့် သို့မဟုတ် အခွင့်အရေးကို မထိခိုက်စေဘဲ နိုင်ငံခြား တိုင်းပြည်တစ်ပြည်၏ လူမွဲခံယူခြင်းဆိုင်ရာဥပဒေအရ မြီစားတစ်ဦးတည်းအပေါ်တွင်စွဲဆိုသည့် လူမွဲမှုခင်း မြီရှင်သည် အခြားသောဦးစားပေးအဆင့်တူညီသည့် မြီရှင်များထက်ပို၍ ငွေလက်ခံရရှိပြီးဖြစ်လျှင် ယင်းမြီစားနှင့်ပတ်သက်သည့် မြန်မာနိုင်ငံတွင် စွဲဆိုသည့် လူမွဲမှုခင်းတွင် ထပ်မံတောင်းဆိုပိုင်ခွင့်မရှိစေရ။

## အပိုင်း (၁၁)

## အထွေထွေပြဋ္ဌာန်းချက်များ

### အခန်း (၁)

### စီရင်ပိုင်ခွင့်များ

**တရားရုံးများ၏စီရင်ပိုင်ခွင့်များ**

၄၀၁။ ဤဥပဒေအရ စီရင်ပိုင်ခွင့်အာဏာရှိသောတရားရုံးသည် တိုင်းဒေသကြီးတရားလွှတ်တော် သို့မဟုတ် ပြည်နယ်တရားလွှတ်တော်ဖြစ်သည်။ သို့ရာတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ခရိုင်တရားရုံး တစ်ရုံးရုံးသို့ စီရင်ပိုင်ခွင့်အာဏာအပ်နှင်းနိုင်သည်။

**ရဲအရေးမပိုင်သည့်အမှုများ**

၄၀၂။ ဤဥပဒေပါ ရာဇဝတ်မှုအားလုံးသည် ရဲအရေးယူပိုင်ခွင့်မရှိသော အမှုများဖြစ်သည်ဟု မှတ်ယူရမည်။

**အယူခံမှုများနှင့်အယူခံရန်အတွက်စီရင်ပိုင်ခွင့်**

၄၀၃။ (က) ဤဥပဒေအရချမှတ်သော တရားရုံး၏အမိန့်တစ်ရပ်ကြောင့် နစ်နာသူသည် ထိုအမိန့်ကိုလက်ခံရရှိပြီးနောက် အလုပ်လုပ်ကိုင်ရက် ၃၀ ရက်အတွင်း သက်ဆိုင်ရာ စီရင်ပိုင်ခွင့်ရှိတရားရုံးသို့ အယူခံဝင်ရောက်နိုင်သည်။

(ခ) သတ်မှတ်ထားသည့်ကာလအတွင်း အယူခံတင်သွင်းရန် ပျက်ကွက်ခြင်းမှာ လုံလောက်သော အကြောင်းရှိသည်ဟုယုံကြည်ပါက သက်ဆိုင်ရာတရားရုံးသည် အယူခံလျှောက်လွှာအား သတ်မှတ်ထားသည့်ကာလကျော်လွန်၍ တင်သွင်းခြင်းကို လက်ခံနိုင်သည်။ သို့ရာတွင် ထပ်မံခွင့်ပြုသောကာလသည် နောက်ထပ်အလုပ်လုပ်ကိုင်ရက် ၃၀ ရက်ထက် ကျော်လွန်ခြင်း မရှိစေရ။

## အခန်း (၂၂)

## မှုခင်းများဆောင်ရွက်ခြင်း

**အချို့သောမှုခင်းကိစ္စများတွင် တရားရုံးက သက်သာခွင့်ပေးအပ်နိုင်သည့် အခွင့်အာဏာ**

၄၀၄။ (က) ဤဥပဒေအရ တာဝန်ရှိမှုတစ်ရပ်ရပ်နှင့်စပ်လျဉ်းသည့်ကိစ္စရပ်အပါအဝင် ပေါ့လျော့မှု၊ ပျက်ကွက်မှု၊ ဆန့်ကျင်ဆောင်ရွက်မှုများ၊ ဤပုဒ်မပါ ပြဋ္ဌာန်းချက်များနှင့်သက်ဆိုင်သည့် ပုဂ္ဂိုလ်တစ်ဦးဦးအပေါ် ဆောင်ရွက်ပေးရမည့်တာဝန်ကို ချိုးဖောက်မှု သို့မဟုတ် ယုံကြည်အပ်နှံရေးဖောက်ဖျက်မှုများအတွက် စွဲဆိုဆောင်ရွက်သည့်မှုခင်းကိစ္စရပ်များတွင် အဆိုပါကိစ္စရပ်များကို ကြားနာသည့် တရားရုံး၌ ထိုပုဂ္ဂိုလ်သည် ပေါ့လျော့မှု၊ ပျက်ကွက်မှု၊ ဆန့်ကျင်ဆောင်ရွက်မှု၊ ဆောင်ရွက်ပေးရမည့်တာဝန်အား ချိုးဖောက်မှု သို့မဟုတ် ယုံကြည်အပ်နှံရေးဖောက်ဖျက်မှုများအတွက် တာဝန်ရှိကြောင်း သို့မဟုတ် တာဝန်ရှိနိုင်ကြောင်း သို့သော် ၎င်းအား ခန့်အပ်ခြင်းနှင့် သက်ဆိုင်သည့်ကိစ္စရပ်အပါအဝင် မှုခင်းကိစ္စရပ်အားလုံးတွင် သဘောရိုးဖြင့် လျော်ကန်သင့်မြတ်သည့်အတိုင်း ဆောင်ရွက်ခဲ့ကြောင်း၊ ပေါ့လျော့မှု၊ ပျက်ကွက်မှု၊ ဆန့်ကျင်ဆောင်ရွက်မှု၊ ဆောင်ရွက်ပေးရမည့်တာဝန်အား ချိုးဖောက်မှု သို့မဟုတ် ယုံကြည်အပ်နှံရေးဖောက်ဖျက်မှုများအတွက် ၎င်းအပေါ်တွင် မျှတစွာ စီရင်ဆောင်ရွက်သင့်ကြောင်း တွေ့ရှိရလျှင် ယင်းတရားရုံးသည် သင့်သည်ထင်မြင်သည့် စည်းကမ်းချက်များဖြင့် ထိုပုဂ္ဂိုလ်အား ၎င်း၏ တာဝန်ရှိမှုမှ အားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ သက်သာခွင့်ပြုနိုင်သည်။

(ခ) ဤပုဒ်မပါ ပြဋ္ဌာန်းချက်များနှင့်သက်ဆိုင်သည့် ပုဂ္ဂိုလ်တစ်ဦးဦးသည် ဤဥပဒေအရ တာဝန်ရှိမှုတစ်ရပ်ရပ်နှင့်စပ်လျဉ်းသည့်ကိစ္စရပ်အပါအဝင် ပေါ့လျော့မှု၊ ပျက်ကွက်မှု၊ ဆန့်ကျင်ဆောင်ရွက်မှု၊ ဆောင်ရွက်ပေးရမည့် တာဝန်အား ချိုးဖောက်မှု သို့မဟုတ် ယုံကြည်အပ်နှံရေးဖောက်ဖျက်မှုများအတွက် ၎င်းအပေါ်တွင် မှုခင်းတစ်ရပ်ရပ်ကို စွဲဆိုမည်ဟု ယုံကြည်ရန် အကြောင်းရှိလျှင် ထိုသူသည် သက်သာခွင့်ကို ရရှိရန်အတွက် တရားရုံးသို့ တင်ပြတောင်းခံနိုင်သည်။ အဆိုပါလျှောက်ထားမှုကို လက်ခံရရှိသည့်အခါ တရားရုံးသည် အကယ်၍ ထိုပေါ့လျော့မှု၊ ပျက်ကွက်မှု၊ ဆန့်ကျင်ဆောင်ရွက်မှု၊ ဆောင်ရွက်ပေးရမည့်တာဝန်အား ချိုးဖောက်မှု သို့မဟုတ် ယုံကြည်အပ်နှံရေး ဖောက်ဖျက်မှုများအတွက် ထိုသူအပေါ် စွဲဆိုမှုများတွင် ဤပုဒ်မပါ ပြဋ္ဌာန်းချက်များအရ သက်သာခွင့်ကို ခွင့်ပြုနိုင်သည်။

(ဂ) ဤပုဒ်မပါ ပြဋ္ဌာန်းချက်များနှင့်သက်ဆိုင်သော ပုဂ္ဂိုလ်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(၁) ကုမ္ပဏီ၏ဒါရိုက်တာများ၊

(၂) ကုမ္ပဏီ၏အခြားအရာရှိများ၊

(၃) လူမွဲ၊

(၄) ကုမ္ပဏီ သို့မဟုတ် လူမွဲပိုင်ပစ္စည်းနှင့်စပ်လျဉ်း၍ ခန့်ထားသော ပစ္စည်းထိန်းတစ်ဦးနှင့်

(၅) ဤဥပဒေအရတာဝန်များကို ထမ်းဆောင်ရန် ခန့်အပ်ထားသော လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူတစ်ဦးဦး။

**တရားစွဲဆိုရန်အတွက် ကာလစည်းကမ်းသတ်အချိန်**

၄၀၅။ အခြားသက်ဆိုင်ရာ ဥပဒေတစ်ရပ်ရပ်တွင် မည်သို့ပင်ပါရှိစေကာမူ ဤဥပဒေပါ ကျူးလွန်မှုတစ်ရပ်ရပ်အတွက် တရားစွဲဆိုမှုများကိုကျူးလွန်သည်ဟု စွပ်စွဲခံရသော ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှု စတင်သည့်နေ့မှ ခြောက်နှစ်အတွင်း တရားစွဲဆိုရမည်။

**ဒဏ်ကြေးငွေပေးဆောင်စေရန် အကြောင်းကြားစာ**

၄၀၆။ (က) ကုမ္ပဏီတစ်ခုနှင့်စပ်လျဉ်းသည့် ဤဥပဒေပါ ကျူးလွန်မှုတစ်ရပ်ရပ်အတွက် ဒဏ်ကြေးငွေကို အတိအလင်းသတ်မှတ်ဖော်ပြထားပြီး ထိုကျူးလွန်မှုတစ်ရပ် (နောင်တွင် ဤပုဒ်မ၌ သတ်မှတ်ဖော်ပြထားသောကျူးလွန်မှုဟု ခေါ်တွင်မည်) ကို ပုဂ္ဂိုလ်တစ်ဦးဦးက ကျူးလွန်ခဲ့သည်ဟု မှတ်ပုံတင်အရာရှိက ယုံကြည်ရန် အကြောင်းရှိလျှင် ၎င်းသည်ကျူးလွန်သူအား အောက်ပါအချက်အလက်များ ပါဝင်သော အကြောင်းကြားစာကိုသတ်မှတ်ထားသည့်ပုံစံနှင့်အညီ ပေးပို့နိုင်သည် -

(၁) သတ်မှတ်ဖော်ပြထားသည့် ကျူးလွန်မှုနှင့်ပတ်သက်သော အချက်အလက်များနှင့်တကွ စွပ်စွဲဖော်ပြချက်၊

(၂) သတ်မှတ်ဖော်ပြထားသည့် ကျူးလွန်မှုနှင့်ပတ်သက်၍ မှတ်ပုံတင်အရာရှိက ဆုံးဖြတ်သတ်မှတ်သည့် ဒဏ်ကြေးငွေပမာဏ ဖော်ပြချက်၊

(၃) ထိုဒဏ်ကြေးငွေကို ၂၁ ရက်အတွင်းပေးဆောင်ရမည်ဖြစ်ကြောင်း ဖော်ပြချက်၊

(၄) နည်းဥပဒေအရ သတ်မှတ်ထားသည့် အခြားအချက်အလက်များ။

(ခ) ပုဒ်မခွဲ (က) သည် မှတ်ပုံတင်အရာရှိအား အောက်ပါတို့ကို ဆောင်ရွက်ရန် အခွင့်အာဏာအပ်နှင်းသည်ဟု မှတ်ယူခြင်း မရှိစေရ -

(၁) ပုဒ်မခွဲ (က) အရ အကြောင်းကြားစာတစ်စောင်ထက် ပိုမို၍ ကျူးလွန်သူထံသို့ပေးပို့ခြင်း သို့မဟုတ်

(၂) ပုဒ်မ ၄၀၇ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ သတ်မှတ်ဖော်ပြထားသည့် ကျူးလွန်မှုအတွက် ပုဂ္ဂိုလ်တစ်ဦးဦးအပေါ် တရားစွဲဆို ဆောင်ရွက်နိုင်ခြင်းမရှိလျှင် ထိုကျူးလွန်မှုနှင့်စပ်လျဉ်း၍ ပုဒ်မခွဲ (က) အရ ကျူးလွန်သူထံ အကြောင်းကြားစာပေးပို့ခြင်း။

(ဂ) ပုဒ်မခွဲ (က) အရ အကြောင်းကြားစာကို လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ၊ အီလက်ထရောနစ်နည်းလမ်းဖြင့်ဖြစ်စေ လူပုဂ္ဂိုလ်တစ်ဦးဦးထံ ပေးအပ်နိုင်သည်။

(ဃ) ပြုလုပ်မှု သို့မဟုတ် အကြောင်းအရာတစ်ရပ်ရပ်ကို ဆောင်ရွက်ရန် ပျက်ကွက်ခြင်းကြောင့် စွဲဆိုခံရသည့် ပုဂ္ဂိုလ်တစ်ဦးထံသို့ ပုဒ်မခွဲ (က) အရ အကြောင်းကြားစာတစ်စောင် ပေးပို့ပြီးနောက် -

(၁) ထိုသူသည် အကြောင်းကြားစာတွင် သတ်မှတ်ထားသည့်ကာလအတွင်း ဖော်ပြထားသော ဒဏ်ကြေးငွေကို မှတ်ပုံတင်အရာရှိထံ ပေးသွင်းခဲ့သည့်အပြင် အဆိုပါပြုလုပ်မှု သို့မဟုတ် အကြောင်းအရာ တစ်ရပ်ကိုဆောင်ရွက်ခဲ့ပါက ထိုသူအပေါ်၌ ထိုသတ်မှတ်ဖော်ပြထားသည့် ကျူးလွန်မှုအတွက် တရားစွဲဆိုခြင်းမပြုရ။

(၂) ကျူးလွန်သူသည် အကြောင်းကြားစာတွင် သတ်မှတ်ထားသည့်ကာလအတွင်း ဖော်ပြထားသော ဒဏ်ကြေးငွေကို မှတ်ပုံတင်အရာရှိထံ ပေးသွင်းခဲ့သော်လည်း ထိုပြုလုပ်မှု သို့မဟုတ် အကြောင်းအရာတစ်ရပ်ကိုဆောင်ရွက်ခဲ့ခြင်းမရှိလျှင် ထိုသူအပေါ်၌ သတ်မှတ်ဖော်ပြထားသည့် ကျူးလွန်မှုအတွက် တရားစွဲဆိုခြင်းမပြုရ။ သို့ရာတွင် အဆိုပါ ပြုလုပ်မှု သို့မဟုတ် အကြောင်းအရာတစ်ရပ်ကို ဆောင်ရွက်ရန်တာဝန်သည် ဆက်လက်တည်ရှိစေရမည်။

(၃) အကြောင်းကြားစာတွင် သတ်မှတ်ထားသည့်ကာလ ကုန်ဆုံးသည်အထိ ကျူးလွန်သူသည် ဖော်ပြထားသော ဒဏ်ကြေးငွေကို မှတ်ပုံတင်အရာရှိထံ ပေးသွင်းခဲ့ခြင်းမရှိလျှင် ထိုသူက အကြောင်းကြားစာရရှိပြီးနောက်မှ ထိုပြုလုပ်မှု သို့မဟုတ် အကြောင်းအရာတစ်ရပ်ကို ဆောင်ရွက်ခဲ့စေကာမူ ထိုစွပ်စွဲဖော်ပြထားသော ကျူးလွန်မှုနှင့်စပ်လျဉ်း၍ ထိုသူအပေါ်တွင် တရားစွဲဆိုခြင်း ပြုနိုင်သည်။

(င) ပြုလုပ်မှု သို့မဟုတ် အကြောင်းအရာတစ်ရပ်ကို ဆောင်ရွက်ရန် ပျက်ကွက်ခြင်းနှင့်မသက်ဆိုင်သည့် သတ်မှတ်ဖော်ပြထားသည့် ကျူးလွန်မှုတစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ ပုဂ္ဂိုလ်တစ်ဦးဦးထံသို့ ပုဒ်မခွဲ (က) အရ အကြောင်းကြားစာတစ်စောင်ပေးပို့သည့်အခါ -

(၁) ကျူးလွန်သူသည် အကြောင်းကြားစာတွင် သတ်မှတ်ထားသည့်ကာလအတွင်း ဖော်ပြထားသော ဒဏ်ကြေးငွေကို မှတ်ပုံတင်အရာရှိထံ ပေးသွင်းလျှင် သတ်မှတ်ဖော်ပြထားသည့် ကျူးလွန်မှုနှင့်စပ်လျဉ်း၍ တရားစွဲဆိုခြင်းမပြုရ။

(၂) ကျူးလွန်သူသည် အကြောင်းကြားစာတွင် သတ်မှတ်ထားသည့်ကာလ ကုန်ဆုံးသည်အထိ ဖော်ပြထားသော ဒဏ်ကြေးငွေကို မှတ်ပုံတင်အရာရှိထံသို့ ပေးသွင်းခဲ့ခြင်းမရှိလျှင် သတ်မှတ်ဖော်ပြထားသည့် ကျူးလွန်မှုနှင့်စပ်လျဉ်း၍ တရားစွဲဆိုနိုင်သည်။

(စ) ပုဒ်မခွဲ (က) အရ အကြောင်းကြားစာအား တစ်စုံတစ်ဦးထံသို့ချအပ်ခဲ့ပြီးနောက် ၎င်းမှ ထိုအကြောင်းကြားစာပါ သတ်မှတ်ဖော်ပြထားသည့် ကျူးလွန်မှုကို ကျူးလွန်ခဲ့ခြင်းမရှိကြောင်း သို့မဟုတ် အကြောင်းကြားစာပါ ဒဏ်ကြေးငွေအား ပေးဆောင်ရန်တာဝန်မရှိကြောင်း ငြင်းဆိုသည့်ကိစ္စတွင် ဤပုဒ်မပါ မည်သည့်အချက်ကမှ ထိုပုဂ္ဂိုလ်အပေါ် အကျိုးဆက်အားဖြင့် မှတ်ပုံတင်အရာရှိက စွဲဆိုနိုင်သော တရားမမှု သို့မဟုတ် ရာဇဝတ်မှုတစ်ရပ်ရပ်တွင် ခုခံချေပခွင့်ကို တားမြစ်ခြင်း သို့မဟုတ် ဤဥပဒေပုဒ်မ ၄၁၅ သို့မဟုတ် ပုဒ်မ ၄၂၄ နှင့် ၄၂၅ အရ ထိုသူမှ ရရှိနိုင်ဖွယ်ရှိသော ရပိုင်ခွင့်တစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ အကျိုးခံစားခွင့်များ တောင်းဆိုခြင်းကို တားမြစ်ခြင်းမရှိစေရ၊

(ဆ) သတ်မှတ်ဖော်ပြထားသည့် ကျူးလွန်မှုတစ်ရပ်နှင့်စပ်လျဉ်း၍ ဤပုဒ်မအရ ပုဂ္ဂိုလ်တစ်ဦးဦးထံသို့ ပေးပို့ခဲ့သော အကြောင်းကြားစာပါ ဒဏ်ကြေးငွေပမာဏကို ထိုသူက ပေးချေခဲ့သည်ဆိုသော အချက်သည် ယင်းသတ်မှတ်ဖော်ပြထားသည့် ကျူးလွန်မှုကို ကျူးလွန်ကြောင်း စွပ်စွဲချက်နှင့် ပတ်သက်၍ ထိုသူ၏ ဝန်ခံချက်တစ်ရပ်အဖြစ် မှတ်ယူခြင်းမရှိစေရ၊

(ဇ) ပုဒ်မခွဲ (ဃ)၊ ပုဒ်မခွဲငယ် (၁) နှင့် ပုဒ်မခွဲငယ် (၂) နှင့် ပုဒ်မခွဲ (င) ပုဒ်မခွဲငယ် (၁) တို့တွင် သတ်မှတ်ဖော်ပြထားသည့် ကျူးလွန်မှုမှအပ ဤပုဒ်မပါ ပြဋ္ဌာန်းချက်များသည် တရားစွဲဆိုဆောင်ရွက်ခြင်းနှင့်စပ်လျဉ်းသည့် ဤဥပဒေ သို့မဟုတ် အခြားသက်ဆိုင်ရာ ဥပဒေ တစ်ရပ်ရပ်ပါ ပြဋ္ဌာန်းချက်များကို လိုက်နာဆောင်ရွက်ခြင်းအား ထိခိုက်စေခြင်း မရှိစေရ။

## အခန်း (၃)
## မြွက်ဟကြေညာခြင်းများ၊ အမိန့်များနှင့် တားဝရမ်းများ
## ဤအခန်းနှင့်သက်ဆိုင်ခြင်း

၄၀၇။ ဤဥပဒေတွင် သတ်မှတ်ဖော်ပြထားသော ပြုလုပ်မှု သို့မဟုတ် အကြောင်းအရာတစ်ရပ်ရပ်ကို ဆောင်ရွက်ရန်ပျက်ကွက်ခြင်းနှင့်စပ်လျဉ်း၍ အခွင့်အာဏာရှိသည့် မှတ်ပုံတင်အရာရှိထံ တရားမကြောင်းအရ အရေးယူဆောင်ရွက်ရန် လွှဲပြောင်းပေးသည့်ကိစ္စတွင် ဤအခန်းပါ ပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်စေရမည်။

**တာဝန်များနှင့်စပ်လျဉ်း၍ ဆန့်ကျင်ဆောင်ရွက်မှုများကို မြွက်ဟကြေညာခြင်း**

၄၀၈။ (က) တစ်ဦးတစ်ယောက်သည် ဤဥပဒေ၏ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဆန့်ကျင်ဆောင်ရွက်ကြောင်း ယုံကြည်လက်ခံနိုင်သော အကြောင်းရင်းများရှိသည်ဟု ကျေနပ်လျှင် တရားရုံးသည် ဤပုဒ်မ အရ ဆန့်ကျင်ဆောင်ရွက်မှုတစ်ရပ်ဖြစ်ကြောင်း မြွက်ဟကြေညာသည့် အမိန့်တစ်ရပ် ချမှတ်ပြီးနောက် အောက်ပါအမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည် -

(၁) ပုဒ်မ ၄၀၉ အရ မှတ်ပုံတင်အရာရှိအား လျော်ကြေးပေးဆောင်စေရန် အမိန့် သို့မဟုတ်

(၂) ပုဒ်မ ၄၁၀ အရ နစ်နာသူအား လျော်ကြေးပေးစေရန် အမိန့်။

(ခ) ပုဒ်မခွဲ (က) အရ အမိန့်တစ်ရပ်ချမှတ်ပေးရန် မှတ်ပုံတင်အရာရှိသည် တရားရုံးသို့ လျှောက်ထားနိုင်သည်။

(ဂ) ပုဒ်မခွဲ (က) အရ အမိန့်ချမှတ်ပေးရန် မှတ်ပုံတင်အရာရှိက ပုဒ်မခွဲ (ခ) အရ လျှောက်ထားခဲ့ခြင်း မရှိလျှင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ သို့မဟုတ် လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူသည် နစ်နာသည့်ကုမ္ပဏီ၊ ယင်းတွင်ပါဝင်သူများနှင့် မြီရှင်များအတွက် လျော်ကြေးတစ်ရပ်ပေးစေရန် လျှောက်ထားတောင်းဆိုနိုင်သည်။

(ဃ) ပုဒ်မခွဲ (က) အရ အမိန့်တစ်ရပ်ရပ်ချမှတ်ပေးနိုင်ရန်အတွက် တရားစွဲဆိုမှုကို ထိုဆန့်ကျင် ဆောင်ရွက်မှု ပြုလုပ်သည့်အချိန်ကာလမှ ခြောက်နှစ်ထက်မပိုသောကာလအတွင်း စတင် တရားစွဲဆိုရမည်။

**မှတ်ပုံတင်အရာရှိသို့ လျော်ကြေးပေးဆောင်စေရန်အမိန့်**

၄၀၉။ (က) မှတ်ပုံတင်အရာရှိ၏လျှောက်ထားချက်အရ အောက်ပါအခြေအနေများတွင် တရားရုံးသည် လူပုဂ္ဂိုလ်တစ်ဦးအား ကျပ် သိန်းတစ်ရာအထိ လျော်ကြေးငွေပေးဆောင်စေရန် အမိန့်ချမှတ် နိုင်သည် -

(၁) ထိုသူ၏ပြုလုပ်မှုသည် ပုဒ်မ ၄၀၈ အရ ဆန့်ကျင်ဆောင်ရွက်မှုတစ်ရပ်ဖြစ်ကြောင်း မြွက်ဟ ကြေညာသည့် အမိန့်တစ်ရပ်ချမှတ်ခဲ့သည့်အပြင်၊

(၂) ထိုသူ၏ပြုလုပ်မှုသည် ကုမ္ပဏီ၊ ယင်းတွင်ပါဝင်သူများနှင့်ယင်း၏မြီရှင်များ၏ အကျိုးစီးပွားကို အကြီးအကျယ် ထိခိုက်နစ်နာစေခဲ့လျှင်။

(ခ) ထိုလျော်ကြေးငွေသည် ပြည်ထောင်စု၏ကိုယ်စား မှတ်ပုံတင်အရာရှိသို့ ပေးရမည့် တရားမ ကြွေးမြီဖြစ်သည်။ အဆိုပါလျော်ကြေးငွေကို ပေးဆောင်ရန် ပျက်ကွက်လျှင် မပြေကျန်ငွေဖြစ်ဘိ သကဲ့သို့ မှတ်ပုံတင်အရာရှိက အရကောက်ခံရမည်။

**နစ်နာသူသို့ လျော်ကြေးပေးဆောင်စေရန်အမိန့်**

၄၁၀။ (က) စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ လျှောက်ထားချက်အရ အောက်ပါအခြေအနေ များတွင် ကုမ္ပဏီ၏နစ်နာမှုများအတွက် တရားရုံးသည် လူပုဂ္ဂိုလ်တစ်ဦးအား ကုမ္ပဏီသို့ လျော်ကြေးပေးစေရန် အမိန့်ချမှတ်နိုင်သည် -

(၁) ထိုသူ၏ပြုလုပ်မှုသည် ပုဒ်မ ၄၀၈ အရ ဆန့်ကျင်ဆောင်ရွက်မှုတစ်ရပ်ဖြစ်ကြောင်း မြွက်ဟ ကြေညာသည့်အမိန့်တစ်ရပ် ချမှတ်ခဲ့သည့်အပြင်၊

(၂) ထိုသူ၏ပြုလုပ်မှုကြောင့် ထိခိုက်နစ်နာမှု ဖြစ်ပေါ်စေခဲ့လျှင်။

(ခ) အမိန့်တွင် လျော်ကြေးပေးရမည့် ပမာဏကို သတ်မှတ်ဖော်ပြရမည်။

(ဂ) လျော်ကြေးပေးစေရန်အမိန့်တစ်ရပ် ချမှတ်နိုင်ရေးအတွက် ကုမ္ပဏီမှ ထိခိုက်နစ်နာခဲ့သည် များကို စဉ်းစားဆုံးဖြတ်ရာတွင် တရားရုံးသည် ထိုကျူးလွန်မှု သို့မဟုတ် ဆန့်ကျင်ဆောင်ရွက်မှုမှ ထိုသူကရရှိသော အကျိုးအမြတ်များကို ထည့်သွင်းစဉ်းစားနိုင်သည်။

(ဃ) လျော်ကြေးပေးစေရန်အမိန့်ကို တရားရုံးမှချမှတ်သော ငွေဒီကရီတစ်ရပ်ကဲ့သို့ အတည်ပြု ဆောင်ရွက်နိုင်သည်။

**တားဝရမ်းချမှတ်နိုင်သည့် အခွင့်အာဏာ**

၄၁၁။ (က) တစ်စုံတစ်ဦးသည် အောက်ပါအခြေအနေတစ်ရပ်ရပ်ကို ကျူးလွန်ခဲ့လျှင် သို့မဟုတ် ကျူးလွန် နေသည့် သို့မဟုတ် ကျူးလွန်မည့်အပြုအမူတစ်ရပ်ရပ်ကို ပြုလုပ်ခဲ့လျှင် သို့မဟုတ် ပြုလုပ်နေလျှင် သို့မဟုတ် ပြုလုပ်မည့်အခြေအနေရှိလျှင် ဤဥပဒေအရ ခန့်ထားသော ယုံမှတ်အပ်နှံခြင်းခံရသူ သို့မဟုတ် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ သို့မဟုတ် ယာယီစာရင်းရှင်းလင်း

ဖျက်သိမ်းရေးအရာရှိ သို့မဟုတ် ပြန်လည်ထူထောင်ရေးမန်နေဂျာ၏ လျှောက်ထားချက်အရ တရားရုံးသည် သင့်သည်ထင်မြင်သည့်စည်းကမ်းချက်များသတ်မှတ်၍ ထိုပုဂ္ဂိုလ်က အဆိုပါ အပြုအမူများကို ဆောင်ရွက်ခြင်းမှ တားမြစ်သည့် အမိန့်တစ်ရပ်ကို ချမှတ်နိုင်သည့်အပြင် တရားရုံးက ဆောင်ရွက်ရန် လိုအပ်သည်ဟု ထင်မြင်သည့်အတိုင်း ထိုသူကိုပြုလုပ်မှု သို့မဟုတ် ကိစ္စတစ်ရပ်ရပ်ကို ဆောင်ရွက်စေရန်အမိန့်ချမှတ်နိုင်သည် -

(၁) ဤဥပဒေကို ဆန့်ကျင်ဆောင်ရွက်ခြင်း၊

(၂) ဤဥပဒေကို ဆန့်ကျင်ဆောင်ရွက်ရန် အားထုတ်ခြင်း၊

(၃) ဤဥပဒေကို ဆန့်ကျင်ဆောင်ရွက်ရန်အတွက် တစ်ဦးတစ်ယောက်ကို တမင်ကူပံ့ခြင်း၊ အားပေးကူညီခြင်း၊ အကြံပေးခြင်း သို့မဟုတ် တိုက်တွန်းခြင်း၊

(၄) ဤဥပဒေကို ဆန့်ကျင်ဆောင်ရွက်ရန်အတွက် တစ်ဦးတစ်ယောက်ကို ခြိမ်းခြောက်၍ဖြစ်စေ၊ ကတိပြု၍ သို့မဟုတ် အခြားနည်းဖြင့် ဆောင်ရွက်၍ဖြစ်စေ သွေးဆောင်ခြင်း သို့မဟုတ် သွေးဆောင်ရန်အားထုတ်ခြင်း၊

(၅) ဤဥပဒေကို ဆန့်ကျင်ဆောင်ရွက်ရာတွင် တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ပါဝင်ပတ်သက်ခဲ့ခြင်း သို့မဟုတ် ပါဝင်ဆောင်ရွက်ခဲ့ခြင်း၊

(၆) ဤဥပဒေကို ဆန့်ကျင်ဆောင်ရွက်ရန်အတွက် အခြားသူများနှင့် ပူးပေါင်းကြံစည်ခဲ့ခြင်း။

( ခ ) တစ်ဦးတစ်ယောက်သည် ဤဥပဒေအရ ဆောင်ရွက်ရမည့် ပြုလုပ်မှု သို့မဟုတ် ကိစ္စတစ်ရပ်ကို ဆောင်ရွက်ရန်ငြင်းဆိုခဲ့လျှင် သို့မဟုတ် ပျက်ကွက်ခဲ့လျှင်ဖြစ်စေ၊ ငြင်းဆိုနေလျှင် သို့မဟုတ် ပျက်ကွက်နေလျှင်ဖြစ်စေ၊ ငြင်းဆိုမည့် သို့မဟုတ် ပျက်ကွက်မည့်အခြေအနေရှိလျှင်ဖြစ်စေ တရားရုံးသည် ဤဥပဒေအရ ခန့်ထားသော ယုံမှတ်အပ်နှံခြင်းခံရသူ သို့မဟုတ် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ သို့မဟုတ် ယာယီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ သို့မဟုတ် ပြန်လည်ထူထောင်ရေးမန်နေဂျာတစ်ဦးဦး၏ လျှောက်ထားချက်အရ သင့်သည် ထင်မြင်သည့် စည်းကမ်းချက်များဖြင့် ထိုသူအား အဆိုပါ ပြုလုပ်မှု သို့မဟုတ် ကိစ္စရပ်ကို ဆောင်ရွက်စေရန် ညွှန်ကြားနိုင်သည်။

( ဂ ) ပုဒ်မခွဲ (က) သို့မဟုတ် (ခ) အရ တားဝရမ်းထုတ်ဆင့်ပေးရန် လျှောက်ထားခဲ့ပြီး အမှုသည်များ အားလုံးက တားဝရမ်းထုတ်ဆင့်ပေးရန်စာဖြင့် တင်ပြလာလျှင် တရားရုံးသည် ယင်းပုဒ်မခွဲများနှင့် သက်ဆိုင်ကြောင်း ကျေနပ်မှုရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ တားဝရမ်းထုတ်ဆင့်သည့် အမိန့် ချမှတ်နိုင်သည်။

(ဃ) တရားရုံးသည် ပုဒ်မခွဲ (က) သို့မဟုတ် (ခ) အရ ချမှတ်ထားသည့်အမိန့်တစ်ရပ်ရပ်ကို ပယ်ဖျက်နိုင်သည် သို့မဟုတ် ပြင်ဆင်နိုင်သည်။

( င ) ဤပုဒ်မအရ အမိန့်တစ်ရပ်ချမှတ်ပေးနိုင်ရေးအတွက် တရားရုံးသို့ တင်ပြလျှောက်ထား လာသည့်အခါ တရားရုံးသည် ထိုတားမြစ်မိန့်ချမှတ်ခြင်းကြောင့် နစ်နာမှုရှိခဲ့လျှင် နစ်နာကြေး ပေးရန်အတွက် လျှောက်ထားသူ သို့မဟုတ် အခြားသူတစ်ဦးအား အာမခံချက်တစ်ရပ် တင်သွင်းရန် အမိန့်ချမှတ်နိုင်သည်။

( စ ) တစ်ဦးတစ်ယောက်အား တစ်စုံတစ်ရာသော အပြုအမူတစ်ရပ်ကိုဆောင်ရွက်ခြင်းမှ တားမြစ်သည့် အမိန့် သို့မဟုတ် တစ်စုံတစ်ရာသော ပြုလုပ်မှု သို့မဟုတ် ကိစ္စတစ်ရပ်ရပ်ကို ဆောင်ရွက်စေရန် ညွှန်ကြားသည့်အမိန့်တစ်ရပ်ရပ်ကို ဤပုဒ်မအရ တရားရုံးက ချမှတ်နိုင်သည့် ကိစ္စတွင် တားဝရမ်းထုတ်ဆင့်ခြင်းအတွက် နစ်နာသူတစ်ဦးတစ်ယောက်သို့ ဝရမ်းထုတ်ဆင့်ခြင်းခံရသူမှ နစ်နာကြေးပေးစေရန် အမိန့်ချမှတ်နိုင်သည်။ နစ်နာကြေးကို တွက်ချက်ရာတွင် အမှန်တကယ် ဆုံးရှုံးမှုအပြင် နစ်နာကြေးပါချမှတ်နိုင်သည်။

**တရားရုံး၏အခြားအာဏာများအပေါ် ကန့်သတ်မှုမရှိခြင်း**

၄၁၂။ ဤအခန်းတွင်ပါရှိသော မည်သည့်ပြဋ္ဌာန်းချက်ကမျှ တရားရုံးကရရှိသည့် ဤဥပဒေပါ အခြားသော အခွင့်အာဏာများကို ထိခိုက်စေခြင်း မရှိစေရ။

## အခန်း (၄)

## ကျူးလွန်မှုများနှင့်ခုခံချေပချက်များ

**ကျူးလွန်မှုဆိုင်ရာပြဋ္ဌာန်းချက်များ**

၄၁၃။ (က) ကုမ္ပဏီအပါအဝင် တစ်ဦးတစ်ယောက်သည် အောက်ပါကိစ္စရပ်တစ်ရပ်ရပ်ကို ကျူးလွန်ခဲ့ပြီး ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်အရ ထိုသူသည် ထိုကျူးလွန်မှုအတွက် အပြစ်ရှိကြောင်း သို့မဟုတ် အပြစ်မရှိကြောင်း ပြဋ္ဌာန်းထားချက်မရှိလျှင် ထိုသူသည် ဤပုဒ်မခွဲအရ ကျူးလွန်ရာ ရောက်သည်ဟု မှတ်ယူရမည် -

(၁) ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်အရ ဆောင်ရွက်ခြင်းမပြုရန် တားမြစ်ထားသည့် ပြုလုပ်မှု သို့မဟုတ် ကိစ္စတစ်ရပ်ရပ်ကို ဆောင်ရွက်လျှင်၊

(၂) ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်အရ ဆောင်ရွက်ရန် လိုအပ်သည့် သို့မဟုတ် ညွှန်ကြား ထားသည့် ပြုလုပ်မှု သို့မဟုတ် ကိစ္စတစ်ရပ်ရပ်ကို ဆောင်ရွက်ခြင်း မပြုလျှင် သို့မဟုတ်

(၃) ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို အခြားနည်းတစ်ရပ်ရပ်ဖြင့် ဆန့်ကျင်ဆောင်ရွက်လျှင်။

(ခ) ဤဥပဒေတွင် ပြစ်ဒဏ်ကို အတိအလင်း သတ်မှတ်ဖော်ပြထားခြင်းမရှိပါက တရားရုံးသည် ထိုပြစ်ဒဏ်ကို ထိုသို့သောအခြေအနေများတွင် မှန်ကန်မျှတသည်ဟု ယုံကြည်သော အကြောင်း အချက်များကို အခြေပြု၍ ဆုံးဖြတ်သတ်မှတ်ရမည်။ ထိုသို့ဆုံးဖြတ်ရာတွင် သက်ဆိုင်သည့် ကိစ္စအားလုံး၌ တူညီသော ကျူးလွန်မှုတစ်ရပ်အတွက် ဤဥပဒေအရဖြစ်စေ၊ သက်ဆိုင်သော ဥပဒေအရဖြစ်စေ ပြဋ္ဌာန်းသတ်မှတ်ထားသည့် ပြစ်ဒဏ်များနှင့်အညီ ဖြစ်စေရေးကို ထည့်သွင်း စဉ်းစားရမည်။

**ခုခံချေပခြင်းနှင့် သက်သာခွင့်**

**ကုမ္ပဏီဒါရိုက်တာ သို့မဟုတ် အရာရှိက ခုခံချေပခြင်း**

၄၁၄။ (က) ပုဒ်မ ၄၀၄ ပါ ပြဋ္ဌာန်းချက်ကို ကန့်သတ်တားမြစ်ခြင်းမရှိစေဘဲ ကုမ္ပဏီ ဒါရိုက်တာ သို့မဟုတ် အရာရှိက အောက်ပါအချက်များကို သက်သေထင်ရှားတင်ပြနိုင်လျှင် ထိုသူက ဤဥပဒေအရ ဆောင်ရွက်ရမည့် တာဝန်တစ်ရပ်နှင့်စပ်လျဉ်း၍ စွဲဆိုခံရသည့် ဒါရိုက်တာ သို့မဟုတ် အရာရှိ အတွက် ခုခံချေပချက် တစ်ရပ်ဖြစ်စေရမည် -

(၁) ထိုဒါရိုက်တာ သို့မဟုတ် အရာရှိသည် ဤဥပဒေအရ လိုက်နာဆောင်ရွက်ရန် သတ်မှတ်ချက် များကို ကျိုးကြောင်းဆီလျော်စွာနှင့် သင့်လျော်စွာ လိုက်နာခဲ့ကြောင်း၊

(၂) ထိုဒါရိုက်တာ သို့မဟုတ် အရာရှိအနေဖြင့် သင့်လျော်သည့်ကိစ္စရပ်များကို ဆောင်ရွက်ရန် မျှော်မှန်းနိုင်ခြင်းမရှိသည့် အခြေအနေများရှိခဲ့ကြောင်း။

(ခ) ပုဒ်မ ၄၀၄ ပါ ပြဋ္ဌာန်းချက်များကို ကန့်သတ်တားမြစ်ခြင်းမရှိစေဘဲ ကုမ္ပဏီ၏ ဒါရိုက်တာ သို့မဟုတ် အရာရှိမှ အောက်ပါအတိုင်း သက်သေထင်ရှားတင်ပြနိုင်လျှင် ကုမ္ပဏီက ဤဥပဒေ အရ ဆောင်ရွက်ရမည့် တာဝန်တစ်ရပ်နှင့်စပ်လျဉ်း၍ စွဲဆိုခံရသည့် ဒါရိုက်တာ သို့မဟုတ် အရာရှိအတွက် ခုခံချေပချက်တစ်ရပ် ဖြစ်စေရမည် -

(၁) ကုမ္ပဏီသည် ကျိုးကြောင်းဆီလျော်၍ သင့်လျော်သည့်ကိစ္စရပ်များအားလုံးကို ဆောင်ရွက်ခဲ့ပြီး ဖြစ်ကြောင်း၊

(၂) ကုမ္ပဏီကဆောင်ရွက်ရမည့် ကျိုးကြောင်းဆီလျော်၍ သင့်လျော်သည့်ကိစ္စရပ်များအားလုံးကို ဒါရိုက်တာ သို့မဟုတ် အရာရှိက လိုက်နာဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း သို့မဟုတ်

(၃) ကုမ္ပဏီက သင့်လျော်သည့်ကိစ္စရပ်များကို ဆောင်ရွက်ရန် ဒါရိုက်တာ သို့မဟုတ် အရာရှိ အနေဖြင့် မျှော်မှန်းနိုင်ခြင်းမရှိသည့်အခြေအနေများ ရှိခဲ့ကြောင်း။

**ဆန့်ကျင်ဆောင်ရွက်ကြောင်း မြွက်ဟကြေညာမှုတွင် တာဝန်ရှိမှုများမှ ကင်းလွတ်ခွင့်ပြုခြင်း**

၄၁၅။ (က) ပုဒ်မ ၄၀၄ ပါ ပြဋ္ဌာန်းချက်ကို ကန့်သတ်တားမြစ်ခြင်းမရှိစေဘဲ ဤအပိုင်းပါ ပြဋ္ဌာန်းချက်များအရ ပုဂ္ဂိုလ်တစ်ဦးဦးအပေါ် တရားစွဲဆိုစစ်ဆေးမှုများအား ဆောင်ရွက်ခြင်းနှင့် ထိုစွဲဆိုမှုများကို စစ်ဆေးကြားနာခြင်းပြုရာတွင် ထိုသူသည် ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဆန့်ကျင်ဆောင်ရွက်ခဲ့ကြောင်း သို့မဟုတ် ဆန့်ကျင်ဆောင်ရွက်ခဲ့သည့်အနေအထားရှိနိုင်ကြောင်း တရားရုံးကတွေ့ရှိရသော်လည်း အောက်ပါအခြေအနေများဖြစ်ပါက ထိုဆန့်ကျင်ဆောင်ရွက်မှုအတွက်ကြောင့် ထိုသူနှင့်သက်ဆိုင်မည့် သို့မဟုတ် အခြားနည်းဖြင့် တာဝန်ရှိနိုင်မည့် တာဝန်ရှိမှုတစ်ရပ်လုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ထိုသူအား ကင်းလွတ်ခွင့်ပြုနိုင်သည် -

(၁) ထိုသူသည် သဘောရိုးဖြင့် ပြုလုပ်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည့်အပြင်၊

(၂) သက်ဆိုင်သည့်ကိစ္စရပ်များတွင် ကုမ္ပဏီတစ်ခု၏အရာရှိ သို့မဟုတ် ဝန်ထမ်းတစ်ဦးအဖြစ် ခန့်အပ်ခြင်းနှင့်စပ်လျဉ်းသည့်ကိစ္စရပ်များအပါအဝင် အမှု၏ပတ်ဝန်းကျင်အကြောင်းခြင်းရာများကို ထည့်သွင်းစဉ်းစား၍ ၎င်း၏ဆန့်ကျင်ဆောင်ရွက်မှုအတွက် ကင်းလွတ်ခွင့်ပြုသင့်ကြောင်း ပေါ်ပေါက်လျှင်။

(ခ) တစ်ဦးတစ်ယောက်က ဤဥပဒေပါ ပြဋ္ဌာန်းချက်များအား ဆန့်ကျင်ဆောင်ရွက်မှုနှင့်စပ်လျဉ်း၍ ၎င်းအပေါ်တွင် ဤအပိုင်းပါ ပြဋ္ဌာန်းချက်များအရ တရားစွဲဆိုဆောင်ရွက်မှုများကို ပြုလုပ်မည်ဟု ထင်မြင်ယူဆလျှင် ထိုသူသည် အထက်ပါပုဒ်မခွဲ (က) တွင် ဖော်ပြထားသော သက်သာခွင့် ရရှိရေးအတွက် တရားရုံးသို့ လျှောက်ထားနိုင်သည်။

(ဂ) အထက်ပါပုဒ်မခွဲ (ခ) အရ တင်ပြလျှောက်ထားလာလျှင် တရားရုံးသည် တရားစွဲဆိုဆောင်ရွက်မှုကို ၎င်း၏ရုံးတွင် စတင်စွဲဆိုဘိသကဲ့သို့ မှတ်ယူ၍အထက်ပါပုဒ်မခွဲ (က) အရ သက်သာခွင့်ကို ပေးအပ်နိုင်သည်။

(ဃ) ဤပုဒ်မပါ ပြဋ္ဌာန်းချက်များသည် သက်သာခွင့်ပေးအပ်နိုင်သည့် တရားရုံး၏ အခြားသော အခွင့်အာဏာများကို ကန့်သတ်တားမြစ်ခြင်းမရှိစေရ။

## အခန်း (၅)

## အထွေထွေ

**နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာနှင့် လမ်းညွှန်ချက်များ**

၄၁၆။ (က) ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ဤဥပဒေအား အကောင်အထည်ဖော်ခြင်း၊ စီမံခန့်ခွဲခြင်းနှင့် အတည်ပြုဆောင်ရွက်ခြင်းတို့ကို ထိရောက်စွာ ဆောင်ရွက်နိုင်စေရန်အတွက် နည်းဥပဒေများ၊ စည်းမျဉ်းနှင့်စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများ၊ ဇယားနှင့်ပုံစံများကို ထုတ်ပြန်နိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ ပြုလုပ်သောနည်းဥပဒေများ၊ စည်းမျဉ်းနှင့်စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများ၊ ဇယားနှင့်ပုံစံများကို နိုင်ငံတော်ပြန်တမ်းတွင် ကြေညာရမည်။

## စီရင်ပိုင်ခွင့်အာဏာများအပ်နှင်းခြင်းနှင့် အထူးတရားရုံးများတည်ထောင်ရန်အာဏာ

၄၁၇။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ဤဥပဒေအား ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် သင့်တော်သောတရားရုံးအား လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူအား ကြီးကြပ်ခြင်းနှင့်စပ်လျဉ်းသည့် လျှောက်ထားမှုများနှင့် လူမွဲခံယူခြင်းဆိုင်ရာအမှုများ စစ်ဆေးစီရင်ရန် အထူးစီရင်ပိုင်ခွင့်အာဏာနှင့် လုပ်ပိုင်ခွင့်များကို အပ်နှင်းခြင်း၊ ကူးသန်းရောင်းဝယ်ရေးဆိုင်ရာအထူးတရားရုံး တည်ထောင်ခြင်းတို့ ဆောင်ရွက်နိုင်သည်။

## ဤဥပဒေနှင့် သက်ဆိုင်စေခြင်း

၄၁၈။ ဤဥပဒေစတင်အာဏာတည်သည်နှင့်တစ်ပြိုင်နက် ကုမ္ပဏီများ၊ ကုမ္ပဏီအဖြစ် မှတ်ပုံတင်ထားသော မိုက်ခရို၊ အသေးစားနှင့် အလတ်စားလုပ်ငန်းများနှင့် အစုစပ်လုပ်ငန်းများ စာရင်းရှင်းလင်းဖျက်သိမ်းခြင်းနှင့် တစ်သီးပုဂ္ဂလနှင့် မှတ်ပုံတင်ထားခြင်းမရှိသော မိုက်ခရို၊ အသေးစားနှင့် အလတ်စားလုပ်ငန်းများ လူမွဲခံယူခြင်းများနှင့်စပ်လျဉ်း၍ အခြားတည်ဆဲဥပဒေတစ်ရပ်ရပ်တွင် မည်သို့ပင်ပါရှိစေကာမူ ဤဥပဒေအရသာလျှင် ဆောင်ရွက်ရမည်။

## စာရင်းရှင်းလင်းဖျက်သိမ်းခြင်းဆောင်ရွက်ဆဲအမှုများကို ဆက်လက်ဆောင်ရွက်စေခြင်း

၄၁၉။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များသည် ဤဥပဒေအာဏာတည်သည့် နေ့ရက်မတိုင်မီက ဆောင်ရွက်နေသော ကုမ္ပဏီများ စာရင်းရှင်းလင်းဖျက်သိမ်းခြင်းနှင့် အစုစပ်လုပ်ငန်းများ ဖျက်သိမ်းခြင်းတို့နှင့် သက်ဆိုင်ခြင်းမရှိစေရ။ ယင်းကုမ္ပဏီများ စာရင်းရှင်းလင်းဖျက်သိမ်းခြင်းနှင့် အစုစပ်လုပ်ငန်းများ ဖျက်သိမ်းခြင်းတို့ကို ဆောင်ရွက်ရာတွင် ယခင်ဥပဒေများနှင့်အညီ ဆက်လက်ဆောင်ရွက်ရမည်။

## စာချုပ်စာတမ်းများနှင့် စာရွက်စာတမ်းများကို ဆက်လက်အကျိုးသက်ရောက်စေခြင်း

၄၂၀။ ဤဥပဒေ စတင်အာဏာတည်သည့်နေ့ရက် မတိုင်မီက ပြုလုပ်ထားသော လွှဲပြောင်းရေးဆိုင်ရာ စာချုပ်စာတမ်းများ သို့မဟုတ် အခြားစာရွက်စာတမ်းများသည် ယခင်အတိုင်း အကျိုးသက်ရောက်စေရမည်။

## ဆောင်ရွက်ဆဲလျှောက်လွှာများ

၄၂၁။ (က) ယခင်ဥပဒေအရ ပြုလုပ်ခဲ့သော ကုမ္ပဏီ သို့မဟုတ် အခြားအဖွဲ့အစည်း တစ်ရပ်ရပ်အား ဖျက်သိမ်းရန် လျှောက်ထားမှုတစ်ရပ်ရပ်သည် ဤဥပဒေစတင်အာဏာတည်သည့်နေ့အထိ ယင်းလျှောက်ထားမှုနှင့်ပတ်သက်၍ တစ်စုံတစ်ရာအရေးယူဆောင်ရွက်ခြင်း မရှိသည့်အပြင် လျှောက်ထားသူက ရုပ်သိမ်းခြင်းမပြုသည့်ကိစ္စ၌ ယင်းလျှောက်လွှာကို ဤဥပဒေအရ လျှောက်ထားခဲ့သော လျှောက်ထားမှုတစ်ရပ်အဖြစ် မှတ်ယူရမည်။

(ခ) ပုဒ်မခွဲ (က) တွင်ပါရှိသော လျှောက်ထားမှုနှင့်စပ်လျဉ်း၍ ဤဥပဒေအရသတ်မှတ်ထားသော လိုအပ်ချက်များနှင့် ကိုက်ညီစေရန်အတွက် လျှောက်ထားသူသည် မိမိ၏လျှောက်လွှာကို ပြင်ဆင်ရန် လျှောက်ထားနိုင်သည်။

## ယခင်သက်ဆိုင်သည့်ပြဋ္ဌာန်းချက်များအရ ဆောင်ရွက်ထားမှုများသည် ဆက်လက်အကျိုးသက်ရောက်မှုရှိခြင်း

၄၂၂။ ဤအခန်းပါ အခြားပြဋ္ဌာန်းချက်များကို ကန့်သတ်တားမြစ်ခြင်းမရှိစေဘဲ အောက်ပါကိစ္စရပ်များသည် ဤဥပဒေစတင်အာဏာတည်ပြီးနောက် ဆက်လက်အကျိုးသက်ရောက်စေရမည် သို့မဟုတ် သက်ဆိုင်စေရမည်-

(က) ဤဥပဒေ စတင်အာဏာတည်ခြင်းမရှိမီက ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်နှင့်တူညီသော ယခင်ဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်အရ သို့မဟုတ် ထိုပြဋ္ဌာန်းချက်ပါ ကိစ္စရပ်များအတွက် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည့်အပြင်၊

(ခ) ဤဥပဒေ စတင်အာဏာတည်သည့်နေ့အထိ ဆက်လက်ဆောင်ရွက်နေလျှင်။

**ရရှိထားသော အခွင့်အရေးများကို ဆက်လက်ခံစားခွင့်ရှိခြင်း**

၄၂၃။ ဤအခန်းပါ အခြားသောပြဋ္ဌာန်းချက်များကို ကန့်သတ်တားမြစ်ခြင်းမရှိစေဘဲ ဤဥပဒေ စတင်အာဏာတည်ခြင်းမရှိမီက တရားရုံး၏အမိန့်အရ ရရှိသည့်ကိစ္စရပ်မှအပ တစ်ဦးတစ်ယောက်က ဤဥပဒေပါ ပြဋ္ဌာန်းချက်နှင့်တူညီသော ယခင်ဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်အရ ရရှိသည့်အခွင့်အရေး သို့မဟုတ် တာဝန်ရှိမှုသည် ဤဥပဒေပါ တူညီသော ပြဋ္ဌာန်းချက်တစ်ရပ်ရပ်အရ ရရှိသည့်အခွင့်အရေး သို့မဟုတ် တာဝန်ရှိမှုဖြစ်သည်ဟု မှတ်ယူရမည်။

**ပြဋ္ဌာန်းချက် သို့မဟုတ် စကားရပ်များကို ဆက်လက်အကျိုးသက်ရောက်စေခြင်း**

၄၂၄။ ယခင်သက်ဆိုင်ရာဥပဒေ သို့မဟုတ် ယင်းဥပဒေပါ ပြဋ္ဌာန်းချက် သို့မဟုတ် စကားရပ်တွင် ရည်ညွှန်းဖော်ပြချက်တစ်ရပ်ရပ်သည် ဤဥပဒေအာဏာတည်ပြီးနောက် ဤဥပဒေပါ ပြဋ္ဌာန်းချက် သို့မဟုတ် စကားရပ်နှင့်သက်ဆိုင်လျှင် နည်းဥပဒေဖြင့် သက်ဆိုင်ခြင်းမရှိစေရဟု ပြဋ္ဌာန်းထားခြင်းမရှိသရွေ့ သက်ဆိုင်သည်ဟု မှတ်ယူရမည်။

**အကူးအပြောင်းကာလဆိုင်ရာ ပြဋ္ဌာန်းချက်များ**

၄၂၅။ ယခင်ဥပဒေပါ ပြဋ္ဌာန်းချက်များအရ ဆောင်ရွက်မှုများမှ ဤဥပဒေပါ ပြဋ္ဌာန်းချက်များအရ ဆောင်ရွက်မှုများအဖြစ်သို့ ကူးပြောင်းခြင်းနှင့်စပ်လျဉ်းသော အကျိုးသက်ရောက်မှုများ သို့မဟုတ် ကူးပြောင်းမှုအခြေအနေဆိုင်ရာကိစ္စရပ်များနှင့် သက်ဆိုင်စေရန် နည်းဥပဒေများ ပြဋ္ဌာန်းနိုင်ပြီး ဤအပိုင်းပါ ပြဋ္ဌာန်းချက်များတွင် အခြားနည်း ဖော်ပြထားစေကာမူ ထိုနည်းဥပဒေများသည် အကျိုးသက်ရောက်မှု ရှိစေရမည်။

**မူလဥပဒေများကို ပြန်လည်ရုပ်သိမ်းခြင်း**

၄၂၆။ ဤဥပဒေ စတင်အာဏာတည်သည်နှင့်တစ်ပြိုင်နက် -

(က) ရန်ကုန်လူမွဲခံယူခြင်းဆိုင်ရာအက်ဥပဒေနှင့် ယင်း၏နောက်ဆက်တွဲဇယားများ၊ ယင်းဥပဒေအရ ပြဋ္ဌာန်းခဲ့သောနည်းဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများသည် ရုပ်သိမ်းပြီးဖြစ်စေရမည်။

(ခ) မြန်မာနိုင်ငံလူမွဲခံယူခြင်းဆိုင်ရာအက်ဥပဒေနှင့် ယင်း၏နောက်ဆက်တွဲဇယားများ၊ ယင်းဥပဒေအရ ပြဋ္ဌာန်းခဲ့သောနည်းဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများသည် ရုပ်သိမ်းပြီးဖြစ်စေရမည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၇၇/၂၀၁၈)**

၁၃၈၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလဆန်း ၂ ရက်

(၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၉ ရက်)

**ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေကြမ်း ထုတ်ပြန်ကြေညာခြင်း**

ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့လာသော ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၇၉ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

# ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေ (မူကြမ်း)
## (၂၀၁၈ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်    ။)

၁၃၈၀ ပြည့်နှစ်၊    လ    ရက်
(၂၀၁၈ ခုနှစ်၊    လ    ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥပဒေပုဒ်မ ၈ တွင် -

(က) ပုဒ်မခွဲ (ဃ) ကို အောက်ပါအတိုင်းအစားထိုးရမည် -

"(ဃ) ဝန်ထမ်းရေးရာကိစ္စရပ်များ၊ ဝန်ထမ်းများ၏ ဝန်ဆောင်မှုအပေါ် ပြည်သူများ၏ သဘောထားအမြင်တို့နှင့်စပ်လျဉ်း၍ စစ်တမ်းကောက်ယူ သုတေသနပြုလုပ်ခြင်း၊"

(ခ) ပုဒ်မခွဲ (စ) ကို အောက်ပါအတိုင်းအစားထိုးရမည် -

"(စ) ဝန်ကြီးဌာနနှင့်အဖွဲ့အစည်းများက မေးမြန်းလာသည့် ဝန်ထမ်းရေးရာကိစ္စရပ်များကို လေ့လာစိစစ်ပြီး တည်ဆဲဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြန်ကြားခြင်း၊"

(ဂ) ပုဒ်မခွဲ (ဆ) ကို အောက်ပါအတိုင်းအစားထိုးရမည် -

"(ဆ) ဝန်ထမ်းများအား အရေးယူခြင်းဆိုင်ရာကိစ္စများနှင့်စပ်လျဉ်း၍ မှတ်တမ်းများကို စနစ်တကျထိန်းသိမ်းခြင်း၊ နိုင်ငံတော်သမ္မတထံ တင်ပြခြင်း၊"

(ဃ) ပုဒ်မခွဲ (ဆ) ၏ နောက်တွင် ပုဒ်မခွဲ (ဇ) မှ ပုဒ်မခွဲ (ည) အထိ အောက်ပါအတိုင်းဖြည့်စွက်ရမည်-

"(ဇ) ပြန်တမ်းဝင်အရာရှိတစ်ဦးဦးအား ဝန်ကြီးဌာနနှင့် ဝန်ထမ်းအဖွဲ့အစည်းတစ်ခုမှတစ်ခုသို့ ပြောင်းရွှေ့လိုသည့်ကိစ္စရပ်များအတွက် ညှိနှိုင်းလာမှုအပေါ် လိုအပ်သည့်စိစစ်မှုများပြုလုပ်၍ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ တင်ပြခြင်း၊

(ဈ) ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများ၏ ဝန်ထမ်းဖွဲ့စည်းပုံ ရေးဆွဲတင်ပြခြင်းကိစ္စရပ်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရအဖွဲ့သို့ ထောက်ခံအကြံပြုတင်ပြခြင်း၊

(ည) ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများရှိ နိုင်ငံ့ဝန်ထမ်းရာထူးအုပ်စုများအလိုက် ကျွမ်းကျင်မှု မူဘောင်များနှင့် လုပ်ငန်းတာဝန်သတ်မှတ်ချက်များ ရေးဆွဲနိုင်ရေး အထောက်အကူပြု ပံ့ပိုးကူညီဆောင်ရွက်ခြင်း၊"

(င) ပုဒ်မခွဲ (ဇ) ကို အောက်ပါအတိုင်းအစားထိုးရမည် -

"(ဋ) ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများ၏ ဝန်ထမ်းရွေးချယ်ရေး၊ လေ့ကျင့်ပျိုးထောင်ရေး၊ စည်းကမ်းထိန်းသိမ်းရေးကိစ္စများနှင့်စပ်လျဉ်း၍ စိစစ်ညှိနှိုင်းဆောင်ရွက်ခြင်း၊"

(စ) ပုဒ်မခွဲ (ဈ) ကို အောက်ပါအတိုင်းအစားထိုးရမည် -

"(ဌ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရက မိမိတို့တာဝန်ယူ အကောင်အထည်ဖော်ရသည့် လုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် နယ်ဘက်ဝန်ထမ်းအဖွဲ့အစည်းများအား ဖွဲ့စည်းခြင်း၊ လိုအပ်သော နယ်ဘက်ဝန်ထမ်းများအား ခန့်အပ်ခြင်းတို့ပြုရာတွင် နိုင်ငံ့ဝန်ထမ်းဥပဒေနှင့်အညီလည်းကောင်း၊ ပြည်ထောင်စုအစိုးရနှင့် ကြိုတင်ညှိနှိုင်း၍လည်းကောင်း ဖွဲ့စည်းခန့်အပ်နိုင်ရန် ညှိနှိုင်းဆောင်ရွက်ခြင်း၊"

(ဆ) ပုဒ်မခွဲ (ည) နှင့် ပုဒ်မခွဲ (ဋ) တို့ကို ပုဒ်မခွဲ (ဍ) နှင့် ပုဒ်မခွဲ (ဎ) တို့အဖြစ် ပြောင်းလဲအမှတ်စဉ်ရမည်။

၃။ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥပဒေပုဒ်မ ၉ တွင် -

(က) ပုဒ်မ ၉ ခြေဆင်းကို အောက်ပါအတိုင်းအစားထိုးရမည် -

"ဝန်ထမ်းများအား ခန့်ထားရေးနှင့် ရာထူးအဆင့်တိုးမြှင့်ရေးတို့အတွက် ရွေးချယ်ခြင်းနှင့်စပ်လျဉ်း၍ အဖွဲ့၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -"

(ခ) ပုဒ်မခွဲ (ခ) ကို အောက်ပါအတိုင်းဖြည့်စွက်ရမည် -

"(ခ) အဖွဲ့ကသာရွေးချယ်ရန် သတ်မှတ်ထားသော ရာထူးအဆင့်မှအပ ကျန်ရာထူးအဆင့်ရှိ ဝန်ထမ်းများအား သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများကရွေးချယ်ရန် သတ်မှတ်ခြင်း၊"

(ဂ) ပုဒ်မခွဲ (ဂ) ကို အောက်ပါအတိုင်းဖြည့်စွက်ရမည် -

"(ဂ) ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများက ပုဒ်မခွဲ (ခ) အရ သတ်မှတ်ရာထူးအဆင့်များအတွက် ဝန်ထမ်းများကိုရွေးချယ်ရန် ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းအကြီးအမှူး သို့မဟုတ် ဝန်ထမ်း အဖွဲ့အစည်း အကြီးအမှူးက အဖွဲ့ ဖွဲ့စည်း၍ ရွေးချယ်ရန် လွှဲအပ်ခြင်း၊"

(ဃ) ပုဒ်မခွဲ (ဃ) ကို အောက်ပါအတိုင်းအစားထိုးရမည် -

"(ဃ)ပုဒ်မ ၈၊ ပုဒ်မခွဲ (ង) ပါ ပြဋ္ဌာန်းချက်များနှင့်မဆန့်ကျင်စေဘဲ ပုဒ်မ ၈၊ ပုဒ်မခွဲ (ဌ) ပါ ဝန်ထမ်းများကို ခန့်အပ်လိုသည့်ကိစ္စများတွင် အဖွဲ့၏ညွှန်ကြားချက်များနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများအား ဆောင်ရွက်စေခြင်း၊"

(င) ပုဒ်မခွဲ (စ) ကို အောက်ပါအတိုင်းအစားထိုးရမည် -

"(စ)သက်ဆိုင်ရာဝန်ကြီးဌာနနှင့်အဖွဲ့အစည်းများက ပြန်တမ်းဝင်အရာရှိအဆင့်သို့ တိုးမြှင့်ရေးနှင့် စပ်လျဉ်း၍ ထောက်ခံလာသော ကိစ္စရပ်များကို နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ များပါ ရာထူးတိုးမြှင့်ရေးဆိုင်ရာ သတ်မှတ်ချက်များနှင့်အညီ စိစစ်ဆောင်ရွက်ခြင်း။"

၄။ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥပဒေပုဒ်မ ၁၀ တွင် -

(က) ပုဒ်မခွဲ (ဃ) ကို အောက်ပါအတိုင်းအစားထိုးရမည် -

"(ဃ) ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းအသီးသီးက ယင်းတို့၏ ဝန်ထမ်းများအတွက် ဖွင့်လှစ် သင်ကြားသည့် ဌာနဆိုင်ရာကျွမ်းကျင်မှုသင်တန်းများနှင့်စပ်လျဉ်း၍ ချမှတ်ထားသည့် နိုင်ငံ့ဝန်ထမ်းလေ့ကျင့်ရေးမူဝါဒနှင့်အညီ ပေါင်းစပ်ညှိနှိုင်းခြင်း။"

(ခ) ပုဒ်မခွဲ (ဃ) ၏ နောက်တွင် ပုဒ်မခွဲ (င) ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"(င) ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများနှင့် အဆင့်မြင့်အရာရှိကြီးများ၏ ရာထူးနေရာများသို့ စွမ်းဆောင်ရည်ရှိသူများကို ထိုက်တန်စွာ ရွေးချယ်ခန့်အပ်တာဝန်ပေးအပ်နိုင်ရေးအတွက် ဝန်ထမ်းအဆင့်အလိုက် ထိရောက်စွာ လေ့ကျင့်ပျိုးထောင်ပေးခြင်း။"

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုလွှတ်တော်ရုံး

### အမိန့်ကြော်ငြာစာအမှတ် (၇၈/၂၀၁၈)

၁၃၈၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၈ ရက်

(၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက်)

### ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးဥပဒေကြမ်း ထုတ်ပြန်ကြေညာခြင်း

ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့လာသော ယဉ်ကျေးမှုအမွေအနှစ် ဒေသများ ကာကွယ်ထိန်းသိမ်းရေးဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၇၉ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

# ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးဥပဒေ (မူကြမ်း)
# (၂၀၁၈ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်   ။)

၁၃၈၀ ပြည့်နှစ်၊     လ   ရက်

(၂၀၁၈ ခုနှစ်၊     လ   ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)
## အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ယဉ်ကျေးမှုအမွေအနှစ်**ဆိုသည်မှာ သမိုင်းအရဖြစ်စေ၊ ယဉ်ကျေးမှုအရဖြစ်စေ၊ ရှေးဟောင်းသုတေသနအရဖြစ်စေ၊ အနုပညာလက်ရာမြောက်မှုအရဖြစ်စေ၊ မနုဿဗေဒအရဖြစ်စေ၊ ဘူမိဗေဒအရဖြစ်စေ၊ ဇီဝဗေဒအရဖြစ်စေ တန်ဖိုးကြီးမားသောကြောင့် ကာကွယ်ထိန်းသိမ်းရန် လိုအပ်သည့် ရှေးဟောင်းနေရာ သို့မဟုတ် ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံကို ဆိုသည်။

(ခ) **အမျိုးသားအဆင့်ယဉ်ကျေးမှုအမွေအနှစ်**ဆိုသည်မှာ ဝန်ကြီးဌာနက အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်သည့် ယဉ်ကျေးမှုအမွေအနှစ်ကို ဆိုသည်။

(ဂ) **ကမ္ဘာ့အမွေအနှစ်**ဆိုသည်မှာ ကုလသမဂ္ဂပညာရေး၊ သိပ္ပံနှင့်ယဉ်ကျေးမှုအဖွဲ့ (UNESCO) ၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်ကြေညာပြီး ကမ္ဘာ့ယဉ်ကျေးမှုနှင့် သဘာဝအမွေအနှစ်ဆိုင်ရာ ကွန်ဗင်းရှင်း (၁၉၇၂ ခုနှစ်) အရ စာရင်းသွင်းသတ်မှတ်ထားသော ယဉ်ကျေးမှုအမွေအနှစ်ကို ဆိုသည်။

(ဃ) **ယဉ်ကျေးမှုအမွေအနှစ်ဒေသ**ဆိုသည်မှာ ဤဥပဒေအရ သတ်မှတ်သည့် ယဉ်ကျေးမှုအမွေအနှစ်များ တည်ရှိရာဒေသ သို့မဟုတ် ကြားခံဒေသကို ဆိုသည်။

(င) **ယဉ်ကျေးမှုအမွေအနှစ်များတည်ရှိရာဒေသ**ဆိုသည်မှာ ရှေးဟောင်းအထိမ်းအမှတ် အဆောက်အအုံများဖြစ်စေ၊ ရှေးဟောင်းနေရာများဖြစ်စေ တည်ရှိသည့် ဤဥပဒေအရ သတ်မှတ်သောဒေသကို ဆိုသည်။

(စ) **ကြားခံဒေသ**ဆိုသည်မှာ ယဉ်ကျေးမှုအမွေအနှစ်များတည်ရှိရာဒေသကို ထိခိုက်ပျက်စီးမှုမရှိစေရန်အတွက် ဤဥပဒေအရ သတ်မှတ်သောဒေသကို ဆိုသည်။

(ဆ) **ရှေးဟောင်းနေရာ**ဆိုသည်မှာ ဦးစီးဌာနက ရှေးဟောင်းနေရာ ဟုတ် မဟုတ် စုံစမ်းစစ်ဆေးသည့်နေ့ရက်မတိုင်မီ နှစ်ပေါင်း ၁၀၀ နှင့်အထက်က တည်ရှိသော သို့မဟုတ် ယဉ်ကျေးမှုအမွေအနှစ်အဖြစ် သတ်မှတ်သော တူးဖော်ဆဲဖြစ်သည့် သို့မဟုတ် တူးဖော်ခြင်းမပြုရသေးသည့် နေရာ၊ သဘာဝအရ ဖြစ်ပေါ်နေသည့် ကျောက်ဖြစ်ရုပ်ကြွင်းများ၊ ကျောက်လက်နက်များတွေ့ရှိရာ နေရာ၊ ရှေးခေတ်လူတို့ အခြေချနေထိုင်ခဲ့သောနေရာ သို့မဟုတ် နားခိုရာနေရာကို ဆိုသည်။

(ဇ) **ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံ**ဆိုသည်မှာ မြေပေါ်တွင်ဖြစ်စေ၊ မြေအောက်တွင်ဖြစ်စေ၊ ရေပေါ်တွင်ဖြစ်စေ၊ ရေအောက်တွင်ဖြစ်စေ နှစ်ပေါင်း ၁၀၀ နှင့်အထက် သက်တမ်းရှိသည့် ကျောက်ဖြစ်ရုပ်ကြွင်းများတွေ့ရှိရာ ဘူမိသဘာဝပတ်ဝန်းကျင်နေရာများအပါအဝင် လူသားတို့ နေထိုင်ပြုလုပ်သုံးစွဲ တည်ဆောက်ခဲ့သည့် အောက်ပါအဆောက်အအုံနေရာများကို ဆိုသည် -

(၁) စေတီ၊ ပုထိုး၊ ဂူဘုရား၊ ဘုန်းတော်ကြီးကျောင်း၊ အုတ်ကျောင်း၊ ဇရပ်၊ သိမ် အပါအဝင် သာသနိကဆိုင်ရာ အဆောက်အအုံများ၊ ယုံကြည်ကိုးကွယ်မှုဆိုင်ရာ အဆောက်အအုံများ၊ အုတ်ကုန်းများ၊ ပြိုကျပျက်စီးသွားပြီးဖြစ်သည့် အပျက်အစီးများ၊

(၂) ရှေးမြို့ဟောင်း၊ နန်းတော်၊ မြို့ရိုး၊ ကျုံး၊ မြေကတုတ်၊ တံခါး၊ မုခ်ဝ၊ မြို့ဝင်ပေါက်၊ ခံတပ်များ၊ လူနေအဆောက်အအုံများ၊ လူနေရာဌာန၊ ဥယျာဉ်၊ အလုပ်လုပ်ရာဌာနနှင့် ရှေးဟောင်းလူများနေထိုင်ခဲ့သည့် ကုန်းဟောင်းများ၊ ယင်းတို့၏ အကြွင်းအကျန်များ၊

(၃) သဘာဝအလျောက် တည်ရှိသည့် သို့မဟုတ် လူတို့ဖန်တီးသည့် ခိုအောင်းနေထိုင်ခဲ့သောဂူ၊ သဘာဝလိုဏ်ဂူ၊ ရှေးဟောင်းကျောက်ဂူ၊ အခြားနေထိုင်ရာနေရာနှင့် ရှေးဟောင်းလူများသွားလာနေထိုင်ခဲ့သည့် ကုန်း၊ ရိုး၊ ချိုင့်၊ ကျင်း၊ လျှိုမြောင်၊ မြစ်ကမ်းဆင့်နှင့် ပရိုင်းမိတ်များ၊ အခြားကျောက်ဖြစ်ရုပ်ကြွင်းများ တွေ့ရှိရာနေရာများအပါအဝင် ဘူမိသဘာဝ ပတ်ဝန်းကျင်နေရာများ၊

(၄) ရှေးခေတ်လူတို့ အသုံးအဆောင်ပစ္စည်းများ ပြုလုပ်သည့်နေရာ၊ အိုးဖို၊ စဥ့်ဖို၊ သံချက်ဖို၊ ဖန်ချက်ဖိုနှင့် အခြားသတ္တုကျိုချက်သည့် ဖိုများနှင့် ဆက်စပ်နေရာများ၊

(၅) ရှေးခေတ်အဆောက်အအုံ၊ လမ်း၊ တံတား၊ တူးဖော်ထားသောနေရာ၊ ရေတွင်း၊ ရေကန်၊ ရေအိုင်၊ ဆည်မြောင်းနှင့် အထိမ်းအမှတ်အဖြစ် ပြုလုပ်ထားသော ကျောက်ပုံ၊ ကျောက်တိုင်၊ ကျောက်စု၊ သင်္ချိုင်း၊ မြေမြှုပ်သင်္ဂြိုဟ်သောနေရာ၊ သင်္ဂြိုဟ်သောအဆောက်အအုံ၊ ဂူ၊ ပြာသာဒ်၊

(၆) ကမ္ပည်းကျောက်စာ၊ မော်ကွန်းစသည်တို့နှင့် ၎င်းတို့ကိုထားရှိရာ အဆောက်အအုံ သို့မဟုတ် ကျောက်စာဂူ၊ အထိမ်းအမှတ်အဖြစ် ပြုလုပ်စိုက်ထူထားသည့် အရာဝတ္ထုများ၊ တိုင်များ၊ ကျောက်ချပ်များ၊

(၇) ယဉ်ကျေးမှု၊ သမိုင်း၊ ဗိသုကာ၊ အနုပညာလက်ရာ တန်ဖိုးမြင့်မား၍ နိုင်ငံတော်က ကာကွယ်ထိန်းသိမ်းသင့်သည့် အဆောက်အအုံများ၊

(၈) ဝန်ကြီးဌာနက အမိန့်ကြော်ငြာစာထုတ်ပြန်၍ ရှေးဟောင်းစာရင်းဝင်အဆောက်အအုံအဖြစ် သတ်မှတ်သည့် အခြားအဆောက်အအုံများ။

(ဈ) **ရှေးဟောင်းအထိမ်းအမှတ် အဆောက်အအုံပရဝဏ်**ဆိုသည်မှာ ဤဥပဒေအရ သတ်မှတ်သော ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံ၏ နယ်နိမိတ်ကို ဆိုသည်။

(ည) **မြို့ပြ**ဆိုသည်မှာ ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်း ပြည်ထဲရေးဝန်ကြီးဌာနက ဤဥပဒေအရ အမိန့်ကြော်ငြာစာထုတ်ပြန်၍ မြို့မြေအဖြစ် သတ်မှတ်ထားသည့် နယ်မြေကို ဆိုသည်။

(ဋ) **ကျေးရွာ**ဆိုသည်မှာ ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်း ပြည်ထဲရေးဝန်ကြီးဌာနက ဤဥပဒေအရ အမိန့်ကြော်ငြာစာထုတ်ပြန်၍ ရွာမြေအဖြစ် သတ်မှတ်ထားသည့် နယ်မြေကို ဆိုသည်။

(ဌ) **ယဉ်ကျေးမှုအမွေအနှစ်အခင်းအကျင်း**ဆိုသည်မှာ သဘာဝပတ်ဝန်းကျင်တွင် ဒြပ်ရှိဒြပ်မဲ့ လူမှုဓလေ့များ ပေါင်းစပ်ဖွဲ့စည်းဖြစ်တည်လျက်ရှိသည့် နယ်မြေနှင့်ယင်းတို့၏ ဖြစ်တည်မှုကို ပေါ်လွင်ထင်ရှားစွာ တွေ့မြင်မှတ်သားနိုင်သည့် ရှုမြင်ကွင်းကို ဆိုသည်။

(ဍ) **အမျိုးသားအဆင့်စီမံခန့်ခွဲမှုကော်မတီ**ဆိုသည်မှာ ကမ္ဘာ့အမွေအနှစ်ဒေသနှင့် အမျိုးသားအဆင့် ယဉ်ကျေးမှုအမွေအနှစ်ဒေသတို့အတွက် ယဉ်ကျေးမှုအမွေအနှစ်များကို ကာကွယ်ထိန်းသိမ်းခြင်းနှင့် စီမံခန့်ခွဲခြင်းပြုရန် ဤဥပဒေအရဖွဲ့စည်းသော အမျိုးသားအဆင့်စီမံခန့်ခွဲမှု ကော်မတီကို ဆိုသည်။

(ဎ) **ဒေသဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ**ဆိုသည်မှာ ကမ္ဘာ့အမွေအနှစ်ဒေသနှင့် အမျိုးသားအဆင့် ယဉ်ကျေးမှုအမွေအနှစ်ဒေသမှလွဲ၍ ကျန်ယဉ်ကျေးမှုအမွေအနှစ်ဒေသတစ်ခုချင်းအတွက် ယဉ်ကျေးမှုအမွေအနှစ်များကို ကာကွယ်ထိန်းသိမ်းခြင်းနှင့် စီမံခန့်ခွဲခြင်းပြုရန် ဤဥပဒေအရ ဖွဲ့စည်းသော ဒေသဆိုင်ရာစီမံခန့်ခွဲမှုကော်မတီကို ဆိုသည်။

(ဏ) **အစိုးရအဖွဲ့**ဆိုသည်မှာ ပြည်ထောင်စုအစိုးရအဖွဲ့ကို ဆိုသည်။

(တ) **ဝန်ကြီးဌာန**ဆိုသည်မှာ ပြည်ထောင်စုအစိုးရ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနကို ဆိုသည်။

(ထ) **ဦးစီးဌာန**ဆိုသည်မှာ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနကို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ရှေးနှစ်ပေါင်းများစွာက တည်ရှိခဲ့သော ယဉ်ကျေးမှုအမွေအနှစ်များ အစွန့်ရှည်စွာတည်တံ့စေရေး အတွက် ကာကွယ်ထိန်းသိမ်းခြင်းဆိုင်ရာမူဝါဒကို မြှင့်တင်အကောင်အထည်ဖော်ရန်၊

(ခ) ယဉ်ကျေးမှုအမွေအနှစ်ဒေသများနှင့် ယင်းဒေသအတွင်းရှိ ယဉ်ကျေးမှုအမွေအနှစ်များအား သဘာဝဘေးအန္တရာယ်ကြောင့်ဖြစ်စေ၊ လူတို့၏ ပြုလုပ်မှုကြောင့်ဖြစ်စေ၊ သစ်ပင်သစ်ဥကြောင့် ဖြစ်စေ၊ ပိုးမွှားများ၊ ငှက်၊ တိရစ္ဆာန်များကြောင့်ဖြစ်စေ ယိုယွင်းပျက်စီးခြင်းမရှိစေရေးအတွက် ကာကွယ်ထိန်းသိမ်းရန်၊

(ဂ) ယဉ်ကျေးမှုအမွေအနှစ်ဒေသများကို ကာကွယ်ထိန်းသိမ်းခြင်းဖြင့် နိုင်ငံသားများ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားစေရန်နှင့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်စေရန်၊

(ဃ) အများပြည်သူတို့၏အသိစိတ်ဓာတ်တွင် ယဉ်ကျေးမှုအမွေအနှစ်ဒေသများအား ကာကွယ် ထိန်းသိမ်းခြင်း၏ တန်ဖိုးကြီးမားမှုကို နားလည်ခံယူနိုင်ကြစေရန်၊

(င) ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ဖျက်ဆီးမှုမခံရစေရေးအတွက် အကာအကွယ်ပေးရန်၊

(စ) ယဉ်ကျေးမှုအမွေအနှစ်ဒေသများကာကွယ်ထိန်းသိမ်းရေးနှင့်စပ်လျဉ်း၍ နိုင်ငံတော်က လက်ခံ သဘောတူသော အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းနှင့်အညီ ဆောင်ရွက်ရန်၊

(ဆ) ကမ္ဘာ့အမွေအနှစ်ဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန်။

## အခန်း (၃)
## ယဉ်ကျေးမှုအမွေအနှစ်စီမံခန့်ခွဲမှုကော်မတီများ ဖွဲ့စည်းခြင်း

၄။ အစိုးရအဖွဲ့သည် -

(က) ကမ္ဘာ့အမွေအနှစ်ဒေသကိုလည်းကောင်း၊ အမျိုးသားအဆင့်ယဉ်ကျေးမှုအမွေအနှစ်ဒေသကို လည်းကောင်း ကာကွယ်ထိန်းသိမ်းခြင်းနှင့်စီမံခန့်ခွဲခြင်းပြုရန် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များပါဝင်သော အမျိုးသားအဆင့်စီမံခန့်ခွဲမှုကော်မတီကို ဖွဲ့စည်းရမည် -

| | | |
|---|---|---|
| (၁) | သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့က တာဝန်ပေးအပ်သောဝန်ကြီး | ဥက္ကဋ္ဌ |
| (၂) | ညွှန်ကြားရေးမှူး၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၃) | ဒုတိယညွှန်ကြားရေးမှူး၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန | အဖွဲ့ဝင် |
| (၄) | တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဦးစီးမှူး မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၅) | ညွှန်ကြားရေးမှူး၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဟိုတယ်နှင့် ခရီးသွားလာရေးညွှန်ကြားမှုဦးစီးဌာန | အဖွဲ့ဝင် |
| (၆) | ညွှန်ကြားရေးမှူး၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ | အဖွဲ့ဝင် |
| (၇) | တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဦးစီးမှူး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၈) | ညွှန်ကြားရေးမှူး၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန | အဖွဲ့ဝင် |

(၉) ယဉ်ကျေးမှုအမွေအနှစ်ကာကွယ်ထိန်းသိမ်းခြင်းနှင့်စပ်လျဉ်း၍ ကျွမ်းကျင်သူတစ်ဦး — အဖွဲ့ဝင်

(၁၀) ယဉ်ကျေးမှုအမွေအနှစ်ကာကွယ်ထိန်းသိမ်းရေး လုပ်ငန်းကို စိတ်ဝင်စားသည့်ဒေသခံနှစ်ဦး — အဖွဲ့ဝင်

(၁၁) သက်ဆိုင်ရာရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနခွဲတာဝန်ခံ — အတွင်းရေးမှူး

(ခ) အမျိုးသားအဆင့်စီမံခန့်ခွဲမှုကော်မတီကို လိုအပ်သလို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

(ဂ) အမျိုးသားအဆင့်စီမံခန့်ခွဲမှုကော်မတီတွင်ပါဝင်သည့် နိုင်ငံ့ဝန်ထမ်းမဟုတ်သော အဖွဲ့ဝင်များ၏ ချီးမြှင့်ငွေနှင့် စရိတ်များကို သတ်မှတ်ပေးရမည်။

၅။ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် နေပြည်တော်ကောင်စီ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ ဦးစီးအဖွဲ့သည် -

(က) ကမ္ဘာ့အမွေအနှစ်ဒေသနှင့် အမျိုးသားအဆင့်ယဉ်ကျေးမှုအမွေအနှစ်ဒေသများမှလွဲ၍ ကျန်ယဉ်ကျေးမှု အမွေအနှစ်ဒေသများကို ကာကွယ်ထိန်းသိမ်းခြင်းနှင့် စီမံခန့်ခွဲခြင်းပြုရန် အောက်ဖော်ပြပါပုဂ္ဂိုလ်များ ပါဝင်သော ဒေသဆိုင်ရာစီမံခန့်ခွဲမှုကော်မတီကို ဖွဲ့စည်းရမည် -

(၁) ခရိုင် သို့မဟုတ် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးမှ တာဝန်ပေးအပ်သည့်ဌာနဆိုင်ရာအရာရှိတစ်ဦး — ဥက္ကဋ္ဌ

(၂) မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အရာရှိတစ်ဦး — အဖွဲ့ဝင်

(၃) ဦးစီးမှူး၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန — အဖွဲ့ဝင်

(၄) ဦးစီးမှူး၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန — အဖွဲ့ဝင်

(၅) သက်ဆိုင်ရာရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနခွဲ တာဝန်ခံ — အတွင်းရေးမှူး

(ခ) ဒေသဆိုင်ရာစီမံခန့်ခွဲမှုကော်မတီကို လိုအပ်သလို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

## အခန်း (၄)

## ယဉ်ကျေးမှုအမွေအနှစ်ဒေသ သတ်မှတ်ခြင်း

၆။ ဝန်ကြီးဌာနသည် ယဉ်ကျေးမှုအမွေအနှစ်ဒေသအဖြစ် အောက်ပါ ဒေသအမျိုးအစားတစ်ခုခုကို ဖြစ်စေ၊ တစ်ခုထက်ပို၍ဖြစ်စေ နယ်နိမိတ်ဖော်ပြ၍ အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အမိန့်ကြော်ငြာစာ ထုတ်ပြန်သတ်မှတ်နိုင်သည် -

(က) ယဉ်ကျေးမှုအမွေအနှစ်များတည်ရှိရာဒေသ၊

(ခ) ကြားခံဒေသ။

၇။ ဝန်ကြီးဌာနသည် လိုအပ်လျှင်ယဉ်ကျေးမှုအမွေအနှစ်များတည်ရှိရာဒေသနှင့် ကြားခံဒေသအတွင်းတွင် မြေယာစီမံခန့်ခွဲရေးအတွက် အောက်ပါအတိုင်း ဆောင်ရွက်ရမည် -

(က) အစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်းတစ်ခုခု၏ စီမံခန့်ခွဲမှုအောက်တွင်ရှိသောမြေဖြစ်ပါက သက်ဆိုင်ရာအစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်းနှင့် ကြိုတင်ညှိနှိုင်းဆောင်ရွက်ခြင်း၊ လိုအပ်ပါက အစိုးရအဖွဲ့သို့ တင်ပြဆောင်ရွက်ခြင်း၊

(ခ) ပုဂ္ဂိုလ် သို့မဟုတ် ပုဂ္ဂလိကအဖွဲ့အစည်းက စိုက်ပျိုးလုပ်ကိုင်ခွင့်၊ လက်ဝယ်ထားခွင့်၊ အသုံးပြုခွင့်၊ အကျိုးခံစားခွင့်၊ ဆက်ခံခွင့် သို့မဟုတ် လွှဲပြောင်းခွင့်ရှိသော မြေဖြစ်ပါက သက်ဆိုင်ရာဥပဒေနှင့် အညီ သက်ဆိုင်ရာပုဂ္ဂိုလ်၊ ပုဂ္ဂလိကအဖွဲ့အစည်းနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း။

## အခန်း (၅)

## ယဉ်ကျေးမှုအမွေအနှစ်ဒေသ ကာကွယ်ထိန်းသိမ်းခြင်း

၈။ အမျိုးသားအဆင့်စီမံခန့်ခွဲမှုကော်မတီနှင့် ဒေသဆိုင်ရာစီမံခန့်ခွဲမှုကော်မတီများသည် ယဉ်ကျေးမှုအမွေအနှစ်ဒေသများတွင် ယဉ်ကျေးမှုအမွေအနှစ်အခင်းအကျင်းကို အဟန့်အတား၊ အနှောင့်အယှက်ဖြစ်စေသည့် မည်သည့်အဆောက်အအုံမျှ ဆောက်လုပ်ခြင်းမပြုရန်တားဆီးခြင်း၊ ကျူးကျော်ဆောက်လုပ်ထားမှုများကို ဖယ်ရှားစေခြင်းတို့ကို သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်နိုင်သည်။

၉။ အမျိုးသားအဆင့်စီမံခန့်ခွဲမှုကော်မတီနှင့် ဒေသဆိုင်ရာစီမံခန့်ခွဲမှုကော်မတီများသည် ယဉ်ကျေးမှုအမွေအနှစ်ဒေသတစ်ခုချင်းအလိုက် အဆောက်အအုံဆောက်လုပ်ရာ၌ လိုက်နာရမည့် စည်းကမ်းချက်များနှင့် သတ်မှတ်ချက်များကို ဝန်ကြီးဌာနနှင့်ညှိနှိုင်း၍ သတ်မှတ်နိုင်သည်။

၁၀။ အမျိုးသားအဆင့်စီမံခန့်ခွဲမှုကော်မတီနှင့် ဒေသဆိုင်ရာစီမံခန့်ခွဲမှုကော်မတီများသည် ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်းတွင် ကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းများကို သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရမည်။

၁၁။ အမျိုးသားအဆင့်စီမံခန့်ခွဲမှုကော်မတီနှင့် ဒေသဆိုင်ရာစီမံခန့်ခွဲမှုကော်မတီများသည် ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်း၌ အောက်ပါကိစ္စရပ်များကို ဆောင်ရွက်ရန်လိုအပ်ပါက ဝန်ကြီးဌာန၏ သဘောတူညီချက်ရယူရမည် -

(က) ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံ၏ ပရဝုဏ်ကို သတ်မှတ်ခြင်း၊

(ခ) ပုဒ်မခွဲ (က) အရ သတ်မှတ်သည့်ပရဝုဏ်အတွင်း ဆောင်ရွက်သည့်ကိစ္စရပ်များအတွက် လိုက်နာရမည့် စည်းကမ်းချက်များ သတ်မှတ်ခြင်း၊

(ဂ) ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံအား ဂေါပက သို့မဟုတ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့များ ဖွဲ့စည်း၍ ထိန်းသိမ်းစောင့်ရှောက်ခြင်း။

## အခန်း (၆)

## ဝန်ကြီးဌာန၏ လုပ်ငန်းတာဝန်များ

၁၂။ ဝန်ကြီးဌာန၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေး၊ ဖော်ထုတ်ရေးနှင့် သုတေသနပြုလုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ခ) ထင်ရှားကျော်ကြား၍ ယဉ်ကျေးမှုတန်ဖိုးမြင့်မားသော ယဉ်ကျေးမှုအမွေအနှစ်ဒေသများနှင့် ပျက်စီးယိုယွင်းနေသော ယဉ်ကျေးမှုအမွေအနှစ်များကို ဦးစားပေးထိန်းသိမ်းစောင့်ရှောက်ခြင်း၊

(ဂ) ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်း ရှေးဟောင်းနေရာနှင့် ရှေးဟောင်းအထိမ်းအမှတ် အဆောက်အအုံများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သတ်မှတ်ခြင်း၊

(ဃ) ယဉ်ကျေးမှုအမွေအနှစ်များကို ကမ္ဘာ့အမွေအနှစ်စာရင်းတွင် ပါဝင်နိုင်ရေးအတွက် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဆောင်ရွက်ခြင်း၊

(င) ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်းမှ ရှေးဟောင်းဝတ္ထုပစ္စည်းများ ပြည်ပသို့မရောက်ရှိစေရေးနှင့် ပြည်ပသို့ ရောက်ရှိသွားသော ရှေးဟောင်းဝတ္ထုပစ္စည်းများ ပြန်လည်ရရှိရေးတို့အတွက် လိုအပ်သလို ဆောင်ရွက်ခြင်း၊

(စ) ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များကို တန်ဖိုးထားဂုဏ်ယူတတ်စေရေးအတွက် အသိပညာပေးရေးလုပ်ငန်းဆောင်ရွက်ခြင်း၊

(ဆ) အစိုးရအဖွဲ့ကအခါအားလျော်စွာ သတ်မှတ်သော ယဉ်ကျေးမှုအမွေအနှစ်ကာကွယ်ထိန်းသိမ်းခြင်းဆိုင်ရာ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း၊

(ဇ) အမျိုးသားအဆင့်စီမံခန့်ခွဲမှုကော်မတီနှင့် ဒေသဆိုင်ရာစီမံခန့်ခွဲမှုကော်မတီများ၏ တင်ပြချက်များကို လိုအပ်သလို ဆက်လက်ဆောင်ရွက်ခြင်း၊

(ဈ) ယဉ်ကျေးမှုအမွေအနှစ်ထိခိုက်မှုတွင် ထိခိုက်အောင် ဆောင်ရွက်သူက ပေးလျော်စေရန်၊ ယဉ်ကျေးမှုအမွေအနှစ်မှ အကျိုးအမြတ်ရရှိသည့် အဖွဲ့အစည်းများက ရန်ပုံငွေထည့်ဝင်စေရန်၊ အကျိုးအမြတ်၏ တစ်စိတ်တစ်ပိုင်းအား ယဉ်ကျေးမှုအမွေအနှစ်ထိန်းသိမ်းရေးလုပ်ငန်းများတွင် ထည့်ဝင်စေရန် စီမံခန့်ခွဲခြင်း၊

(ည) နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေမှ ရငွေအပြင် ယဉ်ကျေးမှုအမွေအနှစ်ထိန်းသိမ်းရေးလုပ်ငန်းများ ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတော်၏ဘဏ္ဍာရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့်အညီ နိုင်ငံတော်၏ငွေစာရင်းတွင် ယဉ်ကျေးမှုအမွေအနှစ် စီမံခန့်ခွဲမှု ရန်ပုံငွေတစ်ရပ်ကို တည်ထောင်ထားရှိခြင်း။

## အခန်း (၇)
## စီမံခန့်ခွဲမှုကော်မတီများ၏ လုပ်ငန်းတာဝန်များ

၁၃။ အမျိုးသားအဆင့်စီမံခန့်ခွဲမှုကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ကမ္ဘာ့အမွေအနှစ်နှင့် အမျိုးသားအဆင့်ယဉ်ကျေးမှုအမွေအနှစ်ဒေသများထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးလုပ်ငန်းများကို ဆောင်ရွက်ခြင်း၊

(ခ) ကမ္ဘာ့အမွေအနှစ်ဒေသများအတွက် ကုလသမဂ္ဂပညာရေး၊ သိပ္ပံနှင့်ယဉ်ကျေးမှုအဖွဲ့ (UNESCO) က သတ်မှတ်ထားသည့် မူဝါဒစည်းကမ်းချက်များအား မိမိတို့နယ်မြေဒေသ၊ ယဉ်ကျေးမှုနှင့်အညီ ဆောင်ရွက်ခြင်း၊

(ဂ) ကမ္ဘာ့အမွေအနှစ်နှင့် အမျိုးသားအဆင့် ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်းရှိ မြို့ပြ၊ ကျေးရွာများတွင် အောက်ပါကိစ္စရပ်များကို စိစစ်ဆောင်ရွက်ခြင်း -

(၁) အဆောက်အအုံကို တည်ဆောက်ခြင်း၊ တိုးချဲ့ဆောက်လုပ်ခြင်း၊ ပြင်ဆင်ခြင်း၊ ဝင်းခြံနယ်နိမိတ်တိုးချဲ့ခြင်း၊

(၂) မူလရှိပြီး ဟိုတယ်၊ မိုတယ်၊ ဧည့်ဂေဟာ၊ တည်းခိုရိပ်သာ သို့မဟုတ် စက်မှုလုပ်ငန်း အဆောက်အအုံကို ပြင်ဆင်ခြင်း၊

(၃) ဒေသခံများကဆောင်ရွက်သည့် စီးပွားရေး၊ လူမှုရေးကိစ္စရပ်များကို ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ထိန်းသိမ်းကြပ်မတ်ဆောင်ရွက်ခြင်း၊

(၄) ရှေးဟောင်းအထိမ်းအမှတ် အဆောက်အအုံ၏ ဝင်းခြံနယ်နိမိတ်ကို ပြင်ဆင်ခြင်း၊ တိုးချဲ့ခြင်း လုပ်ငန်းများဆောင်ရွက်ခြင်း၊

(၅) လမ်းဖောက်လုပ်ခြင်း၊ တံတား၊ ဆည်မြောင်း၊ တာတမံဆောက်လုပ်ခြင်း၊ လျှပ်စစ်နှင့် ဆက်သွယ်ရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(၆) စီမံခန့်ခွဲမှုအရ မဖြစ်မနေလိုအပ်သော အဆောက်အအုံ၊ လူအများသုံးအခြေခံအဆောက်အအုံများ ဆောက်လုပ်ခြင်း။

၁၄။ ဒေသဆိုင်ရာယဉ်ကျေးမှုအမွေအနှစ်စီမံခန့်ခွဲမှုကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) ယဉ်ကျေးမှုအမွေအနှစ်များတည်ရှိရာဒေသနှင့် ကြားခံဒေသအတွင်းတွင် ထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးလုပ်ငန်းများကို ဆောင်ရွက်ခြင်း၊

(ခ) ကမ္ဘာ့အမွေအနှစ်ဒေသများအတွက် ကုလသမဂ္ဂပညာရေး၊ သိပ္ပံနှင့်ယဉ်ကျေးမှုအဖွဲ့ (UNESCO) က သတ်မှတ်ထားသည့် မူဝါဒစည်းကမ်းချက်များအား မိမိတို့နယ်မြေဒေသ၊ ယဉ်ကျေးမှုနှင့်အညီ ဆောင်ရွက်ခြင်း၊

(ဂ) ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်းရှိဒေသခံများ၏ အနာဂတ်မြို့ပြကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

(ဃ) ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်း ဆောင်ရွက်လိုသည့် အောက်ပါကိစ္စများကို စိစစ်ခွင့်ပြုခြင်း-

(၁) ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံနှင့် ယင်းဝင်းခြံနယ်နိမိတ်ကို ပြင်ဆင်ခြင်း၊ တိုးချဲ့ခြင်း၊

(၂) လမ်းဖောက်လုပ်ခြင်း၊ တံတား၊ ဆည်မြောင်း၊ တာတမံဆောက်လုပ်ခြင်း၊ လျှပ်စစ်နှင့် ဆက်သွယ်ရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(၃) စီမံခန့်ခွဲမှုအရ မဖြစ်မနေလိုအပ်သော အဆောက်အအုံ၊ လူအများသုံးအခြေခံအဆောက်အအုံများ ဆောက်လုပ်ခြင်း၊

(၄) အခြားလိုအပ်သောလုပ်ငန်းများ ဆောင်ရွက်ခြင်း။

၁၅။ အမျိုးသားအဆင့်စီမံခန့်ခွဲမှုကော်မတီနှင့် ဒေသဆိုင်ရာစီမံခန့်ခွဲမှုကော်မတီများသည် ကြိုတင်ခွင့်ပြုချက် လျှောက်ထားလာမှုများကို ပုဒ်မ ၂၅ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ စိစစ်ရမည့်အပြင် အမွေအနှစ်ထိခိုက်နိုင်မှု ဆန်းစစ်ချက် (Heritage Impact Assessment) ဖြင့်လည်း သုံးသပ်စိစစ်ရမည်။

၁၆။ အမျိုးသားအဆင့်စီမံခန့်ခွဲမှုကော်မတီနှင့် ဒေသဆိုင်ရာစီမံခန့်ခွဲမှုကော်မတီများသည် ကြိုတင်ခွင့်ပြုချက် ပေးထားသည့်ကိစ္စရပ်များကို ခွင့်ပြုစဉ်က သတ်မှတ်ပေးထားသည့် စည်းကမ်းချက်များအတိုင်း ဆောင်ရွက်ခြင်း မရှိလျှင် ကြိုတင်ခွင့်ပြုချက်ကို ပြန်လည်ရုပ်သိမ်းနိုင်သည်။

## အခန်း (၈)
## ကြိုတင်ခွင့်ပြုချက် လျှောက်ထားခြင်း၊ စိစစ်ခြင်းနှင့် ထုတ်ပေးခြင်း

၁၇။ အောက်ပါလုပ်ငန်းတစ်ရပ်ရပ်ကို ဆောင်ရွက်လိုသူသည် တည်ဆဲဥပဒေများပါ ပြဋ္ဌာန်းချက်များကို လိုက်နာရမည့်အပြင် ယဉ်ကျေးမှုအမွေအနှစ်များအပေါ် ထိခိုက်မှုမရှိကြောင်း ကြိုတင်ခွင့်ပြုချက်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ အမျိုးသားအဆင့်စီမံခန့်ခွဲမှုကော်မတီ သို့မဟုတ် ဒေသဆိုင်ရာစီမံခန့်ခွဲမှု ကော်မတီသို့ လျှောက်ထားရမည် -

(က) ယဉ်ကျေးမှုအမွေအနှစ်များ တည်ရှိရာဒေသအတွင်းရှိ မြို့ပြနှင့်ကျေးရွာအတွင်းတွင် -

(၁) အဆောက်အအုံ တည်ဆောက်ခြင်း သို့မဟုတ် တိုးချဲ့ဆောက်လုပ်ခြင်း၊

(၂) ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံမှတစ်ပါး အခြားအဆောက်အအုံကို ပြင်ဆင်ခြင်း သို့မဟုတ် ယင်း၏ဝင်းခြံနယ်နိမိတ်ကို ကာရံခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် တိုးချဲ့ခြင်း၊

(၃) ယဉ်ကျေးမှုအမွေအနှစ်များကိုမထိခိုက်သည့် သာသနိကအဆောက်အအုံများ၊ ပညာရေး၊ ကျန်းမာရေးဆိုင်ရာ အခြေခံအဆောက်အအုံများ ပြုပြင်မွမ်းမံခြင်း၊ အသစ်တည်ဆောက်ခြင်း၊

(၄) လမ်းများတိုးချဲ့ခြင်း၊ ပြင်ဆင်ခြင်း၊ ဆိပ်ခံဘောတံတားများ ပြင်ဆင်ခြင်း၊

(၅) ရေတွင်း၊ ရေကန်၊ ရေကူးကန်၊ ရေလှောင်ကန်၊ မွေးမြူရေးကန်များ၊ မွေးမြူရေးခြံများ၊ နှစ်ရှည်ပင်စိုက်ပျိုးခြင်းများ ဆောင်ရွက်ခြင်း၊ တိုးချဲ့ခြင်း၊ ပြုပြင်မွမ်းမံခြင်း၊

(၆) လက်မှုလုပ်ငန်းဆိုင်ရာအလုပ်ရုံများ အသစ်တည်ဆောက်ခြင်း၊ တိုးချဲ့ပြုပြင်ခြင်း၊

(၇) စီးပွားရေးလုပ်ငန်းဆိုင်ရာ စားသောက်ဆိုင်များ၊ အမှတ်တရပစ္စည်းအရောင်းဆိုင်များ၊ ခရီးသွားလုပ်ငန်း ဆောင်ရွက်မှုဆိုင်ရာများ တည်ဆောက်ခြင်း၊ တိုးချဲ့ပြုပြင်ခြင်း၊

(၈) ပြခန်းလုပ်ငန်းဆိုင်ရာ အဆောက်အအုံအသစ်ဆောက်လုပ်ခြင်း၊ တိုးချဲ့ပြုပြင်ခြင်း၊

(၉) မူလရှိပြီး ဟိုတယ်၊ မိုတယ်၊ ဧည့်ဂေဟာ၊ တည်းခိုရိပ်သာ သို့မဟုတ် အသေးစား၊ အလတ်စား စက်မှုလုပ်ငန်း အဆောက်အအုံကို ပြင်ဆင်ခြင်း၊

(၁၀) ရဟတ်ယဉ်၊ လူစီးမီးပုံးပျံများ၊ အခြားစက်တပ်၊ စက်မဲ့ယာဉ် ပျံသန်းခြင်း။

(ခ) ယဉ်ကျေးမှုအမွေအနှစ်ဒေသများအတွင်းရှိ ကြားခံဒေသတွင် -

(၁) လမ်းဖောက်လုပ်ခြင်း၊ ဆိပ်ခံဘောတံတား၊ ယာဉ်ရပ်နားစခန်း၊ ရထားလမ်း၊ ရထားဘူတာရုံ၊ အားကစားရုံ၊ အားကစားကွင်းများ၊ အဆောက်အအုံနှင့် တံတားများ အသစ်တည်ဆောက်ခြင်း သို့မဟုတ် ယင်းတို့ကို တိုးချဲ့ခြင်း၊

(၂) ဆက်သွယ်ရေးတာဝါတိုင်များ၊ မြေအောက်လုပ်ငန်းများ၊ မြေအောက်ဓာတ်အားကြိုးများ၊ လျှပ်စစ်မဟာဓာတ်အားလိုင်းများ၊ ဓာတ်အားခွဲရုံများ၊ ဓာတ်တိုင်များ၊ ဓာတ်ငွေ့ပိုက်လိုင်းများ တည်ဆောက်စိုက်ထူခြင်း၊

(၃) ရဟတ်ယာဉ်၊ လူစီးမီးပုံးပျံများ၊ မောင်းသူမဲ့လေယာဉ်၊ ဖြတ်သန်းပျံသန်းခြင်းလုပ်ငန်း ဆောင်ရွက်ခြင်း၊

(၄) ဇာတ်ရုံကဲ့သို့သော ဖျော်ဖြေရေးဆိုင်ရာ အဆောက်အအုံများ၊ နားနေစခန်းများ၊ မြင်းစီးစခန်း ပြိုင်ကွင်းများနှင့် အခြေခံအဆောက်အအုံများ တည်ဆောက်ခြင်း။

၁၈။ (က) ကြိုတင်ခွင့်ပြုချက်လျှောက်ထားခြင်း၊ စိစစ်ခြင်းနှင့် ခွင့်ပြုချက်ထုတ်ပေးခြင်းနှင့်စပ်လျဉ်း၍-

(၁) အမျိုးသားအဆင့်စီမံခန့်ခွဲမှုကော်မတီသည် သတ်မှတ်ချက်နှင့်အညီ ရက်ပေါင်း ၃၀ အတွင်း စိစစ်ဆုံးဖြတ်ရမည်၊

(၂) ဒေသဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသည် သတ်မှတ်ချက်နှင့်အညီ ၁၅ ရက်အတွင်း စိစစ် ဆောင်ရွက်ရမည်။

(ခ) အမျိုးသားအဆင့်စီမံခန့်ခွဲမှုကော်မတီသည် ပုဒ်မခွဲ (က) (၁) အရ စိစစ်ပြီး ကြိုတင်ခွင့်ပြုချက် ထုတ်ပေးခြင်း သို့မဟုတ် ခိုင်လုံသောအကြောင်းပြချက်ဖြင့် ငြင်းပယ်ခြင်းပြုလုပ်နိုင်သည်။

(ဂ) ဒေသဆိုင်ရာစီမံခန့်ခွဲမှုကော်မတီသည် ပုဒ်မခွဲ (က) (၂) အရ စိစစ်၍ လိုအပ်ပါက ဝန်ကြီး ဌာနမှတစ်ဆင့် အစိုးရအဖွဲ့သို့ သဘောထားမှတ်ချက်နှင့်တင်ပြရမည်။

၁၉။ ဝန်ကြီးဌာနသည် ပုဒ်မ ၁၈၊ ပုဒ်မခွဲ (ဂ) အရ တင်ပြချက်ကိုစိစစ်၍ လိုအပ်ပါက သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းနှင့် ညှိနှိုင်းဆောင်ရွက်ပြီး -

(က) ကြိုတင်ခွင့်ပြုချက်ထုတ်ပေးသင့်ကြောင်းတွေ့ရှိလျှင် လျှောက်ထားသူအား ကြိုတင်ခွင့်ပြုချက် ထုတ်ပေးရမည်။

(ခ) ကြိုတင်ခွင့်ပြုချက်ထုတ်ပေးရန်မသင့်ကြောင်းတွေ့ရှိလျှင် လျှောက်ထားချက်ကို ခိုင်လုံသော အကြောင်းပြချက်ဖြင့် ငြင်းပယ်ရမည်။

၂၀။ (က) ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်းတွင် အောက်ပါလုပ်ငန်းတစ်ရပ်ရပ်ကို ဆောင်ရွက်လိုသူသည် ယဉ်ကျေးမှုအမွေအနှစ်များအပေါ် ထိခိုက်မှုမရှိကြောင်း ကြိုတင်ခွင့်ပြုချက်ရရှိရန် သတ်မှတ်ချက် များနှင့်အညီ အမျိုးသားအဆင့်စီမံခန့်ခွဲမှုကော်မတီ သို့မဟုတ် ဒေသဆိုင်ရာစီမံခန့်ခွဲမှု ကော်မတီသို့ လျှောက်ထားရမည် -

(၁) ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံ၏ မူလရှေးဟောင်းပုံသဏ္ဌာန်ကိုဖြစ်စေ၊ မူလ ရှေးဟောင်းလက်ရာကိုဖြစ်စေ ပြောင်းလဲခြင်းမရှိစေဘဲ ပြုပြင်ထိန်းသိမ်းမှုလုပ်ငန်း ဆောင်ရွက်ခြင်း သို့မဟုတ် ယင်း၏ဝင်းခြံနယ်နိမိတ်ကိုပြင်ဆင်ခြင်း၊ တိုးချဲ့ခြင်း၊

(၂) ရှေးဟောင်းသုတေသနဆိုင်ရာ တူးဖော်မှုလုပ်ငန်းဆောင်ရွက်ခြင်း၊

(၃) ပြတိုက်များတည်ဆောက်ခြင်း၊ ဖွင့်လှစ်ခြင်း၊

(၄) စီမံခန့်ခွဲမှုအရ မဖြစ်မနေလိုအပ်သော အဆောက်အအုံ၊ လူအများသုံးအခြေခံအဆောက်အအုံများ ဆောက်လုပ်ခြင်း။

(ခ) အမျိုးသားအဆင့်စီမံခန့်ခွဲမှုကော်မတီ သို့မဟုတ် ဒေသဆိုင်ရာစီမံခန့်ခွဲမှုကော်မတီတို့၏ သဘောထားမှတ်ချက်နှင့်အတူ ဝန်ကြီးဌာနသို့ ဆက်လက်တင်ပြရမည်။

၂၁။ ဝန်ကြီးဌာနသည် ပုဒ်မ ၂၀ အရ လျှောက်ထားချက်ကို ဦးစီးဌာနအား စိစစ်စေခြင်း၊ အမျိုးသားအဆင့်စီမံခန့်ခွဲမှုကော်မတီ သို့မဟုတ် ဒေသဆိုင်ရာစီမံခန့်ခွဲမှုကော်မတီထံ သဘောထားပြန်ကြားခြင်းများ ပြုလုပ်ရမည်။

၂၂။ အမျိုးသားအဆင့်စီမံခန့်ခွဲမှုကော်မတီနှင့် ဒေသဆိုင်ရာစီမံခန့်ခွဲမှုကော်မတီများသည် ပုဒ်မ ၂၀၊ ပုဒ်မခွဲ (က) ပါ လုပ်ငန်းများနှင့်စပ်လျဉ်း၍ ဝန်ကြီးဌာန၏ သဘောထားပြန်ကြားချက်အရ -

(က) ကြိုတင်ခွင့်ပြုချက်ထုတ်ပေးသင့်ကြောင်းတွေ့ရှိလျှင် လျှောက်ထားသူအား ကြိုတင်ခွင့်ပြုချက် ထုတ်ပေးရမည်။

(ခ) ကြိုတင်ခွင့်ပြုချက်ထုတ်ပေးရန်မသင့်ကြောင်းတွေ့ရှိလျှင် လျှောက်ထားချက်ကို ခိုင်လုံသော အကြောင်းပြချက်ဖြင့် ငြင်းပယ်ရမည်။

၂၃။ ဝန်ကြီးဌာနသည် -

(က) အမျိုးသားအဆင့်စီမံခန့်ခွဲမှုကော်မတီနှင့် ဒေသဆိုင်ရာစီမံခန့်ခွဲမှုကော်မတီများနှင့် ဝန်ကြီးဌာနတို့၏ သဘောထားကွဲလွဲလျှင် ဝန်ကြီးဌာန၊ ဦးစီးဌာနနှင့် သက်ဆိုင်ရာကော်မတီတို့မှ ကိုယ်စားလှယ်များ ပါဝင်သောအစည်းအဝေးခေါ်ယူကျင်းပ၍ ညှိနှိုင်းဆွေးနွေးပြီး ဆုံးဖြတ်ရမည်။

(ခ) လိုအပ်ပါက ညှိနှိုင်းဆွေးနွေးချက်ကို အစည်းအဝေးမှတ်တမ်းနှင့်အတူ အစိုးရအဖွဲ့သို့ တင်ပြ၍ အတည်ပြုဆုံးဖြတ်ချက်ရယူရမည်။

၂၄။ အမျိုးသားအဆင့်စီမံခန့်ခွဲမှုကော်မတီနှင့် ဒေသဆိုင်ရာစီမံခန့်ခွဲမှုကော်မတီများသည် ပုဒ်မ ၁၈၊ ပုဒ်မခွဲ (ခ) နှင့် ပုဒ်မ ၂၂၊ ပုဒ်မခွဲ (ခ) တို့အရ ကြိုတင်ခွင့်ပြုချက်ပေးရန် ငြင်းပယ်ကြောင်းဆုံးဖြတ်လျှင် မည်သည့်အကြောင်းကြောင့်ငြင်းပယ်ကြောင်း လျှောက်ထားသူထံ အကြောင်းကြားရမည်။

၂၅။ ဝန်ကြီးဌာနက သဘောထားပြန်ကြားရာတွင်လည်းကောင်း၊ အမျိုးသားအဆင့်စီမံခန့်ခွဲမှုကော်မတီနှင့် ဒေသဆိုင်ရာစီမံခန့်ခွဲမှုကော်မတီများသည် ပုဒ်မ ၁၈ နှင့် ပုဒ်မ ၂၂ တို့အရ ကြိုတင်ခွင့်ပြုချက်ပေးရန် စိစစ်ရာတွင်လည်းကောင်း အောက်ပါအချက်များကိုအခြေခံ၍ စိစစ်ရမည် -

(က) ကမ္ဘာ့အမွေအနှစ်ဒေသနှင့် အမျိုးသားအမွေအနှစ်ဒေသများအတွက် ကမ္ဘာ့အမွေအနှစ် စံနှုန်း သတ်မှတ်ချက်များ၊ စီမံခန့်ခွဲရေးအစီအစဉ်များနှင့် ညီညွတ်မှု ရှိ မရှိ၊

(ခ) ယဉ်ကျေးမှုအမွေအနှစ်အခင်းအကျင်းနှင့် ဂေဟစနစ်ကို ထိခိုက်ပျက်ယွင်းစေနိုင်ခြင်း ရှိ မရှိ၊

(ဂ) ယဉ်ကျေးမှုအမွေအနှစ်ဒေသ၏မြင်ကွင်းကို ထိခိုက်ပျက်စီးစေနိုင်ခြင်း ရှိ မရှိ၊

(ဃ) ပတ်ဝန်းကျင်သဘာဝမြင်ကွင်းကိုအဟန့်အတား၊ အနှောင့်အယှက်ဖြစ်နိုင်ခြင်း ရှိ မရှိ၊

(င) ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံ သို့မဟုတ် ရှေးဟောင်းနေရာနှင့် လွတ်ကင်းခြင်း ရှိ မရှိ၊

(စ) ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံ၏ ထည်ဝါခံ့ညားမှုကို ထိခိုက်စေနိုင်ခြင်း ရှိ မရှိ၊

(ဆ) မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက်ရှိ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များကို ထိခိုက် ပျက်စီးစေနိုင်ခြင်း ရှိ မရှိ၊

(ဇ) ယဉ်ကျေးမှုအမွေအနှစ်များ၏ လုံခြုံမှုကို ထိခိုက်စေနိုင်ခြင်း ရှိ မရှိ၊

(စျ) ပတ်ဝန်းကျင်ကို ညစ်ညမ်းမှုဖြစ်စေနိုင်ခြင်း ရှိ မရှိ၊

(ည) ထုတ်ပြန်ထားသောဥပဒေ၊ နည်းဥပဒေများ၊ အမိန့်၊ ညွှန်ကြားချက်ပါ သတ်မှတ်ချက်များနှင့် ကိုက်ညီမှု ရှိ မရှိ။

၂၆။ အမျိုးသားအဆင့်စီမံခန့်ခွဲမှုကော်မတီနှင့် ဒေသဆိုင်ရာစီမံခန့်ခွဲမှုကော်မတီများသည် ပုဒ်မ ၁၇ နှင့် ပုဒ်မ ၂၀၊ ပုဒ်မခွဲ (က) ပါ ကြိုတင်ခွင့်ပြုချက် လျှောက်ထားသောကိစ္စများအားလုံးနှင့်ပတ်သက်၍ အမွေအနှစ်ထိခိုက်နိုင်မှုဆန်းစစ်ချက် (Heritage Impact Assessment) ဆောင်ရွက်ရန်နှင့် ခွင့်ပြုပြီးကိစ္စများကို လိုက်နာမှု ရှိ မရှိ သက်ဆိုင်ရာဦးစီးဌာနက စောင့်ကြည့်၍ ပြန်လည်တင်ပြရန် ညွှန်ကြားရမည်။ လိုက်နာမှုမရှိပါက ခွင့်ပြုမိန့်ကို ပယ်ဖျက်နိုင်သည်။

## အခန်း (၉)
## တားမြစ်ချက်များ

၂၇။ မည်သူမျှ ယဉ်ကျေးမှုအမွေအနှစ်များတည်ရှိရာဒေသရှိ မြို့ပြနှင့်ကျေးရွာအတွင်း အောက်ပါကိစ္စရပ်များကို အမျိုးသားအဆင့်စီမံခန့်ခွဲမှုကော်မတီ သို့မဟုတ် ဒေသဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ၏ ကြိုတင်ခွင့်ပြုချက်မရဘဲ မပြုလုပ်ရ -

(က) အဆောက်အအုံတည်ဆောက်ခြင်း သို့မဟုတ် တိုးချဲ့ဆောက်လုပ်ခြင်း၊

( ခ ) ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံမှတစ်ပါး အခြားအဆောက်အအုံကို ပြင်ဆင်ခြင်း သို့မဟုတ် ယင်း၏ဝင်းခြံနယ်နိမိတ်ကိုကာရံခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် တိုးချဲ့ခြင်း၊

( ဂ ) ယဉ်ကျေးမှုအမွေအနှစ်များကို မထိခိုက်သည့် သာသနိကအဆောက်အအုံများ၊ ပညာရေး၊ ကျန်းမာရေးဆိုင်ရာ အခြေခံအဆောက်အအုံများ ပြုပြင်မွမ်းမံခြင်း၊ အသစ်တည်ဆောက်ခြင်း၊

(ဃ) လမ်းများတိုးချဲ့ခြင်း၊ ပြင်ဆင်ခြင်း၊ ဆိပ်ခံဘောတံတားများ ပြင်ဆင်ခြင်း၊

( င ) ရေတွင်း၊ ရေကန်၊ ရေကူးကန်၊ ရေလှောင်ကန်၊ မွေးမြူရေးကန်များ၊ မွေးမြူရေးခြံများ၊ နှစ်ရှည်ပင်စိုက်ပျိုးခြင်းများ ဆောင်ရွက်ခြင်း၊ တိုးချဲ့ခြင်း၊ ပြုပြင်မွမ်းမံခြင်း၊

( စ ) လက်မှုလုပ်ငန်းဆိုင်ရာအလုပ်ရုံများ အသစ်တည်ဆောက်ခြင်း၊ တိုးချဲ့ပြုပြင်ခြင်း၊

(ဆ) စီးပွားရေးလုပ်ငန်းဆိုင်ရာ စားသောက်ဆိုင်များ၊ အမှတ်တရပစ္စည်းအရောင်းဆိုင်များ၊ ခရီးသွားလုပ်ငန်း ဆောင်ရွက်မှုဆိုင်ရာများ တည်ဆောက်ခြင်း၊ တိုးချဲ့ပြုပြင်ခြင်း၊

( ဇ ) ပြခန်းလုပ်ငန်းဆိုင်ရာအဆောက်အအုံအသစ်ဆောက်လုပ်ခြင်း၊ တိုးချဲ့ပြုပြင်ခြင်း၊

(စျ) မူလရှိပြီးဟိုတယ်၊ မိုတယ်၊ ဧည့်ဂေဟာ၊ တည်းခိုရိပ်သာ သို့မဟုတ် အသေးစား၊ အလတ်စား စက်မှုလုပ်ငန်း အဆောက်အအုံကို ပြင်ဆင်ခြင်း၊

(ည) ရဟတ်ယာဉ်၊ လူစီးမီးပုံးပျံများ၊ အခြားစက်တပ်၊ စက်မဲ့ယာဉ် ပျံသန်းခြင်း။

၂၈။ မည်သူမျှယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်းရှိ ကြားခံဒေသအတွင်းတွင် အောက်ပါကိစ္စရပ်များကို အမျိုးသားအဆင့်စီမံခန့်ခွဲမှုကော်မတီ သို့မဟုတ် ဒေသဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ၏ ကြိုတင်ခွင့်ပြုချက်မရဘဲ မပြုလုပ်ရ -

(က) လမ်းဖောက်လုပ်ခြင်း၊ ဆိပ်ခံဘောတံတား၊ ယာဉ်ရပ်နားစခန်း၊ ရထားလမ်း၊ ရထားဘူတာရုံ၊ အားကစားရုံ၊ အားကစားကွင်းများ၊ အဆောက်အအုံနှင့် တံတားများ အသစ်တည်ဆောက်ခြင်း သို့မဟုတ် ယင်းတို့ကို တိုးချဲ့ခြင်း၊

( ခ ) ဆက်သွယ်ရေးတာဝါတိုင်များ၊ မြေအောက်လုပ်ငန်းများ၊ မြေအောက်ဓာတ်အားကြိုးများ၊ လျှပ်စစ်မဟာဓာတ်အားလိုင်းများ၊ ဓာတ်အားခွဲရုံများ၊ ဓာတ်တိုင်များ၊ ဓာတ်ငွေ့ပိုက်လိုင်းများ တည်ဆောက်စိုက်ထူခြင်း၊

(ဂ) ရဟတ်ယာဉ်၊ လူစီးမီးပုံးပျံများ၊ မောင်းသူမဲ့လေယာဉ်၊ ဖြတ်သန်းပျံသန်းခြင်းလုပ်ငန်း ဆောင်ရွက်ခြင်း၊

(ဃ) ဇာတ်ရုံကဲ့သို့သော ဖျော်ဖြေရေးဆိုင်ရာ အဆောက်အအုံများ၊ နားနေစခန်းများ၊ မြင်းစီးစခန်း ပြိုင်ကွင်းများနှင့် အခြေခံအဆောက်အအုံများ တည်ဆောက်ခြင်း။

၂၉။ မည်သူမျှ ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်းတွင် အောက်ပါလုပ်ငန်းတစ်ရပ်ရပ်ကို ကြိုတင်ခွင့်ပြုချက်မရရှိဘဲ မပြုလုပ်ရ -

(က) ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံ၏ မူလရှေးဟောင်းပုံသဏ္ဌာန်ကိုဖြစ်စေ၊ မူလရှေးဟောင်းလက်ရာကိုဖြစ်စေ ပြောင်းလဲခြင်းမရှိစေဘဲ ပြုပြင်ထိန်းသိမ်းမှုလုပ်ငန်းဆောင်ရွက်ခြင်း သို့မဟုတ် ယင်း၏ဝင်းခြံနယ်နိမိတ်ကို ပြင်ဆင်ခြင်း၊ တိုးချဲ့ခြင်း၊

(ခ) ရှေးဟောင်းသုတေသနဆိုင်ရာ တူးဖော်မှုလုပ်ငန်း ဆောင်ရွက်ခြင်း၊

(ဂ) ပြတိုက်များတည်ဆောက်ခြင်း၊ ဖွင့်လှစ်ခြင်း၊

(ဃ) စီမံခန့်ခွဲမှုအရ မဖြစ်မနေလိုအပ်သောအဆောက်အအုံ၊ လူအများသုံးအခြေခံအဆောက်အအုံများ ဆောက်လုပ်ခြင်း။

**[ ဆက်လက်ဖော်ပြပါမည်။ ]**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုလွှတ်တော်ရုံး

### အမိန့်ကြော်ငြာစာအမှတ် (၇၉/၂၀၁၈)

၁၃၈၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၄ ရက်

(၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၆ ရက်)

### ဥပဒေကြမ်းပူးပေါင်းကော်မတီဝင် ပြောင်းလဲတာဝန်ပေးအပ်ခြင်း

ပြည်ထောင်စုလွှတ်တော်ရုံး၏ ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၂၅/၂၀၁၆) ဖြင့် ဖွဲ့စည်းခဲ့သည့် ဥပဒေကြမ်းပူးပေါင်းကော်မတီတွင် အဖွဲ့ဝင် ဒေါ်ကျန်ငိုက်မန်၊ ချင်းပြည်နယ်၊ မဲဆန္ဒနယ်အမှတ် (၇)၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် **အစား** ဦးစိုးမိုး၊ ဧရာဝတီတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ် (၁)၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အား အဖွဲ့ဝင်အဖြစ် ပြောင်းလဲတာဝန်ပေးအပ်လိုက်သည်။

(ပုံ) တီခွန်မြတ်
နာယက
ပြည်ထောင်စုလွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

### အမိန့်ကြော်ငြာစာအမှတ် ၁၇၃/၂၀၁၈

၁၃၈၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၃ ရက်

(၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၅ ရက်)

### ကိုယ်ရေးအရာရှိခန့်အပ်ခြင်း

၁။ နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၆ ခုနှစ်၊ မတ်လ ၃၀ ရက်စွဲပါ အမိန့်အမှတ်၊ ၆/၂၀၁၆ ဖြင့် ခန့်အပ်ခဲ့သော ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးစိုးရယ် ၏ ကိုယ်ရေးအရာရှိ၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးနေရာတွင် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၏ အဆောင်အယောင်ဆိုင်ရာ

ဥပဒေနှင့်အညီ ဦးမျိုးမင်းသန့် [နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ ၂/ဒမဆ (နိုင်) ၀၅၇၃၃၇] အား ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၄ ရက်နေ့ နံနက်ပိုင်းမှစ၍ ခန့်ထားလိုက်သည်။

၂။ လစာနှုန်းထား (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) တွင် အမြင့်ဆုံးလစာငွေ ၂၉၅,၀၀၀/- ကို ခံစားခွင့်ပြုလိုက်သည်။

လှသိန်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## နိုင်ငံခြားရေးဝန်ကြီးဌာန

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလဆန်း ၁ ရက်
(၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်)

အမှတ် ၆၆၈/၂၀၁၈ ။ ။ အိန္ဒိယသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးမိုးကျော်အောင် အား ၎င်း၏ လက်ရှိတာဝန်ဝတ္တရားများအပြင် အီရန်အစ္စလာမ်မစ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်သည်။

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလဆန်း ၂ ရက်
(၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၉ ရက်)

အမှတ် ၆၆၉/၂၀၁၈ ။ ။ ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၂၃ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁၅/၂၀၁၈) ၏ သဘောတူညီချက်အရ ကနေဒါနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးကျော်မျိုးထွဋ် အား ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၉ ရက်နေ့ နံနက်ပိုင်းမှအစပြု၍ ထိုရာထူးနေရာတွင်ပင် ဒုတိယအကြိမ် တစ်နှစ်ဆက်လက် ခန့်ထားလိုက်သည်။

အမိန့်အရ

အောင်ဆန်းစုကြည်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
နိုင်ငံခြားရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပြည်ထဲရေးဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

### အမိန့်ကြော်ငြာစာအမှတ် (၁၃၂၄/၂၀၁၈)

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ တော်သလင်းလပြည့်ကျော် ၁၀ ရက်
(၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၄ ရက်)

မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၊ ရဲဦးစီးဌာနကြီးမှ ရဲဦးစီးအရာရှိချုပ် ရဲ ၁၅၉၃ ယာယီရဲမှူးချုပ် မျိုးသန်း အား အစမ်းခန့်ကာလ (၁) နှစ်ပြည့်မြောက်သည့် ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၂ ရက်နေ့မှစ၍ လက်ရှိရာထူးအဆင့် (ရဲမှူးချုပ်) တွင် အတည်ပြုခန့်ထားလိုက်သည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၁၃၄၄/၂၀၁၈)

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ တော်သလင်းလပြည့်ကျော် ၁၁ ရက်

(၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၅ ရက်)

မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အောက်ဖော်ပြပါ အရာရှိ (၃) ဦးတို့အား နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ အပိုဒ် ၈၁ အရ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁၈ ရက်နေ့မှ ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက်နေ့အထိ ခံစားခွင့်ပြုပြီး ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက်နေ့မှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆ (က) အရ သက်ပြည့်အငြိမ်းစား ခံစားခွင့်ပြုလိုက်သည် -

(က) ရဲ ၂၀၀၁ ရဲမှူးကြီး လှသန်း
ဒုတိယတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး
မကွေးတိုင်းဒေသကြီးရဲတပ်ဖွဲ့

(ခ) ရဲ ၂၄၉၂ ဒုတိယရဲမှူးကြီး တင်တင်ကြည်
ဒုတိယဌာနမှူး
စီမံကိန်းဌာန၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့

(ဂ) ရဲ ၂၄၆၉ ယာယီဒုတိယရဲမှူးကြီး ဝင်းမြင့်
တပ်ဖွဲ့ခွဲမှူး
အမှတ် (၄၀) လုံခြုံရေးရဲတပ်ဖွဲ့ခွဲ
ရဲအကြပ်အတတ်သင်ကျောင်း (လှော်ကား) (တွဲဖက်)

## အမိန့်ကြော်ငြာစာ (၁၃၆၀/၂၀၁၈)

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ တော်သလင်းလပြည့်ကျော် ၁၄ ရက်

(၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၈ ရက်)

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်၊ ထားဝယ်မြို့၊ ပိန္နဲတောရပ်ကွက်၊ အကွက်အမှတ်/အမည်-၃၀/ဆန်းချီအရှေ့အကွက်၊ ဦးပိုင်အမှတ် (၂၂ ^က) ရှိ ညောင်ရမ်းတောကျောင်းအမည်ပေါက် မူလသာသနာမြေဧရိယာ ၀. ၈၄၆ ဧကအတွင်းရှိ **မြို့ပြင်ကြီးကျောင်း** မြေဧရိယာ ၀. ၂၅၁ ဧကအနက်မှ **၀. ၀၂၃ ဧက** အား ဗန္ဓသိမ်မြေအဖြစ် အသုံးပြုရန်အတွက် ဝိသုံဂါမသီးခြားရွာဖြစ်စေဟု ပိုင်းခြားသတ်မှတ်လျက် အောက်မြန်မာနိုင်ငံ မြို့နှင့်ကျေးရွာမြေများနည်းဥပဒေ ၅၂ နှင့်အညီ **သိမ်ဒါယကာ ဦးမျိုးအောင် [၆/ထဝန (နိုင်) ၀၀၅၈၁၅]** အား ဗဒ္ဓသိမ်မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၁၃၆၁/၂၀၁၈)

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ သီတင်းကျွတ်လဆန်း ၂ ရက်

(၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁၁ ရက်)

၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၄ ရက် (ကြာသပတေး) နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁၈/၂၀၁၈) မှ သဘောတူခွင့်ပြုချက်အရ ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ရဲချုပ် ရဲ ၁၈၀၃ ဒုတိယရဲဗိုလ်ချုပ်ကြီး အောင်ဝင်းဦး အား ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၄ ရက်နေ့မှစ၍ လက်ရှိလစာငွေနှင့် ချီးမြှင့်ငွေ ၂၀၀,၀၀၀/- (ကျပ်နှစ်သိန်းတိတိ) ကို ခံစားခွင့်ပြုလိုက်သည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၁၃၆၂/၂၀၁၈)

၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၄ ရက် (ကြာသပတေး) နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁၈/၂၀၁၈) မှ သဘောတူခွင့်ပြုချက်အရ ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အောက်ဖော်ပြပါ ဒုတိယရဲချုပ် (ရဲဗိုလ်ချုပ်) (၂) ဦးတို့အား ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၄ ရက်နေ့မှစ၍ လက်ရှိလစာငွေနှင့် ချီးမြှင့်ငွေ ၁၀၀,၀၀၀/- (ကျပ်တစ်သိန်းတိတိ) ကို ခံစားခွင့်ပြုလိုက်သည် -

(က) ရဲ ၁၆၀၇ ရဲဗိုလ်ချုပ် မျိုးဆွေဝင်း

(ခ) ရဲ ၁၉၃၆ ရဲဗိုလ်ချုပ် အောင်နိုင်သူ

## အမိန့်ကြော်ငြာစာ (၁၃၉၇/၂၀၁၈)

မရွှေ့မပြောင်းနိုင်သော ပစ္စည်းလွှဲပြောင်းခြင်းကို ကန့်သတ်သည့်ဥပဒေပုဒ်မ ၆ (ခ) ပါ လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ပြည်ထဲရေးဝန်ကြီးဌာနမှ ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၆ ရက်စွဲပါ အမိန့်ဖြင့် ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းထားသည့် ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြောက်ပိုင်းခရိုင်၊ မင်္ဂလာဒုံမြို့နယ်၊ ကြံခင်းစုရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၄၁၂/ဂ)၊ မြေကွက်အမှတ် (၄၁) ရှိ မြေဧရိယာ ၁. ၈၃ ဧက အနက်မှ **၁. ၁၆၆ ဧက** အား **အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးအသေးစားစက်မှုလက်မှုလုပ်ငန်း** ရုံးမြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန်အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

အခမဲ့လွှဲပြောင်းပေးသည့်မြေသည် အမှုတွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန** မှ အသုံးမပြုသောရက်တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၁၄၂၆/၂၀၁၈)

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ သီတင်းကျွတ်လဆန်း ၁၃ ရက်

(၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၂၂ ရက်)

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနမှ အသုံးပြုရန်မရှိသဖြင့် မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်၊ ဒိုင်းကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည် (၆၅၄-က/နတ်လွှဲမြောက်၊ ၆၅၄-ခ/နတ်လွှဲ၊ ၆၅၄-ဃ/နတ်လွှဲအနောက်၊ ၆၅၄-င/နတ်လွှဲတောင်)၊ ဦးပိုင်အမှတ် (၆၀) ခုရှိ မူလရှိ **မြေဧရိယာ ၁၁၁၆. ၉၈ ဧက** အနက် **မြေဧရိယာ ၅၅၄. ၉၈ ဧက** ကို ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၁၄ ရက်တွင် နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ်အပ်နှံလာမှုအပေါ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ၏ ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၈ ရက်စွဲပါ စာအမှတ်၊ ၁၇၁၄/၁-ကော်မတီ/မြေ (ဗဟို)/၂၀၁၈ ဖြင့် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့်ပြုခဲ့ပါသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနမှ စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ ၅၅၄. ၉၈ ဧက** ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

## အမိန့်ကြော်ငြာစာ (၁၄၂၇/၂၀၁၈)

ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အသုံးပြုရန်မရှိသည့်အတွက် ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ ညောင်လေးပင်မြို့နယ်၊ အင်းချောင်းကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည်-၂၀၆[ခ]၊ ရုံးပင်ကွင်း၊ ဦးပိုင်အမှတ် (၂) ရှိ **မြေဧရိယာ ၃၅. ၁၀ ဧက** ကို ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်တွင် နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ်အပ်နှံလာမှုအပေါ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ လယ်ယာမြေနှင့်အခြားမြေများ

သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ၏ ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၈ ရက်စွဲပါ စာအမှတ်၊ ၁၇၀၈/၁-ကော်မတီ/မြေ (ဗဟို)/၂၀၁၈ ဖြင့် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့်ပြုခဲ့ပါသည်။

ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ ၃၅. ၁၀ ဧက** ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

## အမိန့်ကြော်ငြာစာ (၁၄၂၈/၂၀၁၈)

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနမှ အသုံးပြုရန်မရှိသဖြင့် မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ မတ္တရာမြို့နယ်၊ မတ္တရာမြို့၊ အမှတ် (၅) ရပ်ကွက်၊ ကွင်းအမှတ်/ အမည် - [(၂၈၈-က/၅)/ မတ္တရာမြောက်]၊ ဦးပိုင်အမှတ် (၇၀/၁) ခုရှိ မူလရှိ **မြေဧရိယာ ၂၂. ၁၆ ဧက** အနက် **မြေဧရိယာ ၃. ၂၂ ဧက** ကို ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၆ ရက်တွင် နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ် အပ်နှံလာမှုအပေါ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်း ခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ၏ ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၈ ရက်စွဲပါ စာအမှတ်၊ ၁၇၁၁/၁-ကော်မတီ/မြေ (ဗဟို)/၂၀၁၈ ဖြင့် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့်ပြုခဲ့ပါသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနမှ စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ ၃. ၂၂ ဧက** ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

## အမိန့်ကြော်ငြာစာ (၁၄၂၉/၂၀၁၈)

ပြည်ထဲရေးဝန်ကြီးဌာန၏ ၁၉၉၄ ခုနှစ်၊ ဇူလိုင်လ ၇ ရက်စွဲပါ မြေလွှဲအမိန့်ကြော်ငြာစာဖြင့် သမဝါယမ ဝန်ကြီးဌာနသို့ လွှဲပြောင်းပေးခဲ့သည့် မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ မုဒုံမြို့နယ်၊ တာပသွန်ကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည် - (၈၁၆/ခ/ခလောက်ပေါ် ရွာကွင်း)၊ ဦးပိုင်အမှတ် (၈၁၉) ရှိ **စုစုပေါင်းမြေဧရိယာ ၁၄. ၅၄ ဧက** ကို ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၁၁ ရက်နေ့တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန၊ သမဝါယမဦးစီးဌာနမှ အသုံးပြုရန်မရှိသဖြင့် နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ်အပ်နှံလာမှုအပေါ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည် စိစစ်ရေးဗဟိုကော်မတီ၏ ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၈ ရက်စွဲပါ စာအမှတ်၊ ၁၇၁၃/၁-ကော်မတီ/မြေ (ဗဟို)/၂၀၁၈ ဖြင့် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့်ပြုခဲ့သည့်အတွက် ပြည်ထဲရေးဝန်ကြီးဌာန၏ မူလအခမဲ့ မြေလွှဲအမိန့်အား ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သမဝါယမဦးစီးဌာနမှ စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ ၁၄. ၅၄ ဧက** ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

## အမိန့်ကြော်ငြာစာ (၁၄၃၀/၂၀၁၈)

ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဘုရားသာသနာပိုင်မြေအဖြစ် လျှာဒါန်းရန် အတွက် မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ မြို့သစ်မြို့နယ်၊ ကွက်သစ်ရပ်ကွက်၊ ကွင်းအမှတ်/အမည် - (၁၃၀၂/၂၆၆၈/ဘုရားအနောက်ကွင်း)၊ ဦးပိုင်အမှတ် (၁၁၆) ရှိ **စုစုပေါင်းမြေဧရိယာ ၀. ၃၂ ဧက** ကို ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၆ ရက်တွင် နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ်အပ်နှံလာမှုအပေါ် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ၏ ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၈ ရက်စွဲပါ စာအမှတ်၊ ၁၇၀၉/၁-ကော်မတီ/မြေ (ဗဟို)/၂၀၁၈ ဖြင့် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့်ပြုခဲ့ပါသည်။

ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အသုံးပြုရန်မရှိသဖြင့် စွန့်လွှတ်အပ်နှံ လာသည့် အဆိုပါ **မြေဧရိယာ ၀. ၃၂ ဧက** ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

## အမိန့်ကြော်ငြာစာ (၁၄၃၁/၂၀၁၈)

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနမှ မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်၊ ဘူတာရပ်ကွက်၊ ကွင်းအမှတ်/အမည် - (၆-ခ၊ ဘူတာ)၊ ဦးပိုင်အမှတ်

(၁၆+၂၇) ခုရှိ မူလရှိ **မြေဧရိယာ ၄. ၇၃၅ ဧက** အနက် **မြေဧရိယာ ၁. ၂၆ ဧက** ကို ရုံးမြေနေရာမရှိသော အစိုးရဌာန ၅ ဌာန ရုံးဖွင့်လှစ်နိုင်ရေးအတွက် ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက်တွင် နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ်အပ်နှံလာမှုအပေါ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ၏ ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၈ ရက်စွဲပါ စာအမှတ်၊ ၁၇၁၂/၁-ကော်မတီ/မြေ (ဗဟို)/၂၀၁၈ ဖြင့် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့်ပြုခဲ့ပါသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနမှ စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ ၁. ၂၆ ဧက** ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

## အမိန့်ကြော်ငြာစာ (၁၄၃၈/၂၀၁၈)

ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပန်းတောင်းမြို့၊ မင်းရပ်ရပ်ကွက်၊ ကွင်းအမှတ်/အမည် - (၈၅/ဝန်လိုကွင်း)၊ ဦးပိုင်အမှတ် (၇၂/၃) ရှိ **မြေဧရိယာ ၀. ၁၈၆ ဧက** အား ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ **ပန်းတောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန** ရုံးမြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန်အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန** သို့ အခမဲ့ လွှဲပြောင်းပေးလိုက်သည်။

အခမဲ့လွှဲပြောင်းပေးသည့်မြေသည် အမှုတွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန** မှ အသုံးမပြုသောရက်တွင် နိုင်ငံတော်သို့ ပြန်လည် အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၁၄၃၉/၂၀၁၈)

မွန်ပြည်နယ်၊ သထုံခရိုင်၊ ပေါင်မြို့၊ မိုင်းနိုင်းရပ်ကွက်၊ ကွင်းအမှတ်/အမည်-၈၀၂ ခ/ဥတ္တံတား တောင်ကွင်း၊ မြေကွက်အမှတ် ( ၃၆၈/၄၅၉ ) ရှိ **ကျိုက်သဇင်ထောစေတီတော်သာသနာ့မြေ** အခွန်လွတ်သာသနာ မြေဧရိယာ ၄. ၇၃ ဧကအနက်မှ **၀. ၀၃၆ ဧက** အား ဗဒ္ဓသိမ်မြေအဖြစ် အသုံးပြုရန်အတွက် ဝိသုံဂါမ သီးခြားရွာဖြစ်စေဟု ပိုင်းခြားသတ်မှတ်လျက် အောက်မြန်မာနိုင်ငံ မြေနှင့်အခွန်နည်းဥပဒေ ၃၄ နှင့်အညီ **သိမ်ဒါယကာ ဦးစိုးတင့် [၁၀/ပမန (နိုင်) ၀၁၃၃၉၀]** အား ဗဒ္ဓသိမ်မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၁၄၄၀/၂၀၁၈)

ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ရွှေတောင်မြို့နယ်၊ နွားမယံကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည်- ၄၀၇/ကြခတ်ကွင်း၊ ဦးပိုင်အမှတ် (၈၀) မှ မြေဧရိယာ ၁. ၄၉ ဧက၊ ဦးပိုင်အမှတ် ( ၂၇၄/၄၃၅ ) မှ မြေဧရိယာ ၀. ၄၅ ဧကနှင့် ကွင်းအမှတ်/အမည် (၄၀၈/ရွာဟောင်းကွင်း)၊ ဦးပိုင်အမှတ် (၉) မှ မြေဧရိယာ ၁. ၂၀ ဧက၊ ဦးပိုင်အမှတ် ( ၉/၁၄၈ ) မှ မြေဧရိယာ ၁. ၁၀ ဧက၊ ဦးပိုင်အမှတ် (၁၆၄၆) မှ မြေဧရိယာ ၀. ၃၇ ဧက၊ ဦးပိုင်အမှတ် (၂၄၄၉) မြေဧရိယာ ၀. ၆၄ ဧက၊ **စုစုပေါင်းမြေဧရိယာ ၅. ၂၅ ဧက** အား **မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ နွားမယံဘူမိရူပဗေဒအခြေစိုက်စခန်း** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန်အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်း ပေးလိုက်သည်။

အခမဲ့လွှဲပြောင်းပေးသည့်မြေသည် အမှုတွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန** မှ အသုံးမပြုသောရက်တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၁၄၄၁/၂၀၁၈)

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ ကျောက်ကြီးမြို့၊ သိန်တန်းရပ်ကွက်၊ ကွင်းအမှတ်/အမည် (၄-င/သိန်တန်းအရှေ့ကွင်း)၊ ဦးပိုင်အမှတ် (၉/၁)၊ မြေကွက်အမှတ် (၂၄/၁၇၀) ရှိ **မြေဧရိယာ ၀. ၁၇၀ ဧက** အား ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ **ကျောက်ကြီးမြို့နယ်ကျေးလက်ဒေသ**

**ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန** ရုံးမြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန်အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

အခမဲ့လွှဲပြောင်းပေးသည့်မြေသည် အမှုတွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန** မှ အသုံးမပြုသောရက်တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၁၄၄၅/ ၂၀၁၈)

ကာကွယ်ရေးဝန်ကြီးဌာန၊ အမှတ် (၉၆၇) ဆောက်လုပ်ရေးတပ်ခွဲ (အင်ဂျင်နီယာ) မှ အသုံးပြုရန် မရှိသဖြင့် စက်မှုဝန်ကြီးဌာနသို့ လွှဲပြောင်းပေးရန် နိုင်ငံတော်သို့ ပြန်လည်အပ်နှံလာသဖြင့် ပြည်ထဲရေးဝန်ကြီးဌာန၏ ၂၀၁၇ ခုနှစ်၊ ဇွန်လ ၈ ရက်စွဲပါ အမိန့်ကြော်ငြာစာ (၇၆၇/ ၂၀၁၇) ဖြင့် နိုင်ငံတော်ပိုင်မြေအဖြစ် သတ်မှတ်ပြီးဖြစ်သည့် မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင်၊ တောင်သာမြို့နယ်၊ ဖက်တော/နှမ်းရွာကျေးရွာအုပ်စုရှိ ဦးပိုင်အမှတ်ပေါင်း (၃၃၇) ခု၊ မြေဧရိယာ ၄၁၁. ၉၄ ဧကနှင့် တောင်သာမြို့နယ်၊ ဖက်တောကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည် - (၉၃၆/ကုန်းချောင်း)၊ ဦးပိုင်အမှတ် (၁၈၆) မှ မြေဧရိယာ ၁. ၂၂ ဧက၊ ဦးပိုင်အမှတ် (၁၈၈) မှ မြေဧရိယာ ၀. ၄၆ ဧက၊ ဦးပိုင်အမှတ် (၁၈၉) မှ မြေဧရိယာ ၀. ၃၆ ဧက၊ ဦးပိုင်အမှတ် (၁၉၁) မှ မြေဧရိယာ ၀. ၄၈ ဧက၊ ဦးပိုင်အမှတ် (၂၄၇) မှ မြေဧရိယာ ၀. ၆၈ ဧက၊ ဦးပိုင်အမှတ် (၂၅၂) မှ မြေဧရိယာ ၁. ၄၄ ဧက၊ ဦးပိုင်အမှတ် (၂၅၃) မှ မြေဧရိယာ ၁. ၂၁ ဧက၊ ဦးပိုင်အမှတ် (၂၅၄) မှ မြေဧရိယာ ၀. ၅၄ ဧက၊ ဦးပိုင်အမှတ် (၂၅၉) မှ မြေဧရိယာ ၀. ၇၁ ဧက၊ ဦးပိုင်အမှတ် (၂၆၀) မှ မြေဧရိယာ ၀. ၁၀ ဧက၊ **စုစုပေါင်းမြေဧရိယာ ၄၁၉. ၁၄ ဧက** အား အမှတ် (၁) အကြီးစားစက်မှုလုပ်ငန်း၊ **အမှတ် (၁) သံမဏိစက်ရုံ (မြင်းခြံ)** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန်အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **စက်မှုဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **စက်မှုဝန်ကြီးဌာန** မှ အသုံးမပြုသောရက်တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၁၄၄၉/ ၂၀၁၈)

ပြည်ထဲရေးဝန်ကြီးဌာနမှ ၂၀၁၇ ခုနှစ်၊ မေလ ၁၇ ရက်စွဲပါ အမိန့်ကြော်ငြာစာ (၆၄၃/ ၂၀၁၇) ဖြင့် နိုင်ငံတော်ပိုင်မြေ (State Land) အဖြစ် သတ်မှတ်ထားသည့် ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ မအူပင်မြို့၊ အမှတ် (၃) ရပ်ကွက်၊ အကွက်အမှတ်/အမည်-၂.O.5/အထက်ပိုင်းရပ်ကွက်၊ ဦးပိုင်အမှတ် (၁၃ᶜ/၈) ရှိ **မြေဧရိယာ ၂. ၀၃၅ ဧက** အား **လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ မအူပင်မြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံး** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန်အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

အခမဲ့လွှဲပြောင်းပေးသည့်မြေသည် အမှုတွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန** မှ အသုံးမပြုသောရက်တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၁၄၅၀/ ၂၀၁၈)

ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတခရိုင်၊ မြန်အောင်မြို့နယ်၊ ညောင်မြစ်ဆွဲကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည်-၂၂၉/ပျဉ်ထောင်တွင်းကွင်း၊ ဦးပိုင်အမှတ် (၃၅၁)၊ မြေကွက်အမှတ် ( $\frac{250}{2671}$) ရှိ **မြေဧရိယာ ၇၇. ၈၀ ဧက** အား **လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း၊ မြန်အောင်သဘာဝဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံ** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန်အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

အခမဲ့လွှဲပြောင်းပေးသည့်မြေသည် အမှုတွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန** မှ အသုံးမပြုသောရက်တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၁၄၅၃/၂၀၁၈)

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်၊ ထားဝယ်မြို့နယ်၊ ဆန်းချီရပ်ကွက်၊ အကွက်အမှတ်/အမည် (၂၄/တိုးချဲ့ မြို့ကွက်သစ်)၊ ဦးပိုင်အမှတ် (၁၅၅၊ ၁၅၆၊ ၁၅၇၊ ၂၁၈၊ ၂၁၉၊ ၂၂၀) ရှိ မြေဧရိယာ **၀. ၃၃၀ ဧက** အား အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ **တနင်္သာရီတိုင်းဒေသကြီး အသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီးဌာန** ရုံးမြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန်အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

အခမဲ့လွှဲပြောင်းပေးသည့်မြေသည် အမှတ်တွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန** မှ အသုံးမပြုသောရက်တွင် နိုင်ငံတော်သို့ ပြန်လည် အပ်နှံရမည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၁၄၆၂/၂၀၁၈)

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၆ ရက်
(၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၃၀ ရက်)

၁။ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရထားရဲတပ်ဖွဲ့မှ တပ်ဖွဲ့မှူး ရဲ ၁၈၇၁ ရဲမှူးချုပ် နေဝင်း အား သက်ပြည့်အငြိမ်းစား ယူရန် ကြိုတင်ပြင်ဆင်ခွင့်ဖြစ်သည့် ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက်နေ့မှ ၂၀၁၉ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့ အထိ (၄) လကို မူလအခြေခံနည်းဥပဒေအပိုဒ် ၈၆ (က) (၁) နှင့် နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၂၂ အရ အများပြည်သူအကျိုးငှာ ငြင်းပယ်လိုက်သည်။

၂။ ရဲ ၁၈၇၁ ရဲမှူးချုပ် နေဝင်း အား ငြင်းပယ်ထားသည့် အငြိမ်းစားယူရန် ကြိုတင်ပြင်ဆင်ခွင့် (၄) လကို အသက် (၆၀) နှစ်ပြည့်သည့် ၂၀၁၉ ခုနှစ်၊ မတ်လ ၁၄ ရက်နေ့မှ ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁၃ ရက်နေ့အထိ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများအပိုဒ် ၈၁ အရ ခံစားခွင့်ပြုပြီး ခွင့်ကုန်ဆုံးသည့် ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁၄ ရက်နေ့မှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆ (က) အရ သက်ပြည့်အငြိမ်းစား ခံစားခွင့်ပြုလိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၁၄၇၁/၂၀၁၈)

### မြို့အုပ်ချုပ်ရေးမှူးရုံး ၁၃ ရုံး၊ အငယ်တန်းစာရေး (ရပ်/ကျေး) ၇၃ နေရာ ဝန်ထမ်းဖွဲ့စည်းပုံ တိုးချဲ့ပြင်ဆင်ခွင့်ပြုခြင်း

၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၄ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုသမ္မတမြန်မာ နိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁၈/၂၀၁၈) မှ သဘောတူခွင့်ပြုချက်အရ မြို့အုပ်ချုပ်ရေးမှူးရုံး ၁၃ ရုံးအတွက် အမှုထမ်း (၂၂၁) နေရာနှင့် ရပ်ကွက်/ကျေးရွာအုပ်စု (၇၃) ခုအတွက် အငယ်တန်းစာရေး (ရပ်/ကျေး) (၇၃) နေရာ၊ စုစုပေါင်းအမှုထမ်း (၂၉၄) နေရာဖြင့် တိုးချဲ့ပြင်ဆင် ဖွဲ့စည်းခွင့်ပြုလိုက်သည်။

## အမိန့်ကြော်ငြာစာ (၁၅၀၇/၂၀၁၈)

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၁ ရက်
(၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၄ ရက်)

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်၊ ထားဝယ်မြို့၊ ပိန္နဲတောရပ်ကွက်၊ အကွက်အမှတ်/အမည်- ၂၉/ပိန္နဲတောအကွက်၊ ဦးပိုင်အမှတ် (၅ - ဈ) ရှိ ဘုရားကြီးတိုက် အမည်ပေါက် မူလသာသနာမြေဧရိယာ **၁၁. ၈၉၆ ဧက** အတွင်းရှိ **သုခိတာရုံကျောင်း** မြေဧရိယာ ၀. ၈၅၄ ဧကအနက်မှ **၀. ၀၄၂ ဧက** အား ဗဒ္ဓသိမ်မြေအဖြစ် အသုံးပြုရန်အတွက် ဝိသုံဂါမ သီးခြားရွာဖြစ်စေဟု ပိုင်းခြားသတ်မှတ်လျက် အောက်မြန်မာနိုင်ငံ

မြို့နှင့်ကျေးရွာမြေများနည်းဥပဒေ ၅၂ နှင့်အညီ **သိမ်ဒါယကာ ဦးဝင်းနိုင် [၆/ထဝန (နိုင်) ၀၀၁၁၉၇] **အား ဗဒ္ဓသိမ်မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

**အမိန့်ကြော်ငြာစာ (၁၅၀၈/၂၀၁၈)**

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ ပဲခူးမြို့နယ်၊ ဘုရားကလေးကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည်- ၅၂၆/ခင်တန်းကြီးကွင်း၊ ဦးပိုင်အမှတ် (၁၊ ၂/၁၊ ၃/၁၊ ၁၂/၁၊ ၁၃/၁၊ ၁၃/၂၊ ၁၃/၃၊ ၁၄/၂၊ ၁၄/၅၉^က^၊ ၁၄/၅၉^ခ^၊ ၁၅/၂၊ ၁၇/၁၊ OA) တို့ရှိ **စုစုပေါင်းမြေဧရိယာ ၆၁. ၂၄ ဧက** အား **ပြည်တွင်းရောင်းဝယ်ရေးနှင့် သစ်စက်ဌာန၊ အမှတ် (၃၃) သစ်စက်** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန်အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

အခမဲ့လွှဲပြောင်းပေးသည့်မြေသည် အမှုတွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန** မှ အသုံးမပြုသောရက်တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ပြည်ထဲရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ပြန်ကြားရေးဝန်ကြီးဌာန**

၁၃၈၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၄ ရက်
(၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၆ ရက်)

အမှတ် ၁၄၁ ။ ။ ၁၉၉၆ ခုနှစ်၊ ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေအခန်း (၆)၊ ပုဒ်မ (၁၉) အရ လည်းကောင်း၊ ၁၉၉၈ ခုနှစ်၊ ဗီဒီယိုလုပ်ငန်းဆိုင်ရာနည်းဥပဒေများအခန်း (၆)၊ နည်းဥပဒေ (၂၃)၊ (၂၄) အရလည်းကောင်း ဗီဒီယိုလုပ်ငန်းများ စိစစ်ကြီးကြပ်နိုင်ရန်အတွက် ၂၀၁၈ ခုနှစ်၊ ဧပြီလ ၁ ရက်မှ ၂၀၂၀ ပြည့်နှစ်၊ မတ်လ ၃၁ ရက်နေ့အထိ (၂) နှစ်သက်တမ်းရှိသော ရခိုင်ပြည်နယ်ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးကော်မတီကို အောက်ဖော်ပြပါ ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်ပါသည် -

**ရခိုင်ပြည်နယ်ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးကော်မတီ**

(က) ဦးညီညီမင်း — ဥက္ကဋ္ဌ
ပြည်နယ်အုပ်ချုပ်ရေးမှူး
ရခိုင်ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

(ခ) ရဲမှူးကြီးလင်းထွဋ် — အဖွဲ့ဝင်
ဒုတိယပြည်နယ်ရဲတပ်ဖွဲ့မှူး
ရခိုင်ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံး

(ဂ) ဦးတင်မောင်ဆွေ — အဖွဲ့ဝင်
ပြည်နယ်အခွန်ဦးစီးမှူး
ရခိုင်ပြည်နယ်ပြည်တွင်းအခွန်များဦးစီးဌာန

(ဃ) ဦးဇော်လွင်ဦး — အဖွဲ့ဝင်
ပြည်နယ်မန်နေဂျာ
ရခိုင်ပြည်နယ်မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း

(င) ဦးမောင်မောင် အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူး
ရခိုင်ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

(စ) ဦးသိန်းကျော် အဖွဲ့ဝင်
ဥက္ကဋ္ဌ
ရခိုင်ပြည်နယ်ဗီဒီယိုအခြေခံအဖွဲ့ခွဲ

(ဆ) ဦးကျော်စိန် အတွင်းရေးမှူး
ညွှန်ကြားရေးမှူး
ရခိုင်ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

ဒေါက်တာဖေမြင့်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ပြန်ကြားရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် ၆၆/၂၀၁၈

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ သီတင်းကျွတ်လဆန်း ၁၀ ရက်
(၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁၉ ရက်)

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန၊ သုတေသနဌာနခွဲ (၃) တွင် လစ်လပ်လျက်ရှိသော လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀)၊ ညွှန်ကြားရေးမှူး ရာထူးနေရာသို့ ယင်းဦးစီးဌာန၊ သုတေသနဌာနခွဲ (၂) မှ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀)၊ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာထားထားပါ အား တာဝန်ဝတ္တရားများစတင်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် ၇၅/၂၀၁၈

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၇ ရက်
(၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၂၉ ရက်)

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (မန္တလေး) မှ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀)၊ ဒုတိယပါမောက္ခချုပ် (သင်ကြား) ဦးသစ်လွင်စိုး အား ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၂၉ ရက်နေ့မှစ၍ သက်ပြည့်အငြိမ်းစားယူရန် ကြိုတင်ပြင်ဆင်ခွင့် (၄) လ လျှောက်ထားလာခြင်းကို နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၂၂ နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၈၁ တို့အရ အများပြည်သူအကျိုးငှာ ငြင်းပယ်လိုက်သည်။

ဒုတိယပါမောက္ခချုပ် (သင်ကြား) ဦးသစ်လွင်စိုး အား ငြင်းပယ်ထားသည့် သက်ပြည့်အငြိမ်းစားယူရန် ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၁၉ ခုနှစ်၊ မေလ ၂၉ ရက်နေ့မှစ၍ ခံစားခွင့်ပြုလိုက်သည်။ ယင်းခွင့်ရက်များကုန်ဆုံးသည့်နေ့မှစ၍ ၎င်းအား နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၇ နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က) တို့အရ ပြည်သူ့ဝန်ထမ်းအဖြစ်မှ သက်ပြည့်အငြိမ်းစားယူခွင့်ပြုလိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် ၇၆/၂၀၁၈

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ဝန်ကြီးရုံး (ယဉ်ကျေးမှု)၊ စီမံကိန်းနှင့် စာရင်းအင်းဌာနခွဲမှ ဒုတိယညွှန်ကြားရေးမှူး ဦးခင်မောင်ဝင်း အား အနုပညာဦးစီးဌာန၊ ထုတ်လုပ်ဌာနခွဲတွင် လစ်လပ်လျက်ရှိသော လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀)၊ ညွှန်ကြားရေးမှူးရာထူးနေရာသို့ တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် ၁၀၂/၂၀၁၈

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ သီတင်းကျွတ်လဆန်း ၈ ရက်
(၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁၇ ရက်)

၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁၆ ရက်နေ့တွင် ကျင်းပပြုလုပ်သော သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန (သာသနာရေး)၊ စီမံခန့်ခွဲရေးရာကော်မတီ အစည်းအဝေးအမှတ်စဉ် (၁၁/၂၀၁၈) ၏ သဘောတူညီချက်အရ အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်မှ အောက်ဖော်ပြပါရဟန်းတော်များအား ဘွဲ့အမည်နှင့် ယှဉ်တွဲဖော်ပြပါရာထူးနေရာများသို့ စတင်တာဝန်ထမ်းဆောင်သည့် နေ့ရက်မှစ၍ တိုးမြှင့်ဆက်ကပ်အပ်နှင်းအပ်ပါသည် -

| စဉ် | ဘွဲ့အမည်၊ ရာထူး၊ ဌာန | တိုးမြှင့်ခန့်အပ်သည့် ရာထူး၊ ဌာန |
|---|---|---|
| (က) | ဒေါက်တာဘဒ္ဒန္တဝိမလ<br>ကထိက<br>ပရိယတ္တိမဟာဌာန | တွဲဖက်ပါမောက္ခ<br>ပရိယတ္တိမဟာဌာန |
| (ခ) | ဒေါက်တာဘဒ္ဒန္တဇနက<br>ကထိက<br>ကိုးကွယ်မှုဘာသာရေးနှင့် သာသနာပြုမဟာဌာန | တွဲဖက်ပါမောက္ခ<br>ပဋိပတ္တိမဟာဌာန |
| (ဂ) | ဒေါက်တာဘဒ္ဒန္တစန္ဒမုခ<br>ကထိက<br>ပရိယတ္တိမဟာဌာန | တွဲဖက်ပါမောက္ခ<br>နိုင်ငံခြားဘာသာများသင်ကြားရေးနှင့်<br>ဘာသာပြန်မဟာဌာန |
| (ဃ) | ဒေါက်တာဘဒ္ဒန္တဇောတိက<br>လက်ထောက်ကထိက<br>ပဋိပတ္တိမဟာဌာန | ကထိက<br>ပဋိပတ္တိမဟာဌာန |
| (င) | ဘဒ္ဒန္တခေမာစာရ<br>လက်ထောက်ကထိက<br>ပရိယတ္တိမဟာဌာန | ကထိက<br>ပရိယတ္တိမဟာဌာန |

သတ်မှတ်ထားသော လစဉ်နဝကမ္မအလှူတော်ငွေများကို သက်ဆိုင်ရာဝန်ထမ်းများက ဝိနည်းတော်နှင့် လျော်ညီစွာ အချိန်မီ မပျက်မကွက် ဆက်ကပ်လှူဒါန်းရန်ဖြစ်သည်။

သူရဦးအောင်ကို၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

၁၃၈၀ ပြည့်နှစ်၊ သီတင်းကျွတ်လဆန်း ၁၀ ရက်

(၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁၉ ရက်)

**ထာဝရငြိမ်းချမ်းရေးစေတီတော်တည်ထားကိုးကွယ်ရေးအတွက် နာယကအဖွဲ့နှင့် တည်ဆောက်ရေးဦးစီးကော်မတီတွင် ဖြည့်စွက်ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း**

ရည်ညွှန်းချက် ။ ဤဝန်ကြီးဌာန၊ ဝန်ကြီးရုံး၏ ၂၀၁၈ ခုနှစ်၊ မေလ ၁၈ ရက်စွဲပါ စာအမှတ် ၂၀၀/၁-၂၀/(၀၆၈၂)/သာသနာရေး

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ ထာဝရငြိမ်းချမ်းရေးစေတီတော်ပရိဝုဏ်တွင် ထာဝရငြိမ်းချမ်းရေးစေတီတော် တည်ထားကိုးကွယ်ရေးအတွက် ဤဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးကြည်မင်းအား နာယကအဖွဲ့တွင် နာယကအဖြစ်လည်းကောင်း၊ တည်ဆောက်ရေးဦးစီးကော်မတီတွင် ဒုတိယဥက္ကဋ္ဌအဖြစ်လည်းကောင်း ထပ်မံဖြည့်စွက် ဖွဲ့စည်းတာဝန်ပေးအပ်လိုက်ပါသည်။

ပြည်ထောင်စုဝန်ကြီး (ကိုယ်စား)၊
ဇာနည်ဝင်း၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

## (ပြည်ထောင်စုဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၁၃၆/၂၀၁၈)

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ တော်သလင်းလဆန်း ၁၀ ရက်

(၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၁၉ ရက်)

၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၂၂ ရက်နေ့တွင် ကျင်းပပြုလုပ်သော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ၏ (၈/၂၀၁၆) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်အရ ငါးလုပ်ငန်းဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော ဦးစီးအရာရှိ၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးနေရာများအတွက် ပြည်ထောင်စုရာထူးဝန်အဖွဲ့မှ ရွေးချယ်ပေးခဲ့သည့် အောက်ဖော်ပြပါဝန်ထမ်း (၃) ဦးတို့သည် ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) ၌ ဖွင့်လှစ်ခဲ့သော အရာထမ်းလောင်းအခြေခံသင်တန်း၊ ပြည်သူ့ဝန်ထမ်းစီမံခန့်ခွဲမှု ဘွဲ့လွန်ဒီပလိုမာ သင်တန်းအမှတ်စဉ် (၄) သို့ တက်ရောက်ပြီးစီးပြီဖြစ်၍ ၎င်းတို့အား ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၁၇ ရက်နေ့ နံနက်ပိုင်းမှစ၍ ရာထူးတိုးမြှင့်သွတ်သွင်းခန့်ထားလိုက်သည် -

| စဉ် | အမည် | မှတ်ပုံတင်အမှတ် | မူလရာထူး၊ ဌာန |
|---|---|---|---|
| (က) | ဒေါ်စောအိဖြူ | ၉/ပမန (နိုင်) ၂၇၆၂၅၉ | ဒုတိယဦးစီးမှူး<br>တိုင်းရင်းသားလူမျိုးများရေးရာ<br>ဝန်ကြီးဌာန |
| (ခ) | ဦးရဲကျော် | ၈/မသန (နိုင်) ၁၀၂၄၅၂ | အကြီးတန်းစာရေး<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်<br>ဆည်မြောင်းဝန်ကြီးဌာန |

| စဉ် | အမည် | မှတ်ပုံတင်အမှတ် | မူလရာထူး၊ ဌာန |
| --- | --- | --- | --- |
| (ဂ) | ဒေါ်ပြည့်ဖူးငုံ | ၃/ဖပန (နိုင်) ၀၁၄၅၂၄ | ကွန်ပျူတာလုပ်ဆောင်ရေးမှူး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန |

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၁၃၇/၂၀၁၈)

၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၂၂ ရက်နေ့တွင် ကျင်းပပြုလုပ်သော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ၏ (၈/၂၀၁၆) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်အရ ငါးလုပ်ငန်းဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော ဦးစီးအရာရှိ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးနေရာများအတွက် ပြည်ထောင်စုရာထူးဝန်အဖွဲ့မှ ရွေးချယ်ပေးခဲ့သည့် အောက်ပါပုဂ္ဂိုလ် (၇) ဦးတို့သည် ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) ၌ ဖွင့်လှစ်ခဲ့သော အရာထမ်းလောင်းအခြေခံသင်တန်း၊ ပြည်သူ့ဝန်ထမ်းစီမံခန့်ခွဲမှု ဘွဲ့လွန်ဒီပလိုမာ သင်တန်းအမှတ်စဉ် (၄) သို့ တက်ရောက်ပြီးစီးပြီဖြစ်၍ ၎င်းတို့အား ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၁၇ ရက်နေ့ နံနက်ပိုင်းမှစ၍ သွတ်သွင်းခန့်ထားလိုက်သည် -

| စဉ် | အမည် | မှတ်ပုံတင်အမှတ် |
| --- | --- | --- |
| (က) | ဦးထွန်းထွန်းလှိုင် | ၁၁/မပန (နိုင်) ၀၈၅၂၀၈ |
| (ခ) | ဒေါ်ယဉ်မျိုးသန့် | ၉/တသန (နိုင်) ၁၆၀၄၀၂ |
| (ဂ) | ဒေါ်ထက်ထက်ဝင်း | ၉/ပမန (နိုင်) ၂၃၇၅၈၆ |
| (ဃ) | ဒေါ်အေးစိမ့်လွှာ | ၁၂/မဂတ (နိုင်) ၀၉၉၆၅၅ |
| (င) | ဦးဝဏ္ဏဇော် | ၁၁/အမန (နိုင်) ၀၆၉၀၃၅ |
| (စ) | ဦးပိုင်ဖြိုးအောင် | ၁၂/အစန (နိုင်) ၂၂၁၂၀၄ |
| (ဆ) | ဒေါ်လွန်းစန္ဒာစိုး | ၁၂/အစန (နိုင်) ၂၂၀၇၆၀ |

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၁၃၈/၂၀၁၈)

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ တော်သလင်းလဆန်း ၁၁ ရက်
(၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၂၀ ရက်)

၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၃၀ ရက်နေ့တွင် ကျင်းပပြုလုပ်သော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ၏ (၈/၂၀၁၈) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်အရ ပြည်ထောင်စုရာထူးဝန်အဖွဲ့သို့ တင်ပြ၍ ရာထူးတိုးမြှင့်ခန့်ထားရန် သဘောတူညီချက်ရရှိပြီးဖြစ်သည့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်မေဝင်းခိုင် အား ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတွင် လစ်လပ်လျက်ရှိသည့် ဦးစီးအရာရှိ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးသို့ တာဝန်ဝတ္တရားများ အမှန်တကယ်စတင်ထမ်းဆောင်သည့်နေ့မှစ၍ ရာထူးတိုးမြှင့်ခန့်ထားလိုက်သည်။

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၁၃၉/၂၀၁၈)

၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၃၀ ရက်နေ့တွင် ကျင်းပပြုလုပ်သော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ၏ (၈/၂၀၁၈) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်အရ ပြည်ထောင်စုရာထူးဝန်အဖွဲ့သို့ တင်ပြ၍ ရာထူးတိုးမြှင့်ခန့်ထားရန် သဘောတူညီချက်ရရှိပြီးဖြစ်သည့်

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အောက်ဖော်ပြပါ အငယ်တန်းအင်ဂျင်နီယာ-၂ (၄) ဦးတို့အား ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတွင် လစ်လပ်လျက်ရှိသည့် ဦးစီးအရာရှိ (နည်းပညာ)၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးသို့ တာဝန်ဝတ္တရားများ အမှန်တကယ်စတင်ထမ်းဆောင်သည့်နေ့မှစ၍ ရာထူးတိုးမြှင့်ခန့်ထားလိုက်သည် -

| စဉ် | အမည် | တိုးမြှင့်ခန့်ထားမည့်ရာထူး |
|---|---|---|
| (က) | ဒေါ်အိသန္တာကျော် | ဦးစီးအရာရှိ (နည်းပညာ) |
| (ခ) | ဒေါ်ခိုင်သဇင် | ဦးစီးအရာရှိ (နည်းပညာ) |
| (ဂ) | ဒေါ်တီာလ်ဆွီးစင်ပါရ် | ဦးစီးအရာရှိ (နည်းပညာ) |
| (ဃ) | ဒေါ်အေးသက်ခိုင် | ဦးစီးအရာရှိ (နည်းပညာ) |

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် ၃၇၅/၂၀၁၈

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလဆန်း ၂ ရက်
(၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၉ ရက်)

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနမှ လစာနှုန်း (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) အဆင့်ရှိ ပူးတွဲပါ ဒုတိယဦးစီးမှူး (စိုက်ပညာရှင်) (၁၅၆) ဦးတို့အား ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပသော ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ အစည်းအဝေးအမှတ်စဉ် (၂၁/၂၀၁၈) ၏ သဘောတူညီချက်အရ စိုက်ပျိုးရေးဦးစီးဌာနတွင် လစ်လပ်လျက်ရှိသည့် လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) အဆင့်ရှိ ဦးစီးအရာရှိ (စိုက်ပညာရှင်) ရာထူးနေရာများသို့ စတင်သတင်းပို့ တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

ဒေါက်တာအောင်သူ၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန။

## ရာထူးတိုးမြှင့်ပေးရန် ဝန်ထမ်းများစာရင်း

| စဉ် | အမည် | စဉ် | အမည် |
|---|---|---|---|
| ၁။ | ဒေါ်ကေသီပြုံး | ၁၂။ | ဒေါ်ခင်သူ |
| ၂။ | ဦးသန်းနိုင် | ၁၃။ | ဒေါ်တင်လှိုင်ဝင်း |
| ၃။ | ဦးရဲဝင်း | ၁၄။ | ဦးချစ်ချိုချို |
| ၄။ | ဦးသိန်းနိုင် | ၁၅။ | ဒေါ်ချိုချိုမြင့် |
| ၅။ | ဦးသန်းမောင် | ၁၆။ | ဦးဇော်မျိုး |
| ၆။ | ဦးအောင်မိုး | ၁၇။ | ဦးအေးဆောင် |
| ၇။ | ဒေါ်စိန်ငွေး | ၁၈။ | ဦးထွန်းနောင် |
| ၈။ | ဒေါ်အေးအေးကြည် | ၁၉။ | ဦးကျော်ကျော် |
| ၉။ | ဦးမင်းဒင် | ၂၀။ | ဒေါ်လတ်လတ်ခိုင် |
| ၁၀။ | ဦးအောင်ကျော်ခိုင် | ၂၁။ | ဦးဇော်မင်း |
| ၁၁။ | ဦးငွေးလွင် | ၂၂။ | ဒေါ်စန်းစန်းဝေ |

| စဉ် | အမည် |
|---|---|
| ၂၃။ | ဦးသန်းဝင်း |
| ၂၄။ | ဦးအောင်ချစ် |
| ၂၅။ | ဦးသိန်းရွှေ |
| ၂၆။ | ဦးစောရေမူး |
| ၂၇။ | ဒေါ်သန်းသန်းနွဲ့ |
| ၂၈။ | ဦးသိန်းညွန့် |
| ၂၉။ | ဦးခင်မောင်အေး |
| ၃၀။ | ဦးသော်ဆန်းမင်း |
| ၃၁။ | ဦးလှထွေးအောင် |
| ၃၂။ | ဒေါ်စန်းစန်းချို |
| ၃၃။ | ဦးအောင်ဝင်း |
| ၃၄။ | ဒေါ်ဇင်နွယ်ဦး |
| ၃၅။ | ဦးဇော်လွင်မြင့် |
| ၃၆။ | ဦးမျိုးညိမ်းဇော် |
| ၃၇။ | ဦးကျော်မင်းထွန်း |
| ၃၈။ | ဦးစလှငွေ |
| ၃၉။ | ဒေါ်ခင်မာသွင် |
| ၄၀။ | ဦးသက်နိုင်ထွန်း |
| ၄၁။ | ဦးနိုင်ဝင်း |
| ၄၂။ | ဒေါ်ခင်ပြုံးကြည် |
| ၄၃။ | ဦးထွန်းထွန်းဇော် |
| ၄၄။ | ဦးစိုးမိုးနိုင် |
| ၄၅။ | ဦးလှစိုး |
| ၄၆။ | ဒေါ်ခင်စန်းမြင့် |
| ၄၇။ | ဦးစံသိန်း |
| ၄၈။ | ဦးမြင့်စိုး |
| ၄၉။ | ဦးထွန်းဝင်း |
| ၅၀။ | ဦးဝင်းစိုး |
| ၅၁။ | ဒေါ်ခင်ခင်မိုး |
| ၅၂။ | ဒေါ်ခင်မျိုးဝင်း |
| ၅၃။ | ဦးစောစိုးနိုင် |
| ၅၄။ | ဒေါ်မြမူ |
| ၅၅။ | ဦးငွေအောင် |

| စဉ် | အမည် |
|---|---|
| ၅၆။ | ဒေါ်မာမာဝင်း |
| ၅၇။ | ဒေါ်ချယ်ရီသန်း |
| ၅၈။ | ဒေါ်အေးမူ |
| ၅၉။ | ဦးဆလိုင်းတင်အေး |
| ၆၀။ | ဒေါ်သက်သက်ဝင်း |
| ၆၁။ | ဦးငွေဝင်း |
| ၆၂။ | ဒေါ်မို့မို့စိုး |
| ၆၃။ | ဦးသန်းဝေ |
| ၆၄။ | ဒေါ်အေးအေးနွယ် |
| ၆၅။ | ဦးအောင်ကျော်မင်း |
| ၆၆။ | ဦးကိုကိုဝင်း |
| ၆၇။ | ဒေါ်သစ်သစ်ခိုင် |
| ၆၈။ | ဦးမိုးအောင် |
| ၆၉။ | ဦးထွန်းထွန်းလှ |
| ၇၀။ | ဦးအောင်ကျော်ဦး |
| ၇၁။ | ဒေါ်တိုးတိုးဝင်း |
| ၇၂။ | ဒေါ်ခင်ချိုဝင်း |
| ၇၃။ | ဒေါ်မြမြဝင်း |
| ၇၄။ | ဒေါ်ခင်သဇင်မြင့် |
| ၇၅။ | ဒေါ်ငွေနွဲ့ |
| ၇၆။ | ဦးကျော်လွင် |
| ၇၇။ | ဒေါ်ခင်သိန်းဦး |
| ၇၈။ | ဒေါ်သန်းသန်းဆင့် |
| ၇၉။ | ဦးခင်မောင်ဝင်း |
| ၈၀။ | ဒေါ်ခင်ဝင်းဇော် |
| ၈၁။ | ဦးဆန်းဝင်း |
| ၈၂။ | ဒေါ်ခင်မြိုင် |
| ၈၃။ | ဒေါ်သက်စုစုလှိုင် |
| ၈၄။ | ဦးမြသိန်း |
| ၈၅။ | ဦးကျော်စိုးဝင်း |
| ၈၆။ | ဦးဆန်းဦး |
| ၈၇။ | ဒေါ်မိုးမိုးသန်း |
| ၈၈။ | ဦးမင်းဇော်ဦး |

| စဉ် | အမည် |
|---|---|
| ၈၉။ | ဦးစောသိန်း |
| ၉၀။ | ဒေါ်ခင်ခင်မာ |
| ၉၁။ | ဒေါ်ဝင်းဝင်းမွန် |
| ၉၂။ | ဒေါ်ထွေးထွေးအောင် |
| ၉၃။ | ဒေါ်စန်းစန်းဌေး |
| ၉၄။ | ဦးဉာဏ်ကျော် |
| ၉၅။ | ဦးမင်းရဲလွင် |
| ၉၆။ | ဦးသန်းမင်းလတ် |
| ၉၇။ | ဒေါ်ခင်ဆွေမြင့် |
| ၉၈။ | ဒေါ်ခင်မို့မို့ |
| ၉၉။ | ဒေါ်အေးနိုင်မော် |
| ၁၀၀။ | ဒေါ်ခင်မိုးအေး |
| ၁၀၁။ | ဒေါ်မေဦးခိုင် |
| ၁၀၂။ | ဦးခိုင်စိုးလင်း |
| ၁၀၃။ | ဦးကျော်ဝင်းစိန် |
| ၁၀၄။ | ဒေါ်စန်းစန်းနု |
| ၁၀၅။ | ဦးမြင့်နိုင် |
| ၁၀၆။ | ဦးစိုးဝင်းလှိုင် |
| ၁၀၇။ | ဒေါ်သဲနုမာ |
| ၁၀၈။ | ဒေါ်စီစီဝမ်း |
| ၁၀၉။ | ဒေါ်ကြည်ကြည်ဝင်း |
| ၁၁၀။ | ဦးကျော်ကျော်မိုး |
| ၁၁၁။ | ဒေါ်ညွန့်ရီ |
| ၁၁၂။ | ဦးစိုးသက်အောင် |
| ၁၁၃။ | ဦးစောသိန်းကျော် |
| ၁၁၄။ | ဦးသန်းဆွေ |
| ၁၁၅။ | ဦးစန်းအေး |
| ၁၁၆။ | ဒေါ်လိန်းအွယ်ယ |
| ၁၁၇။ | ဦးစိုးမင်းနိုင် |
| ၁၁၈။ | ဒေါ်နီလာဝင်း |
| ၁၁၉။ | ဒေါ်ခိုင်ခိုင်မြ |
| ၁၂၀။ | ဒေါ်ဆွေဆွေမြင့် |
| ၁၂၁။ | ဒေါ်ယဉ်မိုးအေး |
| ၁၂၂။ | ဒေါ်ဌေးတင် |

| စဉ် | အမည် |
|---|---|
| ၁၂၃။ | ဦးမင်းစိုးသိန်း |
| ၁၂၄။ | ဦးစရဲအောင် |
| ၁၂၅။ | ဒေါ်အေးသန္တာ |
| ၁၂၆။ | ဒေါ်စန်းစန်းအေး |
| ၁၂၇။ | ဒေါ်အေးအေးမွန် |
| ၁၂၈။ | ဒေါ်မိုးသီတာ |
| ၁၂၉။ | ဦးထွေးလှိုင် |
| ၁၃၀။ | ဦးစိုးမိုးဝင်း |
| ၁၃၁။ | ဦးမင်းမင်းထွန်း |
| ၁၃၂။ | ဦးချိုလေး |
| ၁၃၃။ | ဒေါ်မေသင်းခိုင် |
| ၁၃၄။ | ဦးစိုးညွန့်သိန်း |
| ၁၃၅။ | ဒေါ်ချိုချိုစန်း |
| ၁၃၆။ | ဦးစိုင်းအောင်ကျော် |
| ၁၃၇။ | ဦးသန်းနိုင် |
| ၁၃၈။ | ဦးအုန်းကျော်မြင့် |
| ၁၃၉။ | ဦးသိန်းထိုက်သော် |
| ၁၄၀။ | ဦးသန့်ဇင်အောင် |
| ၁၄၁။ | ဒေါ်နန်းခိုင်စုသွင် |
| ၁၄၂။ | ဒေါ်ကေသီလွင် |
| ၁၄၃။ | ဦးငင့်ဇဆွင်း |
| ၁၄၄။ | ဦးသောင်းနိုင်ဦး |
| ၁၄၅။ | ဦးမျိုးမင်းသန်း |
| ၁၄၆။ | ဦးဇော်မိုးလွင် |
| ၁၄၇။ | ဦးမျိုးအောင် |
| ၁၄၈။ | ဒေါ်ခင်မြင့်နွယ် |
| ၁၄၉။ | ဒေါ်ဝင်းဝင်းမော် |
| ၁၅၀။ | ဒေါ်ဥမ္မာအေး |
| ၁၅၁။ | ဒေါ်နီနီထွေး |
| ၁၅၂။ | ဒေါ်ငွေရီ |
| ၁၅၃။ | ဦးမင်းမင်းထွန်း |
| ၁၅၄။ | ဦးကျော်စိုးလင်း |
| ၁၅၅။ | ဦးဇော်ထွန်းခိုင် |
| ၁၅၆။ | ဦးထန်ကျင်မုန် |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

## (ပြည်ထောင်စုဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် ၁၆/၂၀၁၈

၁၃၈၀ ပြည့်နှစ်၊ သီတင်းကျွတ်လဆန်း ၇ ရက်

(၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁၆ ရက်)

၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁၁ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၉/၂၀၁၈) ၏ သဘောတူဆုံးဖြတ်ချက်အရ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနမှ အောက်ဖော်ပြပါ အရာထမ်း (၄) ဦးအား ၎င်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ရာထူးနေရာများတွင် ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁၁ ရက်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည် -

| **အမည်၊ လက်ရှိရာထူး၊ လစာနှုန်း၊ ဌာန** | **ခန့်ထားသည့် ရာထူး၊ လစာနှုန်း၊ ဌာန** |
|---|---|
| (က) ဦးနေလင်းထွန်း<br>ဒုတိယညွှန်ကြားရေးမှူး<br>(၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀)<br>ရေဒီယိုလှိုင်းနှုန်းစဉ်ကြီးကြပ်ရေးနှင့်<br>တိုင်းတာရေးဌာန၊ ရေဒီယိုလှိုင်းနှုန်းစဉ်<br>ကြီးကြပ်ရေးနှင့် စံချိန်စံညွှန်းဌာန<br>ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန | ညွှန်ကြားရေးမှူး<br>(၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀)<br>ရန်ကုန်တိုင်းဒေသကြီးရုံး<br>ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန |
| (ခ) ဦးမင်းမင်းထွဋ်<br>ဒုတိယညွှန်ကြားရေးမှူး<br>(၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀)<br>စစ်ဆေးရေးဌာန<br>လိုင်စင်နှင့် စစ်ဆေးရေးဌာန<br>ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန | ညွှန်ကြားရေးမှူး<br>(၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀)<br>မန္တလေးတိုင်းဒေသကြီးရုံး<br>ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန |
| (ဂ) ဦးကျော်ဦး<br>ဒုတိယညွှန်ကြားရေးမှူး<br>(၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀)<br>လိုင်စင်ဌာန<br>လိုင်စင်နှင့် စစ်ဆေးရေးဌာန<br>ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန | ညွှန်ကြားရေးမှူး<br>(၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀)<br>အခြေခံဆက်သွယ်ရေးလိုအပ်ချက်<br>ဖြည့်ဆည်းရေးဌာန<br>ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန |
| (ဃ) ဒေါ်စိမ့်စိမ့်အေး<br>ဒုတိယညွှန်ကြားရေးမှူး<br>(၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀)<br>ရေဒီယိုလှိုင်းနှုန်းစဉ်စီမံခန့်ခွဲရေးဌာန<br>အရင်းအမြစ်စီမံခန့်ခွဲမှုဌာန<br>ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန | ညွှန်ကြားရေးမှူး<br>(၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀)<br>အရင်းအမြစ်စီမံခန့်ခွဲမှုဌာန<br>ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန |

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၂၁၁/၂၀၁၈)

၁၃၈၀ ပြည့်နှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၆ ရက်

(၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၃၀ ရက်)

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနသည် မြစ်ချောင်းများအတွင်း ရေလမ်းကြောင်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေးအတွက် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများထိန်းသိမ်းရေးဥပဒေပုဒ်မ ၃၆၊ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

## ပြည်တွင်းရေလမ်းများအတွက် ရေကြောင်းသွားလာမှု အမှတ်အသားများ ဖြည့်စွက်ခြင်းနှင့် အမှတ်အသားများအသစ် သတ်မှတ်ခြင်းတို့အတွက် ထုတ်ပြန်ကြေညာခြင်း

ပြည်တွင်းရေလမ်းများအတွက် ရေကြောင်းသွားလာမှု အမှတ်အသားများ၊ စည်းမျဉ်းများ၊ အမှတ် ၈၃ (၁၉၆၄ ခုနှစ်၊ မေလ ၈ ရက်၊ ရန်ကုန်) ပါ လက်ရှိ အသုံးပြုလျက်ရှိသော ရေလမ်းညွှန်အမှတ်အသား (၁၆) မျိုးအပြင် The International Association Of Marine Aids To Navigation and Lighthouse Authorities (IALA) က Region A အတွက် ထောက်ခံအတည်ပြုထားသော ရေပေါ်ပြ အမှတ်အသား (၅) မျိုး၊ တံတားအဝင်/အထွက် ရေကြောင်းပြအမှတ်အသားအသစ် (၂) မျိုးတို့ကို ပြည်တွင်းရေကြောင်းသွားလာရေး၊ ပြည်တွင်းရေလမ်းများအတွက် ရေကြောင်းသွားလာမှု အမှတ်အသားများအဖြစ် သတ်မှတ်လိုက်သည်။

**ပူးတွဲပါ** - အမှတ်စဉ် (၁) မှ အမှတ်စဉ် (၇) အထိ၊ အမှတ်အသား (၇) မျိုး

သန့်စင်မောင်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန။

### ပြည်တွင်းရေကြောင်းများကို နောက်ထပ်သတ်မှတ်မည့် နည်းစနစ် (၇) မျိုး
### သရုပ်ပြပုံစံများ (DIAGRAMS)
### ရေကြောင်းပြအမှတ်အသားများ (CHANNEL MARKS)
### ရေပေါ်ပြအမှတ်အသားများ (FLOATING MARKS)

**၁။ လက်ဝဲဘက်ထားသွားအမှတ်အသား (PORT HAND MARK)**



**၂။ လက်ယာဘက်ထားသွားအမှတ်အသား (STARBOARD HAND MARK)**



**၃။ အန္တရာယ်ပြအမှတ်အသား (DANGER MARK)**



**၄။ ဝဲ/ယာထားသွားပြအမှတ်အသား (MID FAIRWAY MARK)**



**၅။ အထူးအမှတ်အသား (SPECIAL MARK)**



**တံတားရေလမ်းပြသမည့်အမှတ်အသားများ (PASSAGE OF STRUCTURES-BRIDGE)**

**၆။ ဝင်ပေါက်ရေလမ်းပြအမှတ်အသား (MARK INDICATING ENTRANCE)**



**၇။ ဖြတ်သန်းခြင်းမပြုရ အမှတ်အသား (MARK INDICATING NO PASS)**



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၆၄/၂၀၁၈)**

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ ကဆုန်လပြည့်ကျော် ၁၅ ရက်

(၂၀၁၈ ခုနှစ်၊ မေလ ၁၄ ရက်)

**ကြိုးပြင်ကာကွယ်တောသတ်မှတ်ရန် ရည်ရွယ်ကြောင်းကြေညာခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးသည် ၁၉၉၂ ခုနှစ်၊ မြန်မာနိုင်ငံသစ်တောဥပဒေပုဒ်မ (၆)၊ ပုဒ်မခွဲ (က) အရ အပ်နှင်းထားသည့် အခွင့်အာဏာများကိုကျင့်သုံး၍ ကချင်ပြည်နယ်၊ ဗန်းမော်ခရိုင်၊ မိုးမောက်မြို့နယ်အတွင်းရှိ

အောက်ဖော်ပြပါ နယ်နိမိတ်များအတွင်း ကျရောက်နေသည့် ဧရိယာအကျယ်အဝန်း (၂၄,၉၆၀) ဧကရှိသော နယ်မြေကို "တိန်းသော်တိုးချဲ့ကြိုးပြင်ကာကွယ်တော" အဖြစ် ၁၃၈၀ ပြည့်နှစ်၊ ကဆုန်လပြည့်ကျော် ၁၅ ရက် (၂၀၁၈ ခုနှစ်၊ မေလ ၁၄ ရက်) မှစ၍ သတ်မှတ်ရန်ရည်ရွယ်ကြောင်း ကြေညာလိုက်သည်။

## ၁။ **နယ်နိမိတ်အလားအလာဖော်ပြချက်**

မြောက်ဘက် ။ ။ တိန်းသော်ကြိုးပြင်ကာကွယ်တောနယ်နိမိတ်နှင့် နန့်ဝေါချောင်းဆုံသည့်နေရာ ခန့်မှန်းမြေပုံညွှန်း (J-130690) မှအစပြု၍ အရှေ့မြောက်ဘက်သို့ (၁) မိုင် (၅) ဖာလုံခန့်လာရာ ခယာ-ဆင်ဘိုသွားကားလမ်းဆုံသည့်နေရာ၏ တောင်ဘက် (၁) မိုင်ခန့်အကွာ ခန့်မှန်းမြေပုံညွှန်း (J-151706) အထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ (၁) မိုင် (၅) ဖာလုံခန့်လာရာ လယ်ကွင်းအနီး တိမ်းမကျိုင်းကျေးရွာမှလာသည့် လူသွားလမ်းဆုံသည့်နေရာ ခန့်မှန်းမြေပုံညွှန်း (J-161683) အထိ၊

အရှေ့ဘက် ။ ။ ထိုမှ အနောက်တောင်ဘက်သို့ (၅) ဖာလုံခန့်လာရာ တာဆိုင်းကျေးရွာမှလာသည့်လူသွားလမ်းနှင့်တိမ်းမကျိုင်းကျေးရွာမှလာသည့် လူသွားလမ်းဆုံသည့်နေရာ ခန့်မှန်းမြေပုံညွှန်း (J-159674) အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ (၁) မိုင် (၂) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (J-153654) အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ (၁) မိုင် (၂) ဖာလုံခန့်လာရာ လဂျားယန်ဘိနယ် နယ်နိမိတ်နှင့် ဒွေ့ဖုန်းယန်ဘိနယ် နယ်နိမိတ်ခွဲခြားထားသည့်နယ်နိမိတ်နေရာနှင့် တာဆိုင်းကျေးရွာမှလာသည့် လူသွားလမ်းဆုံသည့်နေရာ ခန့်မှန်းမြေပုံညွှန်း (J-146636) အထိ၊ ထိုမှ တာဆိုင်းကျေးရွာ အနောက်တောင်ဘက်ရှိ လယ်ကွင်းများ၏ နယ်နိမိတ်အတိုင်း အနောက်တောင်ဘက်သို့ (၂. ၇) မိုင်ခန့်လာရာ မိုင်မူကျေးရွာ၏ အနောက်မြောက်ဘက် (၀. ၅) မိုင်ခန့်အကွာ လယ်ကွင်းအနီး မိုင်မူကျေးရွာမှလာသည့် လူသွားလမ်းနှင့်ဆုံသည့် ခန့်မှန်းမြေပုံညွှန်း (J-129594) အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ (၁) မိုင်ခန့်လာရာ နောင်ပိန်အင်းအနီး မိုင်မူကျေးရွာမှလာသည့် လူသွားလမ်းနှင့်ဆုံသည့် ခန့်မှန်းမြေပုံညွှန်း (J-123576) အထိ၊ ထိုမှ တောင်ဘက်လူသွားလမ်းအတိုင်း (၂. ၃) မိုင်ခန့်လာရာ နောင်ပိန်အင်းအနီး ခန့်မှန်းမြေပုံညွှန်း (J-117539) အထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ (၁. ၅) မိုင်ခန့်လာရာ မိုးလဲချောင်းနှင့်ဆုံသည့်နေရာ ခန့်မှန်းမြေပုံညွှန်း (J-142530) အထိ၊ ထိုမှ တောင်ဘက်သို့ မိုးလဲချောင်းဘေး အတိုင်း (၄) မိုင်ခန့် စုန်ဆင်းလာရာ လူသွားလမ်းဆုံသည့်နေရာ ခန့်မှန်းမြေပုံညွှန်း (J-146464) အထိ၊

တောင်ဘက် ။ ။ ထိုမှ အနောက်တောင်ဘက်သို့ (၁) မိုင်ခန့်လာရာ ခမူအင်းအစပ် လယ်ကွင်းအနီး ခန့်မှန်းမြေပုံညွှန်း (J-135449) အထိ၊ ထိုမှ အနောက်ဘက်သို့ (၀. ၅) မိုင်ခန့်လာရာ လူသွားလမ်းနှစ်ခုဆုံသည့် ခန့်မှန်းမြေပုံညွှန်း (J-125450) အထိ၊ ထိုမှ တောင်ဘက်သို့ (၆) ဖာလုံခန့်လာရာ ဝက်ငင်းကျေးရွာအနောက်ဘက် (၀. ၅) မိုင်ခန့်အကွာ ခန့်မှန်းမြေပုံညွှန်း (J-122440) အထိ၊ ထိုမှ အနောက်တောင်ဘက် (၁) မိုင်ခန့်လာရာ လယ်ကွင်းအနီး လူသွားလမ်းဆုံသည့်နေရာ ခန့်မှန်းမြေပုံညွှန်း (J-110431) အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ လူသွားလမ်းအတိုင်း (၆) ဖာလုံခန့်လာရာ လူသွားလမ်းနှစ်ခုဆုံသည့်နေရာ ခန့်မှန်းမြေပုံညွှန်း (J-105424) အထိ၊ ထိုမှ အနောက်ဘက်သို့ (၀. ၅) မိုင်ခန့်လာရာ ချောင်းလက်တက်နှင့် လူသွားလမ်းဆုံသည့်နေရာ ခန့်မှန်းမြေပုံညွှန်း (J-094421) အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ နောင်ခမ်း (ကချင်) ရွာဟောင်း လူသွားလမ်းအတိုင်း (၀. ၅) မိုင်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (J-084412) အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ (၂) မိုင်ခန့်လာရာ တက္ကလားရွာဟောင်းနေရာ အရှေ့ဘက် (၀. ၅) မိုင်ခန့်အကွာ ခန့်မှန်းမြေပုံညွှန်း (J-068385) အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ (၆) ဖာလုံခန့်လာရာ နန့်ဝေါချောင်းနှင့်ဆုံသည့်နေရာ ခန့်မှန်းမြေပုံညွှန်း (J-057392) အထိ၊

အနောက်ဘက် ။ ။ ထိုမှ မြောက်ဘက်သို့ တိန်းသော်ကြိုးပြင်ကာကွယ်တောနယ်နိမိတ်တစ်လျှောက် နန့်ဝေါချောင်းအတိုင်း (၁၉) မိုင်ခန့်ဆန်တက်ရာ မူလစတင်သည့် ခန့်မှန်းမြေပုံညွှန်း (J-130690) အထိ။

၂။ **သစ်တောကြေးတိုင်အရာရှိ ခန့်အပ်ခြင်း**

ကြိုးပြင်ကာကွယ်တော သတ်မှတ်ကြေညာခြင်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာနယ်မြေဒေသရှိ အများပြည်သူတို့၏ အခွင့်အရေး၊ ထိခိုက်နစ်နာမှုများကို သတ်မှတ်သည့်နည်းလမ်းများနှင့်အညီ စုံစမ်းစစ်ဆေး၍ ဆုံးဖြတ်နိုင်ရန်နှင့် ကြိုးပြင်ကာကွယ်တောနယ်နိမိတ်များ သတ်မှတ်ရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် သစ်တောဥပဒေပုဒ်မ (၆)၊ ပုဒ်မခွဲ (ဂ) အရ သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်အား သစ်တောကြေးတိုင်အရာရှိအဖြစ် ခန့်အပ်လိုက်သည်။

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၆၅/၂၀၁၈)

## ကြိုးပြင်ကာကွယ်တောသတ်မှတ်ရန် ရည်ရွယ်ကြောင်းကြေညာခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးသည် ၁၉၉၂ ခုနှစ်၊ မြန်မာနိုင်ငံသစ်တောဥပဒေပုဒ်မ (၆)၊ ပုဒ်မခွဲ (က) အရ အပ်နှင်းထားသည့် အခွင့်အာဏာများကိုကျင့်သုံး၍ တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းခရိုင်၊ ဘုတ်ပြင်းမြို့နယ်အတွင်းရှိ အောက်ဖော်ပြပါ နယ်နိမိတ်များအတွင်းကျရောက်နေသည့် ဧရိယာအကျယ်အဝန်း (၄၂,၉၁၃) ဧကရှိသောနယ်မြေကို “ကရသူရိဒီရေတောကြိုးပြင်ကာကွယ်တော” အဖြစ် ၁၃၈၀ ပြည့်နှစ်၊ ကဆုန်လပြည့်ကျော် ၁၅ ရက် (၂၀၁၈ ခုနှစ်၊ မေလ ၁၄ ရက်) မှစ၍ သတ်မှတ်ရန်ရည်ရွယ်ကြောင်း ကြေညာလိုက်သည်။

၁။ **နယ်နိမိတ်အလားအလာဖော်ပြချက်**

မြောက်ဘက် ။ ။ ကြိမ်မဲတောင်ကျေးရွာ၏အရှေ့ဘက် ဒီရေတောကမ်းစပ်၊ ခန့်မှန်းမြေပုံညွှန်း (UJ-649838) အမှတ်နေရာမှအစပြု၍ ဒီရေတောကမ်းခြေတစ်လျှောက် အရှေ့မြောက်သို့ (၁) မိုင် (၂) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (UJ-669847) အထိ၊ ထိုမှ ဒီရေတောကမ်းခြေတစ်လျှောက် အရှေ့ဘက်သို့ (၃) မိုင် (၄) ဖာလုံခန့်လာရာ မုန့်ဖြူတောင်ချောင်းဝ ခန့်မှန်းမြေပုံညွှန်း (UJ-721838) အထိ၊

အရှေ့ဘက် ။ ။ ထိုမှ မုန့်ဖြူတောင်ချောင်းအတိုင်း တောင်ဘက်သို့ (၃) မိုင် (၂) ဖာလုံခန့်လာရာ မုန့်ဖြူတောင်ချောင်းဖျား ခန့်မှန်းမြေပုံညွှန်း (UJ-725801) အထိ၊ ထိုမှ ဒီရေတောကမ်းခြေတစ်လျှောက် တောင်ဘက်သို့ (၄) မိုင် (၁) ဖာလုံခန့်လာရာ ကရသူရိချောင်းဖျား ခန့်မှန်းမြေပုံညွှန်း (UJ-719736) အထိ၊ ထိုမှ ဒီရေတောကမ်းခြေတစ်လျှောက် အနောက်တောင်ဘက်သို့ (၁) မိုင် (၇) ဖာလုံခန့်လာရာ ကရသူရိဂလက် ခန့်မှန်းမြေပုံညွှန်း (UJ-690731) အထိ၊ ထိုမှ ဒီရေတောကမ်းခြေတစ်လျှောက် တောင်ဘက်သို့ (၁) မိုင် (၄) ဖာလုံခန့်လာရာ ကျောက်ထနောင်းချောင်း ခန့်မှန်းမြေပုံညွှန်း (UJ-697712) အထိ၊ ထိုမှ ဒီရေတောကမ်းခြေတစ်လျှောက် အနောက်တောင်ဘက်သို့ (၁) မိုင် (၇) ဖာလုံခန့်လာရာ ကျောက်ပုံချောင်းနံဘေး ခန့်မှန်းမြေပုံညွှန်း (UJ-680692) အထိ၊ ထိုမှ ဒီရေတောကမ်းခြေတစ်လျှောက် အနောက်တောင်ဘက်သို့ (၁) မိုင် (၇) ဖာလုံခန့်လာရာ ကျောက်ချောင်းဖျား ခန့်မှန်းမြေပုံညွှန်း (UJ-678661) အထိ၊

တောင်ဘက် ။ ။ ထိုမှ ဒီရေတောကမ်းခြေတစ်လျှောက် အနောက်ဘက်သို့ (၁) မိုင် (၁) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (UJ-658661) အထိ၊ ထိုမှ ဒီရေတောကမ်းခြေတစ်လျှောက် မြောက်ဘက်သို့ (၁) မိုင်ခန့်လာရာ ကျောက်ပုံချောင်းလက်တက် ခန့်မှန်းမြေပုံညွှန်း (UJ-660672) အထိ၊ ထိုမှ ဒီရေတောကမ်းခြေတစ်လျှောက် အနောက်မြောက်ဘက်သို့ (၁) မိုင် (၄) ဖာလုံခန့်လာရာ ကြပ်မီးချောင်းဖျား ခန့်မှန်းမြေပုံညွှန်း (UJ-649693) အထိ၊ ထိုမှ ကြပ်မီးချောင်းနံဘေး ဒီရေတောကမ်းခြေတစ်လျှောက် အနောက်မြောက်ဘက်သို့ (၁) မိုင် (၃) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (UJ-627699) အထိ၊ ထိုမှ ကြပ်မီးချောင်းလက်တက် ဒီရေတောကမ်းခြေ

တစ်လျှောက် အနောက်တောင်ဘက်သို့ (၄) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (UJ-619691) အထိ၊ ထိုမှ ဒီရေတောကမ်းခြေတစ်လျှောက် မြောက်ဘက်သို့ (၁) မိုင်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (UJ-619707) အထိ၊ ထိုမှ ဒီရေတောကမ်းခြေတစ်လျှောက် အနောက်မြောက်ဘက်သို့ (၇) ဖာလုံခန့်လာရာ ကြပ်မီးချောင်းဘေး ခန့်မှန်းမြေပုံညွှန်း (UJ-609709) အထိ၊ ထိုမှ ဒီရေတောကမ်းခြေတစ်လျှောက် တောင်ဘက်သို့ (၁) မိုင် (၆) ဖာလုံခန့်လာရာ ကြပ်မီးချောင်းလက်တက် ခန့်မှန်းမြေပုံညွှန်း (UJ-602638) အထိ၊ ထိုမှ ဒီရေတောကမ်းခြေတစ်လျှောက် အနောက်မြောက်ဘက်သို့ (၆) ဖာလုံခန့်လာရာ ကြပ်မီးဂလက်ဝ ခန့်မှန်းမြေပုံညွှန်း (UJ-599690) အထိ၊ ထိုမှ ဒီရေတောကမ်းခြေတစ်လျှောက် အနောက်တောင်ဘက်သို့(၆) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (UJ-589688) အထိ၊ ထိုမှ ဒီရေတောကမ်းခြေတစ်လျှောက် အရှေ့တောင်ဘက်သို့ (၂) မိုင် (၇) ဖာလုံခန့်လာရာ ဟန်ကချင်းချောင်း ခန့်မှန်းမြေပုံညွှန်း (UJ-601642) အထိ၊ ထိုမှ ဒီရေတောကမ်းခြေတစ်လျှောက် အနောက်မြောက်ဘက်သို့ (၇) ဖာလုံခန့်လာရာ ကွမ်းချောင်းငယ်ချောင်း ခန့်မှန်းမြေပုံညွှန်း (UJ-588650) အထိ၊ ထိုမှ ဒီရေတောကမ်းခြေတစ်လျှောက် အနောက်တောင်ဘက်သို့ (၁) မိုင် (၁) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (UJ-582639) အထိ၊ ထိုမှ ဒီရေတောကမ်းခြေတစ်လျှောက် အနောက်တောင်ဘက်သို့ (၁) မိုင် (၃) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (UJ-565628) အထိ၊ ထိုမှ ဒီရေတောကမ်းခြေတစ်လျှောက် မြောက်ဘက်သို့ (၁) မိုင် (၂) ဖာလုံခန့်လာရာ ကွမ်းချောင်းငယ် ချောင်းနံဘေး ခန့်မှန်းမြေပုံညွှန်း (UJ-560641) အထိ၊ ထိုမှ ဒီရေတောကမ်းခြေတစ်လျှောက် အနောက်တောင်ဘက်သို့ (၂) မိုင် (၃) ဖာလုံခန့်လာရာ ကွမ်းချောင်းကြီး ချောင်းနံဘေး ခန့်မှန်းမြေပုံညွှန်း (UJ-556610) အထိ၊ ထိုမှ ဒီရေတောကမ်းခြေတစ်လျှောက် အနောက်တောင်ဘက်သို့ (၂) မိုင် (၁) ဖာလုံခန့်လာရာ ဟန်ကချင်းချောင်းလက်တက် ခန့်မှန်းမြေပုံညွှန်း (UJ-548596) အထိ၊ ထိုမှ ဒီရေတောကမ်းခြေတစ်လျှောက် အနောက်မြောက်ဘက်သို့ (၂) မိုင် (၃) ဖာလုံခန့်လာရာ ဟန်ကဒိုင်းချောင်းဝ ခန့်မှန်းမြေပုံညွှန်း (UJ-508610) အထိ၊

အနောက်ဘက် ။ ။ ထိုမှ ဒီရေတောကမ်းခြေတစ်လျှောက် အရှေ့မြောက်ဘက်သို့ (၁) မိုင် (၇) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (UJ-533630) အထိ၊ ထိုမှ ဒီရေတောကမ်းခြေတစ်လျှောက် ကွမ်းချောင်းငယ်ချောင်းဝကိုဖြတ်ပြီး အနောက်မြောက်ဘက်သို့ (၁) မိုင် (၄) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (UJ-526651) အထိ၊ ထိုမှ ဒီရေတောကမ်းခြေတစ်လျှောက် အရှေ့မြောက်ဘက်သို့ (၁) မိုင် (၅) ဖာလုံခန့်လာရာ ဟန်ကချင်းချောင်းဝ ခန့်မှန်းမြေပုံညွှန်း (UJ-544667) အထိ၊ ထိုမှ ဟန်ကချင်းချောင်းဝကိုဖြတ်၍ ဒီရေတောကမ်းခြေတစ်လျှောက် အနောက်မြောက်ဘက်သို့ (၁) မိုင် (၂) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (UJ-533682) အထိ၊ ထိုမှ ဒီရေတောကမ်းခြေတစ်လျှောက် အနောက်ဘက်သို့ (၁) မိုင် (၃) ဖာလုံခန့်လာရာ ကျောက်တန်းမော်ထိပ် ခန့်မှန်းမြေပုံညွှန်း (UJ-513680) အထိ၊ ထိုမှ ကျောက်တန်းမော် ဒီရေတောကမ်းခြေတစ်လျှောက် မြောက်ဘက်သို့ (၁) မိုင် (၃) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (UJ-512700) အထိ၊ ထိုမှ ကျောက်တန်းမော်ဒီရေတောတစ်လျှောက် အရှေ့မြောက်ဘက်သို့ (၅) မိုင် (၃) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (UJ-581758) အထိ၊ ထိုမှ ဒီရေတောကမ်းခြေတစ်လျှောက် အရှေ့မြောက်ဘက်သို့ (၂) မိုင် (၁) ဖာလုံခန့်လာရာ ကျောက်ထနောင်းချောင်းဝ ခန့်မှန်းမြေပုံညွှန်း (UJ-616760) အထိ၊ ထိုမှ ဒီရေတောကမ်းခြေတစ်လျှောက် ကျောက်ထနောင်းချောင်းကိုဖြတ်၍ အရှေ့တောင်ဘက်သို့ (၁) မိုင် (၂) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (UJ-633752) အထိ၊ ထိုမှ ဒီရေတောကမ်းခြေတစ်လျှောက် ကရသူရိချောင်းဝကိုဖြတ်၍ မြောက်ဘက်သို့ (၁) မိုင် (၂) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (UJ-638771) အထိ၊ ထိုမှ ဒီရေတောကမ်းခြေတစ်လျှောက် အရှေ့မြောက်ဘက်သို့ (၄) မိုင် (၁) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (UJ-691802) အထိ၊

ထိုမှ မုန့်ဖြူချောင်းဝကိုဖြတ်ပြီး ဒီရေတောကမ်းခြေတစ်လျှောက် အနောက်မြောက်ဘက်သို့ (၃) မိုင်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (UJ-648817) အထိ၊ ထိုမှ ဒီရေတောအတိုင်း မြောက်ဘက်သို့ (၁) မိုင် (၂) ဖာလုံခန့်လာရာ မူလစတင်သည့်ကြိမ်မဲတောင်ကျေးရွာ၏ အရှေ့ဘက် ခန့်မှန်းမြေပုံညွှန်း (UJ-649838) အထိ။

၂။ **သစ်တောကြေးတိုင်အရာရှိ ခန့်အပ်ခြင်း**

ကြိုးပြင်ကာကွယ်တော သတ်မှတ်ကြေညာခြင်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာနယ်မြေဒေသရှိ အများပြည်သူတို့၏ အခွင့်အရေး၊ ထိခိုက်နစ်နာမှုများကို သတ်မှတ်သည့်နည်းလမ်းများနှင့်အညီ စုံစမ်းစစ်ဆေး၍ ဆုံးဖြတ်နိုင်ရန်နှင့် ကြိုးပြင်ကာကွယ်တောနယ်နိမိတ်များ သတ်မှတ်ရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် သစ်တောဥပဒေပုဒ်မ (၆)၊ ပုဒ်မခွဲ (ဂ) အရ သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်အား သစ်တောကြေးတိုင်အရာရှိအဖြစ် ခန့်အပ်လိုက်သည်။

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၆၆/၂၀၁၈)

## ကြိုးပြင်ကာကွယ်တောသတ်မှတ်ရန် ရည်ရွယ်ကြောင်းကြေညာခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးသည် ၁၉၉၂ ခုနှစ်၊ မြန်မာနိုင်ငံသစ်တောဥပဒေပုဒ်မ (၆)၊ ပုဒ်မခွဲ (က) အရ အပ်နှင်းထားသည့် အခွင့်အာဏာများကိုကျင့်သုံး၍ စစ်ကိုင်းတိုင်းဒေသကြီး၊ မော်လိုက်ခရိုင်၊ ဖောင်းပြင်မြို့နယ်အတွင်းရှိ အောက်ဖော်ပြပါ နယ်နိမိတ်များအတွင်း ကျရောက်နေသည့် ဧရိယာအကျယ်အဝန်း (၁၁,၁၂၅) ဧကရှိသော နယ်မြေကို “မိုင်းချောင်းကြိုးပြင်ကာကွယ်တော” အဖြစ် ၁၃၈၀ ပြည့်နှစ်၊ ကဆုန်လပြည့်ကျော် ၁၅ ရက် (၂၀၁၈ ခုနှစ်၊ မေလ ၁၄ ရက်) မှစ၍ သတ်မှတ်ရန်ရည်ရွယ်ကြောင်း ကြေညာလိုက်သည်။

၁။ **နယ်နိမိတ်အလားအလာဖော်ပြချက်**

မြောက်ဘက် ။ ။ ခန့်မှန်းမြေပုံညွှန်း (SL-156779) နေရာ ငှက်ပျောတောချောင်းမှအစပြု၍ ချောင်းအတိုင်း အထက်သို့ (၁) မိုင်ခန့်တက်လာရာ ခန့်မှန်းမြေပုံညွှန်း (SL-171774) အထိ၊ ထိုမှ ချောင်းလက်တက်အတိုင်း အရှေ့မြောက်ဘက်သို့ (၄) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (SL-181779) အထိ၊ ထိုမှ အရှေ့ဘက်သို့ (၄) ဖာလုံခန့်လာရာ ချောင်းနှင့်ဆုံသည့် ခန့်မှန်းမြေပုံညွှန်း (SL-188780) အထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ (၄) ဖာလုံခန့်လာရာ ချောင်းလက်တက်နှင့်ဆုံသည့် ခန့်မှန်းမြေပုံညွှန်း (SL-194777) အထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ (၂) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (SL-197780) အထိ၊ ထိုမှ အရှေ့ဘက်သို့ တောင်ကြောအတိုင်း (၁) မိုင် (၃) ဖာလုံခန့်လာရာ ငွေးငူချောင်းရောက်သည်အထိ ခန့်မှန်းမြေပုံညွှန်း (SL-207780) အထိ၊

အရှေ့ဘက် ။ ။ ထိုမှ တောင်ကြောအတိုင်း အရှေ့တောင်ယွန်းယွန်းသွားပြီး တောင်ဘက်သို့ (၃) မိုင်ခန့်ဆက်သွားရာ ငွေးငူချောင်းဖျား ခန့်မှန်းမြေပုံညွှန်း (SL-217737) အထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ တောင်ကြောအတိုင်း (၁) မိုင် (၄) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (SL-231754) အထိ၊ ထိုမှ အရှေ့ဘက်သို့ တောင်ကြောအတိုင်း (၁) မိုင်ခန့်သွားပြီး အရှေ့တောင်ဘက်သို့ (၄) ဖာလုံခန့်လာရာ မက်ပါချောင်းသို့ရောက်သည့် ခန့်မှန်းမြေပုံညွှန်း (SL-251753) အထိ၊ ထိုမှ မက်ပါချောင်းလက်တက်အတိုင်း (၂) မိုင် (၃) ဖာလုံခန့် ဆန်တက်လာရာ ခန့်မှန်းမြေပုံညွှန်း (SL-231729) အထိ၊ ထိုမှ တောင်ဘက်သို့ တောင်ကြောအတိုင်း (၁) မိုင် (၂) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (SL-232713) အထိ၊

တောင်ဘက် ။ ။ ထိုမှ အနောက်ဘက်သို့ (၁) မိုင် (၄) ဖာလုံခန့်လာရာ မက်ပါချောင်းမကြီးထိပ်ရောက်သည့် ခန့်မှန်းမြေပုံညွှန်း (SL-211706) အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ (၁) မိုင်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (SL-198714) အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ (၅) ဖာလုံခန့်လာရာ နတ်ကြီးချောင်းဖျားထိပ် ခန့်မှန်းမြေပုံညွှန်း (SL-190707) အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ တောင်ကြောအတိုင်း (၁) မိုင် (၃) ဖာလုံခန့်လာရာ နတ်ကြီးချောင်းလက်တက်ထိပ် ခန့်မှန်းမြေပုံညွှန်း (SL-174695) အထိ၊ ထိုမှ တောင်ကြောအတိုင်း အနောက်မြောက်ဘက်သို့ (၂) မိုင် (၄) ဖာလုံခန့်လာရာ မီးချောင်းဖျားထိပ် ခန့်မှန်းမြေပုံညွှန်း (SL-138714) အထိ၊ ထိုမှ မြောက်ဘက်သို့ (၁) မိုင်ခန့်လာရာ နတ်ကြီးချောင်းရောက်သည့် ခန့်မှန်းမြေပုံညွှန်း (SL-141726) အထိ၊

အနောက်ဘက် ။ ။ ထိုမှ တောင်ကြောအတိုင်း အရှေ့မြောက်ဘက်သို (၂) မိုင် (၃) ဖာလုံခန့်လာရာ မီးချောင်းဖျားထိပ်နှင့် ငှက်ပျောတောချောင်းဖျားထိပ်ဆုံရာ ခန့်မှန်းမြေပုံညွှန်း (SL-169737) အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ တောင်ကြောအတိုင်း (၁) မိုင် (၂) ဖာလုံခန့်လာရာ မီးချောင်းဖျားထိပ် ခန့်မှန်းမြေပုံညွှန်း (SL-165759) အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ (၁) မိုင် (၄) ဖာလုံခန့်လာရာ မူလစတင်သည့် ခန့်မှန်းမြေပုံညွှန်း (SL-156779) အထိ။

## ၂။ သစ်တောကြေးတိုင်အရာရှိ ခန့်အပ်ခြင်း

ကြိုးပြင်ကာကွယ်တော သတ်မှတ်ကြေညာခြင်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာနယ်မြေဒေသရှိ အများပြည်သူတို့၏ အခွင့်အရေး၊ ထိခိုက်နစ်နာမှုများကို သတ်မှတ်သည့်နည်းလမ်းများနှင့်အညီ စုံစမ်းစစ်ဆေး၍ ဆုံးဖြတ်နိုင်ရန်နှင့် ကြိုးပြင်ကာကွယ်တောနယ်နိမိတ်များ သတ်မှတ်ရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် သစ်တောဥပဒေပုဒ်မ (၆)၊ ပုဒ်မခွဲ (ဂ) အရ သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်အား သစ်တောကြေးတိုင်အရာရှိအဖြစ် ခန့်အပ်လိုက်သည်။

# (ပြည်ထောင်စုဝန်ကြီးရုံး)
# အမိန့်ကြော်ငြာစာအမှတ် (၆၇/၂၀၁၈)

## ကြိုးပြင်ကာကွယ်တောသတ်မှတ်ရန် ရည်ရွယ်ကြောင်းကြေညာခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးသည် ၁၉၉၂ ခုနှစ်၊ မြန်မာနိုင်ငံသစ်တောဥပဒေပုဒ်မ (၆)၊ ပုဒ်မခွဲ (က) အရ အပ်နှင်းထားသည့် အခွင့်အာဏာများကိုကျင့်သုံး၍ မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါခရိုင်၊ ဆောမြို့နယ်အတွင်းရှိ အောက်ဖော်ပြပါ နယ်နိမိတ်များအတွင်း ကျရောက်နေသည့် ဧရိယာအကျယ်အဝန်း (၆၃၄) ဧကရှိသော နယ်မြေကို "သုံးလံပြည့်အဆိုပြုကြိုးပြင်ကာကွယ်တော" အဖြစ် ၁၃၈၀ ပြည့်နှစ်၊ ကဆုန်လပြည့်ကျော် ၁၅ ရက် (၂၀၁၈ ခုနှစ်၊ မေလ ၁၄ ရက်) မှစ၍ သတ်မှတ်ရန်ရည်ရွယ်ကြောင်း ကြေညာလိုက်သည်။

## ၁။ နယ်နိမိတ်အလားအလာဖော်ပြချက်

မြောက်ဘက် ။ ။ စစ်ကြိုးဝိုင်း၊ အကွက်အမှတ် (၂၄) နှင့် ဆောကြိုးပြင် ခုတ်ကွက်ကြီး (I) နယ်နိမိတ်အစပ် လူသွားလမ်းနှင့်ဆုံသည့်နေရာ ခန့်မှန်းမြေပုံညွှန်း (PO-486612) နေရာမှအစပြု၍ အရှေ့ဘက်သို့ (၁. ၅) မိုင်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (PO-512611) အထိ၊

အရှေ့ဘက် ။ ။ ထိုမှ အရှေ့တောင်ယွန်းယွန်းသို့ (၁. ၆) ဖာလုံခန့်လာရာ စစ်ကြိုးဝိုင်းနယ်နိမိတ်နှင့် စစ်ကြိုးဝိုင်း၊ အကွက်အမှတ် (၄၀) နယ်နိမိတ်အစပ် ခန့်မှန်းမြေပုံညွှန်း (PO-514609) အထိ၊ ထိုမှ အနောက်တောင်ယွန်းယွန်းသို့ (၆. ၄) ဖာလုံခန့်လာရာ စစ်ကြိုးဝိုင်းနယ်နိမိတ်နှင့် စစ်ကြိုးဝိုင်း၊ အကွက်အမှတ် (၃၈၊ ၃၉၊ ၄၀) ဆုံသည့် အကွက်ဆုံနေရာ ခန့်မှန်းမြေပုံညွှန်း (PO-508598) အထိ၊

တောင်ဘက် ။ ။ ထိုမှ အနောက်မြောက်ယွန်းယွန်းသို့ လူသွားလမ်းအတိုင်း (၃. ၂) ဖာလုံခန့်စုန်ဆင်းလာရာ မျောက်ကူးချောက်နှင့်ဆုံသည့်နေရာ ခန့်မှန်းမြေပုံညွှန်း (PO-501599) အထိ၊ ထိုမှ မျောက်ကူးချောက်၏ ချောက်လက်တက်အတိုင်း မြောက်ဘက်သို့ (၁. ၆) ဖာလုံခန့် ဆန်တက်လာရာ ခန့်မှန်းမြေပုံညွှန်း (PO-501601) အထိ၊ ထိုမှ အနောက်ဘက်သို့ (၁. ၆) ဖာလုံခန့်လာရာ နန္ဒင်းချောင်းမကြီးအတွင်းပိုင်း ခန့်မှန်းမြေပုံညွှန်း (PO-497602) အထိ၊ ထိုမှ အနောက်တောင်ယွန်းယွန်းသို့ (၃. ၂) ဖာလုံခန့်ဆန်တက်လာရာ စစ်ကြိုးဝိုင်း အကွက်အမှတ် (၃၄) ၏ နယ်နိမိတ်အစပ် ခန့်မှန်းမြေပုံညွှန်း (PO-494597) အထိ၊

အနောက်ဘက် ။ ။ ထိုမှ အနောက်မြောက်ယွန်းယွန်းသို့ (၁) မိုင်ခန့်လာရာ စစ်ကြိုးဝိုင်း၊ အကွက်အမှတ် (၂၄၊ ၂၅) ဆုံသည့်အကွက်ဆုံနေရာ ခန့်မှန်းမြေပုံညွှန်း (PO-482609) အထိ၊ ထိုမှ အရှေ့မြောက် ယွန်းယွန်းသို့ စစ်ကြိုးဝိုင်းနယ်နိမိတ်နှင့် စစ်ကြိုးဝိုင်းအကွက်အမှတ် (၂၄) နယ်နိမိတ် အစပ်အတိုင်း (၂. ၄) ဖာလုံခန့်လာရာ မူလစတင်သည့်နေရာ ခန့်မှန်းမြေပုံညွှန်း (PO-486612) အထိ။

## ၂။ သစ်တောကြေးတိုင်အရာရှိ ခန့်အပ်ခြင်း

ကြိုးပြင်ကာကွယ်တော သတ်မှတ်ကြေညာခြင်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာနယ်မြေဒေသရှိ အများပြည်သူတို့၏ အခွင့်အရေး၊ ထိခိုက်နစ်နာမှုများကို သတ်မှတ်သည့်နည်းလမ်းများနှင့်အညီ စုံစမ်း စစ်ဆေး၍ ဆုံးဖြတ်နိုင်ရန်နှင့် ကြိုးပြင်ကာကွယ်တောနယ်နိမိတ်များ သတ်မှတ်ရေးလုပ်ငန်းများကို ဆောင်ရွက် နိုင်ရန် သစ်တောဥပဒေပုဒ်မ (၆)၊ ပုဒ်မခွဲ (ဂ) အရ သစ်တောဦးစီးဌာန၊ ညွန်ကြားရေးမှူးချုပ်အား သစ်တော ကြေးတိုင်အရာရှိအဖြစ် ခန့်အပ်လိုက်သည်။

# (ပြည်ထောင်စုဝန်ကြီးရုံး)
# အမိန့်ကြော်ငြာစာအမှတ် (၆၈/၂၀၁၈)

## ကြိုးပြင်ကာကွယ်တောသတ်မှတ်ရန် ရည်ရွယ်ကြောင်းကြေညာခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဌာန၊ ပြည်ထောင်စုဝန်ကြီးသည် ၁၉၉၂ ခုနှစ်၊ မြန်မာနိုင်ငံသစ်တောဥပဒေပုဒ်မ (၆)၊ ပုဒ်မခွဲ (က) အရ အပ်နှင်းထားသည့် အခွင့်အာဏာများကိုကျင့်သုံး၍ ရှမ်းပြည်နယ်(လားရှိုး)၊ ကျောက်မဲခရိုင်၊ နောင်ချို မြို့နယ်အတွင်းရှိ အောက်ဖော်ပြပါ နယ်နိမိတ်များအတွင်း ကျရောက်နေသည့် ဧရိယာအကျယ်အဝန်း (၁၆,၇၄၇) ဧကရှိသောနယ်မြေကို “ဂယ်လောင်းကြိုးပြင်ကာကွယ်တော” အဖြစ် ၁၃၈၀ ပြည့်နှစ်၊ ကဆုန်လပြည့်ကျော် ၁၅ ရက် (၂၀၁၈ ခုနှစ်၊ မေလ ၁၄ ရက်) မှစ၍ သတ်မှတ်ရန်ရည်ရွယ်ကြောင်း ကြေညာလိုက်သည်။

## ၁။ နယ်နိမိတ်အလားအလာဖော်ပြချက်

မြောက်ဘက် ။ ။ ဖောင်းအော်ချောင်းနံဘေး ခန့်မှန်းမြေပုံညွှန်း (G-340865) မှအစပြု၍ ၎င်း၏ချောင်းလက်တက် အတိုင်း အရှေ့မြောက်ဘက်သို့ (၆) ဖာလုံခန့်သွားရာ ခန့်မှန်းမြေပုံညွှန်း (G-354875) အထိ၊ ထိုမှ လူသွားလမ်းအတိုင်း အနောက်မြောက်ဘက်သို့ (၅) ဖာလုံခန့်သွားရာ ခန့်မှန်း မြေပုံညွှန်း (G-348887) အထိ၊ ထိုမှဆင်လျှောရွာသွားလမ်းအတိုင်း (၇) ဖာလုံခန့်သွားရာ ခန့်မှန်းမြေပုံညွှန်း (G-365893) အထိ၊ ထိုမှ တောင်ဘက်သို့ (၂) မိုင်ခန့်သွားရာ ခန့်မှန်း မြေပုံညွှန်း (G-360851) အထိ၊

အရှေ့ဘက် ။ ။ ထိုမှ အရှေ့တောင်ယွန်းယွန်းသို့ (၂) မိုင် (၂) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (G-380780) အထိ၊ ထိုမှ တောင်ဘက်ယွန်းယွန်းသို့ (၂) မိုင် (၄) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (G-381731) အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ (၂) မိုင် (၂) ဖာလုံခန့်လာရာ ခန့်မှန်း

မြေပုံညွှန်း (G-373682) အထိ၊ ထိုမှ အရှေ့ဘက်သို့ (၂) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (G-380680) အထိ၊ ထိုမှ တောင်စူးစူးသို့ (၇) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (G-380662) အထိ၊

တောင်ဘက် ။ ။ ထိုမှ အရှေ့တောင်ဘက်သို့ (၄) မိုင် (၃) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (G-439618) အထိ၊ ထိုမှ အရှေ့တောင်ယွန်းယွန်းသို့ (၁) မိုင် (၆) ဖာလုံခန့်လာရာ ဒုဋ္ဌဝတီမြစ်သို့ ရောက်သည့် ခန့်မှန်းမြေပုံညွှန်း (G-468614) အထိ၊ ထိုမှ ဒုဋ္ဌဝတီမြစ်ရိုးအတိုင်း အနောက်မြောက်ဘက်သို့ (၈) မိုင် (၁) ဖာလုံခန့်စုန်ဆင်းလာရာ ဒုဋ္ဌဝတီမြစ်နှင့် ဂယ်လောင်းချောင်း တို့ဆုံရာ ခန့်မှန်းမြေပုံညွှန်း (G-338686) အထိ၊

အနောက်ဘက် ။ ။ ထိုမှ ဂယ်လောင်းချောင်းအတိုင်း အရှေ့မြောက်အရပ်သို့ (၂) ဖာလုံခန့်ဆန်တက်လာရာ ခန့်မှန်းမြေပုံညွှန်း (G-343690) အထိ၊ ထိုမှ အရှေ့ဘက်သို့ (၂) ဖာလုံခန့်လာရာ ခန့်မှန်း မြေပုံညွှန်း (G-349692) အထိ၊ ထိုမှ အရှေ့မြောက်အရပ်သို့ (၁. ၈) ဖာလုံခန့်လာရာ ခန့်မှန်း မြေပုံညွှန်း (G-352697) အထိ၊ ထိုမှ အရှေ့စူးစူးသို့ (၂. ၃) ဖာလုံခန့်လာရာ ဝက်ဝံ-တောင်ခမ်းလမ်းနှင့်ဆုံရာ ခန့်မှန်းမြေပုံညွှန်း (G-361698) အထိ၊ ထိုမှ မြောက်ယွန်းယွန်းသို့ တောင်ခြေအတိုင်း (၇) မိုင် (၄) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (G-346855) အထိ၊ ထိုမှ အနောက်မြောက်အရပ်သို့ (၅) ဖာလုံခန့်လာရာ မူလစတင်သည့် ခန့်မှန်းမြေပုံညွှန်း (G-340865) အထိ။

၂။ **သစ်တောကြေးတိုင်အရာရှိ ခန့်အပ်ခြင်း**

ကြိုးပြင်ကာကွယ်တော သတ်မှတ်ကြေညာခြင်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာနယ်မြေဒေသရှိ အများပြည်သူတို့၏ အခွင့်အရေး၊ ထိခိုက်နစ်နာမှုများကို သတ်မှတ်သည့်နည်းလမ်းများနှင့်အညီ စုံစမ်း စစ်ဆေး၍ ဆုံးဖြတ်နိုင်ရန်နှင့် ကြိုးပြင်ကာကွယ်တောနယ်နိမိတ်များ သတ်မှတ်ရေးလုပ်ငန်းများကို ဆောင်ရွက် နိုင်ရန် သစ်တောဥပဒေပုဒ်မ (၆)၊ ပုဒ်မခွဲ (ဂ) အရ သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်အား သစ်တော ကြေးတိုင်အရာရှိအဖြစ် ခန့်အပ်လိုက်သည်။

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၆၉/၂၀၁၈)

## ကြိုးပြင်ကာကွယ်တောသတ်မှတ်ရန် ရည်ရွယ်ကြောင်းကြေညာခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဌာန၊ ပြည်ထောင်စုဝန်ကြီးသည် ၁၉၉၂ ခုနှစ်၊ မြန်မာနိုင်ငံသစ်တောဥပဒေပုဒ်မ (၆)၊ ပုဒ်မခွဲ (က) အရ အပ်နှင်းထားသည့် အခွင့်အာဏာများကိုကျင့်သုံး၍ ရခိုင်ပြည်နယ်၊ သံတွဲခရိုင်၊ သံတွဲမြို့နယ်အတွင်းရှိ အောက်ဖော်ပြပါ နယ်နိမိတ်များအတွင်း ကျရောက်နေသည့် ဧရိယာအကျယ်အဝန်း (၂၉၇) ဧကရှိသော နယ်မြေကို “ပန်းတောကြိုးပြင်ကာကွယ်တော” အဖြစ် ၁၃၈၀ ပြည့်နှစ်၊ ကဆုန်လပြည့်ကျော် ၁၅ ရက် (၂၀၁၈ ခုနှစ်၊ မေလ ၁၄ ရက်) မှစ၍ သတ်မှတ်ရန်ရည်ရွယ်ကြောင်း ကြေညာလိုက်သည်။

၁။ **နယ်နိမိတ်အလားအလာဖော်ပြချက်**

မြောက်ဘက် ။ ။ ပုဇွန်ဖြေချောင်း၏မြောက်ဘက် ခန့်မှန်းမြေပုံညွှန်း (D-655117) နေရာမှစတင်၍ အရှေ့ ဘက်သို့ (၃. ၅) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (D-661114) အထိ၊

အရှေ့ဘက် ။ ။ ထိုမှ တောင်ဘက်သို့ (၂) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (D-661109) အထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ (၄. ၅) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (D-668103) အထိ၊ ထိုမှ တောင်ဘက်သို့ (၄) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (D-665094) အထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ (၁) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (D-667093) အထိ၊

တောင်ဘက် ။ ။ ထိုမှ အနောက်ဘက်သို့ (၃. ၅) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (D-661094) အထိ၊ ထိုမှ အရှေ့ဘက်သို့ (၁) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (D-663095) အထိ၊ ထိုမှ အနောက်ဘက်သို့ (၅) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (D-654098) အထိ၊

အနောက်ဘက် ။ ။ ထိုမှ အရှေ့ဘက်သို့ (၃) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (D-659098) အထိ၊ ထိုမှ အနောက်ဘက်သို့ (၁. ၅) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (D-657098) အထိ၊ ထိုမှ မြောက်ဘက်သို့ (၁. ၅) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (D-657102) အထိ၊ ထိုမှ အနောက်ဘက်သို့ (၂) ဖာလုံခန့်လာရာ ပန်းတောရွာ၏ အရှေ့ဘက် ခန့်မှန်းမြေပုံညွှန်း (D-654102) အထိ၊ ထိုမှ အရှေ့ဘက်သို့ (၅. ၅) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (D-666100) အထိ၊ ထိုမှ မြောက်ဘက်သို့ (၁) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (D-666102) အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ (၃. ၅) ဖာလုံခန့်လာရာ ခန့်မှန်း မြေပုံညွှန်း (D-660106) အထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ (၁. ၅) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (D-661108) အထိ၊ ထိုမှ အနောက်ဘက်သို့ (၁) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (D-658108) အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ (၁. ၅) ဖာလုံခန့် လာရာ ခန့်မှန်းမြေပုံညွှန်း (D-656107) အထိ၊ ထိုမှ မြောက်ဘက်သို့ (၅) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (D-655115) အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ (၁. ၅) ဖာလုံခန့် လာရာ ခန့်မှန်းမြေပုံညွှန်း (D-654113) အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ (၁. ၅) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (D-652114) အထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ (၂) ဖာလုံခန့်လာရာ မူလစတင်သည့်နေရာ ခန့်မှန်းမြေပုံညွှန်း (D-655117) အထိ။

၂။ **သစ်တောကြေးတိုင်အရာရှိ ခန့်အပ်ခြင်း**

ကြိုးပြင်ကာကွယ်တော သတ်မှတ်ကြေညာခြင်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာနယ်မြေဒေသရှိ အများပြည်သူတို့၏ အခွင့်အရေး၊ ထိခိုက်နစ်နာမှုများကို သတ်မှတ်သည့်နည်းလမ်းများနှင့်အညီ စုံစမ်း စစ်ဆေး၍ ဆုံးဖြတ်နိုင်ရန်နှင့် ကြိုးပြင်ကာကွယ်တောနယ်နိမိတ်များ သတ်မှတ်ရေးလုပ်ငန်းများကို ဆောင်ရွက် နိုင်ရန် သစ်တောဥပဒေပုဒ်မ (၆)၊ ပုဒ်မခွဲ (ဂ) အရ သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်အား သစ်တော ကြေးတိုင်အရာရှိအဖြစ် ခန့်အပ်လိုက်သည်။

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၇၃/၂၀၁၈)

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ နယုန်လဆန်း ၁၁ ရက်
(၂၀၁၈ ခုနှစ်၊ မေလ ၂၅ ရက်)

## ကြိုးပြင်ကာကွယ်တောသတ်မှတ်ရန် ရည်ရွယ်ကြောင်းကြေညာခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဌာန၊ ပြည်ထောင်စုဝန်ကြီးသည် ၁၉၉၂ ခုနှစ်၊ မြန်မာနိုင်ငံသစ်တောဥပဒေပုဒ်မ (၆)၊ ပုဒ်မခွဲ (က) အရ အပ်နှင်းထားသည့် အခွင့်အာဏာများကိုကျင့်သုံး၍ မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ ပေါက်မြို့နယ် အတွင်းရှိ အောက်ဖော်ပြပါ နယ်နိမိတ်များအတွင်းကျရောက်နေသည့် ဧရိယာအကျယ်အဝန်း (၅,၂၄၀) ဧကရှိသောနယ်မြေကို “ပေါက်မြောက်ပိုင်းကြိုးပြင်ကာကွယ်တော” အဖြစ် ၁၃၈၀ ပြည့်နှစ်၊ နယုန်လဆန်း ၁၁ ရက် (၂၀၁၈ ခုနှစ်၊ မေလ ၂၅ ရက်) မှစ၍ သတ်မှတ်ရန်ရည်ရွယ်ကြောင်း ကြေညာလိုက်သည်။

၁။ **နယ်နိမိတ်အလားအလာဖော်ပြချက်**

မြောက်ဘက် ။ ။ ပခုက္ကူ-မြိုင်-ဇီးပြား-ကျော ရထားလမ်းအနီး ခန့်မှန်းမြေပုံညွှန်း (PJ-၈၃၇၂၁၄) မှအစပြု၍ ရထားလမ်းအတိုင်း အရှေ့ဘက်သို့ (၁. ၆) မိုင်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (PJ-၈၆၀၂၁၈) အထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ ပခုက္ကူ-မြိုင်-ဇီးပြား-ကျော ရထားလမ်းအတိုင်း (၁) မိုင်ခန့်

လာရာ ခန့်မှန်းမြေပုံညွှန်း (PJ-၈၇၁၂၁၂) အထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ ယာတောသွား လှည်းလမ်းအတိုင်း (၂. ၃) မိုင်ခန့်လာရာ သမားတော်-ထပေါက်ကုန်း-ဖလံကိုင်း-ရေနံမြေ ကားလမ်းနှင့်ဆုံသည့် ခန့်မှန်းမြေပုံညွှန်း (PJ-၈၉၇၁၈၅) အထိ၊

အရှေ့ဘက် ။ ။ ထိုမှ တောင်ဘက်သို့ (၂) မိုင် (၄) ဖာလုံခန့်လာရာ သမားတော်ကျေးရွာမှ ဖလံကိုင်းရေနံ မြေသို့ ရေပို့လွှတ်သည့် ရေစုကန်အနီး ခန့်မှန်းမြေပုံညွှန်း (PJ-၉၀၂၁၃၉) အထိ၊

တောင်ဘက် ။ ။ ထိုမှ အနောက်တောင်ယွန်းယွန်းသို့ (၂) ဖာလုံခန့်လာရာ လယ်ဘဲ့ချောင်းနှင့်ဆုံရာ ခန့်မှန်းမြေပုံညွှန်း (PJ-၈၉၇၁၃၈) အထိ၊ ထိုမှ တောစပ်အတိုင်း အနောက်မြောက် ယွန်းယွန်းသို့ (၁. ၈) မိုင်ခန့်လာရာ ရေတိမ်ချောင်းနှင့်ဆုံရာ ခန့်မှန်းမြေပုံညွှန်း (PJ-၈၇၂၁၅၇) အထိ၊

အနောက်ဘက် ။ ။ ထိုမှ မြောက်ဘက်သို့ ရေတိမ်ချောင်းအတိုင်း (၀. ၇) မိုင်ခန့်လာရာ ရေတိမ်ချောင်း ချောက်မကြီး (၂) ခုဆုံရာ ခန့်မှန်းမြေပုံညွှန်း (PJ-၈၇၁၁၆၈) အထိ၊ ထိုမှ အနောက် မြောက်ဘက်သို့ (၁. ၉) မိုင်ခန့်လာရာ ချိုင်စောက်ကျေးရွာနှင့် သစ်ကြီးတောသွား လှည်းလမ်းနှင့်ဆုံရာ ခန့်မှန်းမြေပုံညွှန်း (PJ-၈၄၈၁၉၂) အထိ၊ ထိုမှ တောသွားလမ်းအတိုင်း အနောက်မြောက်ဘက်သို့ (၁) မိုင် (၄) ဖာလုံခန့်လာရာ ပခုက္ကူ-မြိုင်-ဇီးပြား-ကျော ရထားလမ်းအနီး မူလစတင်သည့် ခန့်မှန်းမြေပုံညွှန်း (PJ-၈၃၇၂၁၄) အထိ။

၂။ **သစ်တောကြေးတိုင်အရာရှိ ခန့်အပ်ခြင်း**

ကြိုးပြင်ကာကွယ်တော သတ်မှတ်ကြေညာခြင်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာနယ်မြေဒေသရှိ အများပြည်သူတို့၏ အခွင့်အရေး၊ ထိခိုက်နစ်နာမှုများကို သတ်မှတ်သည့်နည်းလမ်းများနှင့်အညီ စုံစမ်း စစ်ဆေး၍ ဆုံးဖြတ်နိုင်ရန်နှင့် ကြိုးပြင်ကာကွယ်တောနယ်နိမိတ်များ သတ်မှတ်ရေးလုပ်ငန်းများကို ဆောင်ရွက် နိုင်ရန် သစ်တောဥပဒေပုဒ်မ (၆)၊ ပုဒ်မခွဲ (ဂ) အရ သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်အား သစ်တော ကြေးတိုင်အရာရှိအဖြစ် ခန့်အပ်လိုက်သည်။

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၇၉/၂၀၁၈)

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ နယုန်လပြည့်ကျော် ၃ ရက်
(၂၀၁၈ ခုနှစ်၊ ဇွန်လ ၁ ရက်)

## ကြိုးပြင်ကာကွယ်တောသတ်မှတ်ရန် ရည်ရွယ်ကြောင်းကြေညာခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဌာန၊ ပြည်ထောင်စုဝန်ကြီးသည် ၁၉၉၂ ခုနှစ်၊ မြန်မာနိုင်ငံသစ်တောဥပဒေပုဒ်မ (၆)၊ ပုဒ်မခွဲ (က) အရ အပ်နှင်းထားသည့် အခွင့်အာဏာများကိုကျင့်သုံး၍ ရခိုင်ပြည်နယ်၊ စစ်တွေခရိုင်၊ မင်းပြားမြို့နယ်အတွင်းရှိ အောက်ဖော်ပြပါ နယ်နိမိတ်များအတွင်းကျရောက်နေသည့် ဧရိယာအကျယ်အဝန်း (၉၀,၅၀၀) ဧကရှိသော နယ်မြေကို "ကာမကြိုးပြင်ကာကွယ်တော" အဖြစ် ၁၃၈၀ ပြည့်နှစ်၊ နယုန်လပြည့်ကျော် ၃ ရက် (၂၀၁၈ ခုနှစ်၊ ဇွန်လ ၁ ရက်) မှစ၍ သတ်မှတ်ရန်ရည်ရွယ်ကြောင်း ကြေညာလိုက်သည်။

၁။ **နယ်နိမိတ်အလားအလာဖော်ပြချက်**

မြောက်ဘက် ။ ။ ဇင်ချောင်းချောင်းခွဆုံ ခန့်မှန်းမြေပုံညွှန်း (PS-၄၆၂၉၅၂) မှအစပြု၍ မြောက်ဘက်သို့ (၂. ၃) မိုင်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (PS-၄၆၉၉၈၀) အထိ၊ ထိုမှ အရှေ့ဘက်သို့ လက်ဝဲတက်မြောင်အတိုင်း (၁. ၅) မိုင်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (PS-၄၈၅၉၆၂) အထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ တောင်စွယ်အတိုင်း (၃) မိုင်ခန့်လာရာ ဝက်ချောင်းချောင်းနှင့် နဘင်းမြောင်ဆုံမှတ် ခန့်မှန်းမြေပုံညွှန်း (PS-၅၂၈၉၈၈) အထိ၊ ထိုမှ ဝက်ချောင်းချောင်း အနောက်ဘက်ကမ်းခြေအတိုင်း အရှေ့တောင်ဘက်သို့ (၁၃) မိုင်ခန့် ဆန်တက်လာရာ

ချောင်းကွေ့ချိုးမြောင်ဆုံ ခန့်မှန်းမြေပုံညွှန်း (PS-၆၂၆၈၄၆) အထိ၊ ထိုမှ အရှေ့ဘက်သို့ (၁၂) မိုင်ခန့်ဆန်တက်လာရာ ဝက်ချောင်းချောင်းဖျားခွဆုံ ခန့်မှန်းမြေပုံညွှန်း (PS-၈၁၃၈၄၉) အထိ၊ ထိုမှ မြောက်ဘက်သို့ လက်ဝဲတက်မြောင်အတိုင်း (၃) မိုင်ခန့်ဆန်တက်လာရာ အမ်းမြို့နယ် နယ်နိမိတ်ခြား တောင်ကုန်းအမှတ် ၄၅၈၀ ခန့်မှန်းမြေပုံညွှန်း (PS-၈၂၅၈၉၈) အထိ၊

အရှေ့ဘက် ။ ။ ထိုမှ မင်းပြားမြို့နယ်နှင့်အမ်းမြို့နယ် နယ်နိမိတ်တောင်ကြောလမ်းအတိုင်း တောင်ဘက်သို့ (၆) မိုင်ခန့်လာရာ နယ်နိမိတ်ချိုးကွေ့ထောင့် ခန့်မှန်းမြေပုံညွှန်း (PS-၈၃၉၈၀၃) အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ (၂. ၅) မိုင်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (PS-၈၀၈၇၉၆) အထိ၊

တောင်ဘက် ။ ။ ထိုမှ အနောက်ဘက်သို့ တယွေချောင်းလက်ယာဘက်အတိုင်း (၃. ၅) မိုင်ခန့်စုန်ဆင်းလာရာ ခန့်မှန်းမြေပုံညွှန်း (PS-၇၅၈၇၈၁) အထိ၊ ထိုမှ တောင်ဘက်သို့ တယွေချောင်းချောင်းကမ်းခြေအတိုင်း (၆) မိုင်ခန့်စုန်ဆင်းလာရာ တယွေချောင်းဆုံ ခန့်မှန်းမြေပုံညွှန်း (PS-၇၅၃၆၉၄) အထိ၊ ထိုမှ တယွေချောင်းအတိုင်း အနောက်ဘက်သို့ (၁၂) မိုင်ခန့်စုန်ဆင်းလာရာ ဖိုးခေါင်ချောင်းဆုံအမှတ် ခန့်မှန်းမြေပုံညွှန်း (PS-၆၄၀၆၇၀) အထိ၊ ထိုမှ တယွေချောင်းချောင်းမြောက်ဘက်ကမ်းခြေအတိုင်း (၉) မိုင်ခန့်စုန်ဆင်းလာရာ ကာမချောင်းဝထိပ် ခန့်မှန်းမြေပုံညွှန်း (PS-၅၅၇၇၂၉) အထိ၊

အနောက်ဘက် ။ ။ ထိုမှ ကာမချောင်းအရှေ့ဘက်ကမ်းခြေအတိုင်း မြောက်ဘက်သို့ (၆) မိုင်ခန့်ဆန်တက်လာရာ ဇင်ချောင်းကြိုးပြင်ကာကွယ်တော နယ်နိမိတ်ချိုးကွေ့ထိပ်နှင့် ကာမချောင်းဆုံမှတ် ခန့်မှန်းမြေပုံညွှန်း (PS-၅၆၂၇၈၃) အထိ၊ ထိုမှ မြောက်ဘက်သို့ ဇင်ချောင်းကြိုးပြင်ကာကွယ်တော နယ်နိမိတ် ကာမချောင်း အရှေ့ဘက်ကမ်းအတိုင်း (၁၂) မိုင်ခန့်လာရာ တောင်ကြောထိပ် ခန့်မှန်းမြေပုံညွှန်း (PS-၅၁၂၉၃၅) အထိ၊ ထိုမှ အနောက်ဘက်သို့ တောင်ကြောလမ်းအတိုင်း (၃. ၅) မိုင်ခန့်လာရာ မူလစတင်သည့်အမှတ် ခန့်မှန်းမြေပုံညွှန်း (PS-၄၆၂၉၅၂) အထိ။

၂။ **သစ်တောကြေးတိုင်အရာရှိ ခန့်အပ်ခြင်း**

ကြိုးပြင်ကာကွယ်တော သတ်မှတ်ကြေညာခြင်းနှင့်စပ်လျဥ်း၍ သက်ဆိုင်ရာနယ်မြေဒေသရှိ အများပြည်သူတို့၏ အခွင့်အရေး၊ ထိခိုက်နစ်နာမှုများကို သတ်မှတ်သည့်နည်းလမ်းများနှင့်အညီ စုံစမ်းစစ်ဆေး၍ ဆုံးဖြတ်နိုင်ရန်နှင့် ကြိုးပြင်ကာကွယ်တောနယ်နိမိတ်များ သတ်မှတ်ရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် သစ်တောဥပဒေပုဒ်မ (၆)၊ ပုဒ်မခွဲ (ဂ) အရ သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်အား သစ်တောကြေးတိုင်အရာရှိအဖြစ် ခန့်အပ်လိုက်သည်။

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၈၁/ ၂၀၁၈)

## ကြိုးပြင်ကာကွယ်တောသတ်မှတ်ရန် ရည်ရွယ်ကြောင်းကြေညာခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးသည် ၁၉၉၂ ခုနှစ်၊ မြန်မာနိုင်ငံသစ်တောဥပဒေပုဒ်မ (၆)၊ ပုဒ်မခွဲ (က) အရ အပ်နှင်းထားသည့် အခွင့်အာဏာများကိုကျင့်သုံး၍ ရခိုင်ပြည်နယ်၊ စစ်တွေခရိုင်၊ ကျောက်တော်မြို့နယ် အတွင်းရှိ အောက်ဖော်ပြပါ နယ်နိမိတ်များအတွင်းကျရောက်နေသည့် ဧရိယာအကျယ်အဝန်း (၁၅,၀၀၀) ဧကရှိသောနယ်မြေကို "စံမြေဝတိုးချဲ့ကြိုးပြင်ကာကွယ်တော" အဖြစ် ၁၃၈၀ ပြည့်နှစ်၊ နယုန်လပြည့်ကျော် ၃ ရက် (၂၀၁၈ ခုနှစ်၊ ဇွန်လ ၁ ရက်) မှစ၍ သတ်မှတ်ရန်ရည်ရွယ်ကြောင်း ကြေညာလိုက်သည်။

၁။ **နယ်နိမိတ်အလားအလာဖော်ပြချက်**

မြောက်ဘက် ။ ။ ပီချောင်းနှင့် ငံ/တရံချောင်းဆုံသည့်နေရာမှ အရှေ့မြောက်ဘက်သို့ (၂) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (PM-940695) မှအစပြု၍ အရှေ့မြောက်ဘက်သို့ (၅) ဖာလုံခန့်လာရာ ငံ/တရံချောင်းနှင့်ဆုံသည့်နေရာ ခန့်မှန်းမြေပုံညွှန်း (PM-947699) အထိ၊ ထိုမှ ငံ/တရံ ချောင်းအတိုင်း (၁) မိုင် (၂) ဖာလုံခန့်ဆန်တက်ရာ ငံ/တရံချောင်းလက်တက် ပြူးချောင်းနှင့် ဆုံရာ ခန့်မှန်းမြေပုံညွှန်း (PM-957709) အထိ၊ ထိုမှ ချောင်းအတိုင်း အရှေ့မြောက်ဘက်သို့ (၃) ဖာလုံခန့် ဆန်တက်ရာ ချောင်းနှစ်ခွဆုံသည့်နေရာ ခန့်မှန်းမြေပုံညွှန်း (PM-962711) အထိ၊ ထိုမှ တောင်ကြောအတိုင်း အရှေ့မြောက်ဘက်သို့ (၄) ဖာလုံခန့်လာရာ လူသွားလမ်းနှင့် ဆုံသည့်နေရာ ခန့်မှန်းမြေပုံညွှန်း (PM-965717) အထိ၊ ထိုမှ လူသွားလမ်းအတိုင်း အရှေ့ တောင်ဘက်သို့ (၆) ဖာလုံခန့်လာရာ ကျောက်တော်မြို့နယ်နှင့်ပလက်ဝမြို့နယ်ခွဲ နယ်နိမိတ် လမ်းပေါ်ရှိ တောင်ထိပ်အမြင့်ပေ (1095) နှင့်ဆုံသည့် ခန့်မှန်းမြေပုံညွှန်း (PM-978715) အထိ၊ ထိုမှ မြို့နယ်ခွဲနယ်နိမိတ်အတိုင်း အရှေ့တောင်ဘက်သို့ (၆) ဖာလုံခန့်လာရာ နယ်နိမိတ် လမ်းကွေ့နှင့်ဆုံသည့် ခန့်မှန်းမြေပုံညွှန်း (PM-985705) အထိ၊ ထိုမှ တောင်ကြောကိုဖြတ်၍ အရှေ့ဘက်သို့ (၁) မိုင်ခန့်လာရာ မယ်ဇီလီချောင်းနှင့်ဆုံသည့်နေရာ ခန့်မှန်းမြေပုံညွှန်း (PN-001705) အထိ၊

အရှေ့ဘက် ။ ။ ထိုမှ ဂျင့်ခါးစေ့တောင်ကြောအတိုင်း အရှေ့တောင်ဘက်သို့ (၇) ဖာလုံခန့်လာရာ ကုလားတန် ကြိုးဝိုင်းအကွက် (၉) နယ်နိမိတ်လမ်းနှင့်ဆုံသည့် ခန့်မှန်းမြေပုံညွှန်း (PN-003692) အထိ၊ ထိုမှ ကုလားတန်ကြိုးဝိုင်းအကွက် (၉) အနောက်ဘက်နယ်နိမိတ်လမ်းအတိုင်း အရှေ့ဘက်သို့ (၃) မိုင် (၄) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (PN-009682) အထိ၊ ထိုမှ ဩရမတောင်ကြော အတိုင်း ဘဲခိုချောင်းကိုဖြတ်၍ အရှေ့တောင်ဘက်သို့ (၂) မိုင် (၄) ဖာလုံခန့်လာရာ ရောင်းရင် ချောင်းနှင့်ဆုံရာ ခန့်မှန်းမြေပုံညွှန်း (PN-009648) အထိ၊ ထိုမှ ဩရမတောင်ကြောအတိုင်း အရှေ့တောင်ဘက်သို့ (၁) မိုင် (၃) ဖာလုံခန့်လာရာ လောင်းရှည်ချောင်းနှင့်ဆုံရာ ခန့်မှန်း မြေပုံညွှန်း (PN-015628) အထိ၊ ထိုမှ ဩရမတောင်ကြောအတိုင်း အရှေ့တောင်ဘက်သို့ (၂) မိုင် (၂) ဖာလုံခန့်လာရာ ဩရမချောင်းနှင့်ဆုံရာ ခန့်မှန်းမြေပုံညွှန်း (PN-014596) အထိ၊ ထိုမှ ဩရမတောင်ခြေရင်းအတိုင်း သားပုံ ချောင်းကိုဖြတ်၍ အရှေ့တောင်ဘက်သို့ (၃) မိုင်ခန့်လာရာ ကုလားတန်ကြိုးဝိုင်း အကွက် (၁၂) နယ်နိမိတ်လမ်းနှင့်ဆုံရာ ခန့်မှန်း မြေပုံညွှန်း (PN-019570) အထိ၊

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ်က အတည်ပြုလက်မှတ်ရေးထိုးပြီးဖြစ်သော **၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် မန္တလေးတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ** (၂၀၁၈ ခုနှစ်၊ မန္တလေးတိုင်းဒေသကြီးလွှတ်တော်ဥပဒေအမှတ် ၄ ။) အား တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅၆ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

အောင်ကျော်ဦး
ဥက္ကဋ္ဌ
မန္တလေးတိုင်းဒေသကြီးလွှတ်တော်

## ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် မန္တလေးတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ
## (၂၀၁၈ ခုနှစ်၊ မန္တလေးတိုင်းဒေသကြီးလွှတ်တော်ဥပဒေအမှတ် ၄ ။)

၁၃၈၀ ပြည့်နှစ်၊ တော်သလင်းလပြည့်ကျော် ၁၄ ရက်
(၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၈ ရက်)

မန္တလေးတိုင်းဒေသကြီးလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အပိုင်း (၁)

## အမည်နှင့် စတင်အကျိုးသက်ရောက်သည့်နေ့ရက်

၁။ (က) ဤဥပဒေကို **၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် မန္တလေးတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေ** ဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွက် ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှ စတင်အကျိုးသက်ရောက်စေရမည်။

## အပိုင်း (၂)

## တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော်၊ တိုင်းဒေသကြီးဥပဒေချုပ်ရုံး၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံး၊ တိုင်းဒေသကြီးအဆင့်ဦးစီးဌာနများ၊ မြို့တော်စည်ပင်သာယာရေးကော်မတီနှင့်စည်ပင်သာယာရေးအဖွဲ့များ

၂။ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော်၊ တိုင်းဒေသကြီးဥပဒေချုပ်ရုံး၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံး၊ တိုင်းဒေသကြီးအဆင့်ဦးစီးဌာနများ၊ မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် စည်ပင်သာယာရေးအဖွဲ့များသည် တိုင်းဒေသကြီး၏ ဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် လုပ်ငန်းများကို ဆောင်ရွက်ကြရမည်။ ထိုသို့ ဆောင်ရွက်၍ရသော ရငွေများကို တိုင်းဒေသကြီးဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်း၍ ထုတ်ပေးရန်ရှိသော အသုံးစရိတ်များကို တိုင်းဒေသကြီး၏ ဘဏ္ဍာရန်ပုံငွေမှ ထုတ်ယူသုံးစွဲရမည်။

၃။ (က) တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော်၊ တိုင်းဒေသကြီးဥပဒေချုပ်ရုံး၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံး၊ တိုင်းဒေသကြီးအဆင့်ဦးစီးဌာနများ၊ မြို့တော်စည်ပင်သာယာရေးကော်မတီနှင့်စည်ပင်သာယာရေးအဖွဲ့များ၏ ရငွေနှင့်အသုံးစရိတ်များအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဤဥပဒေ၏ ဇယား (၁)၊ (၂)၊ (၃) နှင့် (၄) တို့တွင် မိမိနှင့် ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် အသုံးစရိတ်များကို ထိရောက်စွာ စီမံခန့်ခွဲခြင်းပြုရမည်။

(ခ) ပုဒ်မခွဲ (က) ပါ တာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအားအပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ အသုံးစရိတ်များကို စီမံခန့်ခွဲရာတွင်လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီဆောင်ရွက်ရမည်။

၄။ တိုင်းဒေသကြီးအဆင့် ဗဟိုအဖွဲ့အစည်းများ၊ ဦးစီးဌာနများ၊ မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် စည်ပင်သာယာရေးအဖွဲ့များသည် မိမိတို့နှင့်သက်ဆိုင်သော တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များအရ ခွင့်ပြုထားသော အခွန်အကောက်အမျိုးအစားများကိုသာ ကောက်ခံနိုင်သည်။

၅။ တိုင်းဒေသကြီးအဆင့် ဗဟိုအဖွဲ့အစည်းများ၊ ဦးစီးဌာနများ၊ မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် စည်ပင်သာယာရေးအဖွဲ့များသည် ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင် ဤဥပဒေအရ လျာထားသော ရငွေတို့ထက် တိုး၍ဖြစ်စေ၊ လျော့၍ဖြစ်စေ ရသောရငွေများနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြသော ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှဖြစ်ပေါ်သောပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

၆။ တိုင်းဒေသကြီးအဆင့် ဗဟိုအဖွဲ့အစည်းများ၊ ဦးစီးဌာနများ၊ မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် စည်ပင်သာယာရေးအဖွဲ့များသည် အသုံးစရိတ်များကို စီမံခန့်ခွဲရာတွင် ဤဥပဒေအရ ခွင့်ပြုထားသော အသုံးစရိတ်များအတွင်း ငွေစာရင်းခေါင်းစဉ် လွှဲပြောင်းသုံးစွဲသည့် အသုံးစရိတ်များနှင့်စပ်လျဉ်း၍ လည်းကောင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် သုံးစွဲသည့် အရေးပေါ် ရန်ပုံငွေအသုံးစရိတ်များနှင့် စပ်လျဉ်း၍လည်းကောင်း တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြသော ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန် နောက်ပိုင်းမှ ဖြစ်ပေါ်သောပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

## အပိုင်း (၃)
## အရေးပေါ် ရန်ပုံငွေ

၇။ တိုင်းဒေသကြီးအစိုးရအဖွဲ့သည် ဘဏ္ဍာရေးနှစ်အတွင်း မသုံးစွဲလျှင် မဖြစ်သည့် အရေးပေါ်ကိစ္စရပ်များအတွက် အသုံးစရိတ်ဖြစ်ပြီး အရအသုံးခန့်မှန်းခြေငွေစာရင်း လျာထားချက်တွင် ပါဝင်ခြင်းမရှိသော အသုံးစရိတ်အတွက်သာ ပြည်ထောင်စုအစိုးရအဖွဲ့၏ အရေးပေါ်ရန်ပုံငွေမှ တောင်းခံသုံးစွဲနိုင်သည်။

၈။ တိုင်းဒေသကြီးအစိုးရအဖွဲ့သည် အရေးပေါ်ရန်ပုံငွေမှ ကျခံသုံးစွဲသည့်ကိစ္စရပ်များကို ကိစ္စတစ်ရပ်ချင်း အကျိုးအကြောင်းဖော်ပြချက်များအတူ အနီးကပ်ဆုံးကျင်းပသော တိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးသို့ တင်ပြရမည်။

## အပိုင်း (၄)
## တိုင်းဒေသကြီးအစိုးရအဖွဲ့၏ လုပ်ပိုင်ခွင့်များ

၉။ တိုင်းဒေသကြီးအစိုးရအဖွဲ့သည် ဤဥပဒေ၏ ဇယား (၁)၊ (၂)၊ (၃) နှင့် (၄) တို့တွင် ဖော်ပြထားသော တိုင်းဒေသကြီးအဆင့် ဗဟိုအဖွဲ့အစည်းများ၊ ဦးစီးဌာနများ၊ မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် စည်ပင်သာယာရေးအဖွဲ့များ၏ ရငွေများနှင့် အသုံးစရိတ်များကို လုပ်ငန်းအရ လိုအပ်လျှင် ပြောင်းလဲပေးနိုင်သည်။ ထိုသို့ငွေများ ပြောင်းလဲခြင်းနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြသော ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်သောပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

၁၀။ တိုင်းဒေသကြီးအစိုးရအဖွဲ့သည် တိုင်းဒေသကြီးအဆင့် ဗဟိုအဖွဲ့အစည်းများ၊ ဦးစီးဌာနများ၊ မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် စည်ပင်သာယာရေးအဖွဲ့များ လုပ်ငန်းလုပ်ကိုင်ရန်သော်လည်းကောင်း၊ ရင်းနှီးမြှုပ်နှံရန်သော်လည်းကောင်း လိုအပ်သည့်ငွေကို ထောက်ပံ့ငွေဖြင့်ဖြစ်စေ၊ ချေးငွေဖြင့်ဖြစ်စေ ပြည်ထောင်စုအစိုးရထံမှ ရယူဆောင်ရွက်နိုင်သည်။

၁၁။ တိုင်းဒေသကြီးအစိုးရအဖွဲ့သည် တိုင်းဒေသကြီး ဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် ဆောင်ရွက်သော တိုင်းဒေသကြီးအဆင့် ဌာန၊ အဖွဲ့အစည်းတစ်ခုခု၏ လုပ်ငန်းစီမံချက်တစ်ရပ်ရပ်အတွက် ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေများနှင့်အညီ တိုင်းဒေသကြီးအတွက် ဆောင်ရွက်ခွင့်ရှိသည့် ပြည်ပမှငွေကြေးအကူအညီနှင့်အထောက်အပံ့တို့ကို ရယူဆောင်ရွက်နိုင်သည်။

၁၂။ တိုင်းဒေသကြီးအစိုးရအဖွဲ့သည် တိုင်းဒေသကြီး ဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် ဆောင်ရွက်သော တိုင်းဒေသကြီးအဆင့် ဌာန၊ အဖွဲ့အစည်းတစ်ခုခု၏ လုပ်ငန်းစီမံချက် တစ်ရပ်ရပ်အတွက် ပြည်ပမှ ငွေချေးယူရန်အကြောင်းပေါ်ပေါက်ပါက ပြည်ထောင်စုကပြဋ္ဌာန်းထားသည့် ဥပဒေများနှင့်အညီ ပြည်ပမှငွေချေးယူခြင်းကို တိုင်းဒေသကြီးလွှတ်တော်၏ အတည်ပြုချက်ရယူပြီး ပြည်ထောင်စုအစိုးရအဖွဲ့၏ခွင့်ပြုချက်ဖြင့် ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက် ရယူဆောင်ရွက်ရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) ဒေါက်တာဇော်မြင့်မောင်
ဝန်ကြီးချုပ်
မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့

## တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော်၊ တိုင်းဒေသကြီးဥပဒေချုပ်ရုံး၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံး

ဇယား (၁)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | အခွန်အကောက် | အခြားသာမန်ရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ပအကူအညီရငွေ | ပြည်ထောင်စုထောက်ပံ့ငွေမှရငွေ | ကြွေးမြီ | | | | |
| | | | | | | | | ထုတ်ချေးငွေအတွက်ပြန်ရငွေ | ချေးယူရငွေ | အဖွဲ့အစည်းများတွင်ရင်းနှီးငွေမှရငွေ | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | တိုင်းဒေသကြီးအစိုးရအဖွဲ့ | တိုင်းဒေသကြီးဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီးဝန်ကြီးချုပ်က တာဝန်ပေးသူ | | ၂၆,၆၁၃. ၀၀၄ | | | ၂,၈၀၀. ၀၀၀ | | | | ၂၉,၄၁၃. ၀၀၄ |
| ၂ | တိုင်းဒေသကြီးလွှတ်တော် | တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက တာဝန်ပေးသူ | | | | | | | | | |
| ၃ | တိုင်းဒေသကြီးတရားလွှတ်တော် | တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်က တာဝန်ပေးသူ | | ၆၂၉. ၁၂၀ | | | | | | | ၆၂၉. ၁၂၀ |
| ၄ | တိုင်းဒေသကြီးဥပဒေချုပ်ရုံး | တိုင်းဒေသကြီးဥပဒေချုပ် သို့မဟုတ် တိုင်းဒေသကြီးဥပဒေချုပ်က တာဝန်ပေးသူ | | ၂. ၅၀၀ | | | | | | | ၂. ၅၀၀ |
| ၅ | တိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံး | တိုင်းဒေသကြီးစာရင်းစစ်ချုပ် သို့မဟုတ် တိုင်းဒေသကြီးစာရင်းစစ်ချုပ်က တာဝန်ပေးသူ | | ၂. ၅၉၃ | | | | | | | ၂. ၅၉၃ |
| | ပေါင်း | | | ၂၇,၂၄၇. ၂၁၇ | | | ၂,၈၀၀. ၀၀၀ | | | | ၃၀,၀၄၇. ၂၁၇ |

## တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော်၊ တိုင်းဒေသကြီးဥပဒေချုပ်ရုံး၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံး

ဇယား (၂)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|
| | | | သာမန်သုံးငွေ | ပြည်ထောင်စုထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | | |
| | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက်ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင်ရင်းနှီးငွေ | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ |
| ၁ | တိုင်းဒေသကြီးအစိုးရအဖွဲ့ | တိုင်းဒေသကြီးဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီးဝန်ကြီးချုပ်က တာဝန်ပေးသူ | ၁၆,၂၈၇. ၀၄၈ | ၂,၈၀၀. ၀၀၀ | ၃၇,၇၅၇. ၈၉၃ | | | | ၅၆,၈၄၄. ၉၄၁ |
| ၂ | တိုင်းဒေသကြီးလွှတ်တော် | တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက တာဝန်ပေးသူ | ၇၉၅. ၆၁၅ | | | | | | ၇၉၅. ၆၁၅ |
| ၃ | တိုင်းဒေသကြီးတရားလွှတ်တော် | တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်က တာဝန်ပေးသူ | ၁၀၅. ၉၀၀ | | | | | | ၁၀၅. ၉၀၀ |
| ၄ | တိုင်းဒေသကြီးဥပဒေချုပ်ရုံး | တိုင်းဒေသကြီးဥပဒေချုပ် သို့မဟုတ် တိုင်းဒေသကြီးဥပဒေချုပ်က တာဝန်ပေးသူ | ၁,၀၉၀. ၃၄၃ | | ၃၇၀. ၉၇၅ | | | | ၁,၄၆၁. ၃၁၈ |
| ၅ | တိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံး | တိုင်းဒေသကြီးစာရင်းစစ်ချုပ် သို့မဟုတ် တိုင်းဒေသကြီးစာရင်းစစ်ချုပ်က တာဝန်ပေးသူ | ၂,၂၁၀. ၇၁၉ | | ၅၂၄. ၃၇၀ | | | | ၂,၇၃၅. ၀၈၉ |
| | ပေါင်း | | **၂၀,၄၈၉. ၆၂၅** | **၂,၈၀၀. ၀၀၀** | **၃၈,၆၅၃. ၂၃၈** | | | | **၆၁,၉၄၂. ၈၆၃** |

## တိုင်းဒေသကြီးအဆင့်ဦးစီးဌာနများ၊ မြို့တော်စည်ပင်သာယာရေးကော်မတီနှင့်စည်ပင်သာယာရေးအဖွဲ့များ

ဇယား (၃)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ: အခွန်အကောက် | အခြားသာမန်ရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ပအကူအညီရငွေ | ပြည်ထောင်စုထောက်ပံ့ငွေမှရငွေ | ကြွေးမြီ: ထုတ်ချေးငွေအတွက်ပြန်ရငွေ | ကြွေးမြီ: ချေးယူရငွေ | ကြွေးမြီ: အဖွဲ့အစည်းများတွင်ရင်းနှီးငွေမှရငွေ | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| **၁** | **ပြည်တွင်းထွက်ကုန်နှင့်ပြည်သူပြည်သားများသုံးစွဲမှုအပေါ်တွင်ကောက်ခံသည့်အခွန်အကောက်** | တိုင်းဒေသကြီးဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီးဝန်ကြီးချုပ်က တာဝန်ပေးသူ | **၄,၀၂၆. ၆၅၄** | | | | | | | | **၄,၀၂၆. ၆၅၄** |
| | ၁ ယစ်မျိုးခွန် | | ၄,၀၂၆. ၆၅၄ | | | | | | | | ၄,၀၂၆. ၆၅၄ |
| **၂** | **နိုင်ငံပိုင်ပစ္စည်းများအသုံးပြုသည့်အပေါ်ကောက်ခံသည့်အခွန်အကောက်** | **၎င်း** | **၁,၈၆၁. ၂၈၇** | | | | | | | | **၁,၈၆၁. ၂၈၇** |
| | ၁ မြေယာပေါ်တွင်ကောက်ခံသည့်အခွန် | | ၅၃၂. ၀၁၀ | | | | | | | | ၅၃၂. ၀၁၀ |
| | ၂ ရေခွန်နှင့်တာတမံခွန် | | ၃၄. ၄၅၃ | | | | | | | | ၃၄. ၄၅၃ |
| | ၃ သစ်တောများမှပစ္စည်းများထုတ်ယူသည့်အတွက်ကောက်ခံသည့်အခွန် | | ၃၃၅. ၆၀၀ | | | | | | | | ၃၃၅. ၆၀၀ |
| | ၄ ဓာတ်သတ္တုပစ္စည်းများထုတ်ယူသည့်အတွက်ကောက်ခံသည့်အခွန် | | ၅၂၉. ၂၃၉ | | | | | | | | ၅၂၉. ၂၃၉ |
| | ၅ အင်းအိုင်ခွန် | | ၄၂၉. ၉၈၅ | | | | | | | | ၄၂၉. ၉၈၅ |
| **၃** | **စည်ပင်သာယာရေးကော်မတီနှင့်စည်ပင်သာယာရေးအဖွဲ့များမှကောက်ခံသည့်အခွန်** | **၎င်း** | **၂၄,၇၁၆. ၆၀၆** | | | | | | | | **၂၄,၇၁၆. ၆၀၆** |
| | ၁ ပစ္စည်းခွန် | | ၇,၀၇၀. ၂၁၁ | | | | | | | | ၇,၀၇၀. ၂၁၁ |
| | ၂ ဘီးခွန် | | ၁၇,၆၄၆. ၃၉၅ | | | | | | | | ၁၇,၆၄၆. ၃၉၅ |
| **၄** | **ပြည်ထဲရေး** | ၎င်း | | **၆၆. ၄၆၈** | | | | | | | **၆၆. ၄၆၈** |
| | ၁ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | | | ၄၆. ၄၇၃ | | | | | | | ၄၆. ၄၇၃ |
| | ၂ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | | | ၄. ၅၂၅ | | | | | | | ၄. ၅၂၅ |
| | ၃ မီးသတ်ဦးစီးဌာန | | | ၁၅. ၄၇၀ | | | | | | | ၁၅. ၄၇၀ |
| **၅** | **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း** | ၎င်း | | **၄၀၇. ၂၇၀** | | | | | | | **၄၀၇. ၂၇၀** |
| | ၁ စိုက်ပျိုးရေးဦးစီးဌာန | | | ၅၉. ၅၀၀ | | | | | | | ၅၉. ၅၀၀ |
| | ၂ ငါးလုပ်ငန်းဦးစီးဌာန | | | ၁၂. ၉၁၀ | | | | | | | ၁၂. ၉၁၀ |
| | ၃ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန | | | ၃၀၈. ၉၂၁ | | | | | | | ၃၀၈. ၉၂၁ |
| | ၄ သမဝါယမဦးစီးဌာန | | | ၈. ၈၈၁ | | | | | | | ၈. ၈၈၁ |
| | ၅ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန | | | ၁၇. ၀၅၈ | | | | | | | ၁၇. ၀၅၈ |

## တိုင်းဒေသကြီးအဆင့်ဦးစီးဌာနများ၊ မြို့တော်စည်ပင်သာယာရေးကော်မတီနှင့်စည်ပင်သာယာရေးအဖွဲ့များ

ဇယား (၃) အဆုံး
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | ကြွေးမြီ | | | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | အခွန်အကောက် | အခြားသာမန်ရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ပအကူအညီရငွေ | ပြည်ထောင်စုထောက်ပံ့ငွေမှရငွေ | ထုတ်ချေးငွေအတွက်ပြန်ရငွေ | ချေးယူရငွေ | အဖွဲ့အစည်းများတွင်ရင်းနှီးငွေမှရငွေ | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| **၆** | **သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး** | တိုင်းဒေသကြီးဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီးဝန်ကြီးချုပ်က တာဝန်ပေးသူ | | **၅၉.၇၁၀** | | | | | | | **၅၉.၇၁၀** |
| ၁ | သစ်တောဦးစီးဌာန | | | ၅၉.၇၁၀ | | | | | | | ၅၉.၇၁၀ |
| ၂ | အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန | | | | | | | | | | |
| ၃ | ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန | | | | | | | | | | |
| **၇** | **ကျန်းမာရေးနှင့် အားကစား** | | | **၈၃.၅၀၀** | | | | | | | **၈၃.၅၀၀** |
| ၁ | အားကစားနှင့် ကာယပညာဦးစီးဌာန | | | ၈၃.၅၀၀ | | | | | | | ၈၃.၅၀၀ |
| **၈** | **စီမံကိန်းနှင့် ဘဏ္ဍာရေး** | ၎င်း | | **၅၀၅.၀၇၇** | | | **၁၁၄,၉၁၃.၈၂၃** | | | | **၁၁၅,၄၁၈.၈၆၀** |
| ၁ | စီမံကိန်းရေးဆွဲရေးဦးစီးဌာန | | | ၀.၀၃၆ | | | | | | | ၀.၀၃၆ |
| ၂ | ဗဟိုစာရင်းအင်းအဖွဲ့ | | | ၀.၀၀၁ | | | | | | | ၀.၀၀၁ |
| ၃ | ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန | | | | | | ၁၁၄,၉၁၃.၈၂၃ | | | | ၁၁၄,၉၁၃.၈၂၃ |
| ၄ | ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန | | | ၅၀၅.၀၀၀ | | | | | | | ၅၀၅.၀၀၀ |
| **၉** | **ဆောက်လုပ်ရေး** | ၎င်း | | **၂၇၈.၈၂၀** | | | | | | | **၂၇၈.၈၂၀** |
| ၁ | မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန | | | ၁၅၆.၉၈၂ | | | | | | | ၁၅၆.၉၈၂ |
| ၂ | လမ်းဦးစီးဌာန | | | ၁၂၁.၈၃၈ | | | | | | | ၁၂၁.၈၃၈ |
| **၁၀** | **မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ** | ၎င်း | | **၄၀,၆၃၃.၇၆၀** | **၄၂,၃၀၈.၅၃၅** | **၅,၇၆၇.၀၃၀** | | | **၃၉,၄၉၅.၁၆၀** | **၃၅၀.၀၀၀** | **၁၂၈,၅၅၄.၄၈၅** |
| **၁၁** | **စည်ပင်သာယာရေးအဖွဲ့များ** | ၎င်း | | **၁၇,၂၉၉.၀၈၇** | | | | | | | **၁၇,၂၉၉.၀၈၇** |
| | **ပေါင်း** | | **၃၀,၆၀၄.၅၄၇** | **၅၉,၃၃၃.၆၅၂** | **၄၂,၃၀၈.၅၃၅** | **၅,၇၆၇.၀၃၀** | **၁၁၄,၉၁၃.၈၂၃** | | **၃၉,၄၉၅.၁၆၀** | **၃၅၀.၀၀၀** | **၂၉၂,၇၇၂.၇၄၇** |

## တိုင်းဒေသကြီးအဆင့်ဦးစီးဌာနများ၊ မြို့တော်စည်ပင်သာယာရေးကော်မတီနှင့်စည်ပင်သာယာရေးအဖွဲ့များ

ဇယား (၄)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | | |
| | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက်ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင်ရင်းနှီးငွေ | |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ |
| **၁** | | **ပြည်ထဲရေး** | တိုင်းဒေသကြီးဝန်ကြီးချုပ် | **၁၄,၅၈၄. ၈၁၄** | **၁၅. ၀၀၀** | **၉,၄၇၉. ၄၄၉** | | | | **၂၄,၀၇၉. ၂၆၃** |
| | ၁ | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | သို့မဟုတ် တိုင်းဒေသကြီး | ၁၀,၆၄၈. ၉၅၄ | ၁၅. ၀၀၀ | ၄,၁၈၄. ၃၆၁ | | | | ၁၄,၈၄၈. ၃၁၅ |
| | ၂ | အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၃၉၃. ၃၆၉ | | ၄၀၆. ၈၀၉ | | | | ၈၀၀. ၁၇၈ |
| | ၃ | မီးသတ်ဦးစီးဌာန | | ၃,၅၄၂. ၄၉၁ | | ၄,၈၈၈. ၂၇၉ | | | | ၈,၄၃၀. ၇၇၀ |
| **၂** | | **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း** | ရှင်း | **၇,၂၈၉. ၈၀၇** | | **၇၆၉. ၈၈၇** | | | | **၈,၀၅၉. ၆၉၄** |
| | ၁ | စိုက်ပျိုးရေးဦးစီးဌာန | | ၃,၈၉၈. ၆၁၄ | | ၂၄၇. ၀၉၅ | | | | ၄,၁၄၅. ၇၀၉ |
| | ၂ | ငါးလုပ်ငန်းဦးစီးဌာန | | ၂၅၈. ၅၀၅ | | ၉၀. ၀၀၀ | | | | ၃၄၈. ၅၀၅ |
| | ၃ | မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန | | ၁,၀၅၇. ၁၂၈ | | ၁၆၃. ၀၆၀ | | | | ၁,၂၂၀. ၁၈၈ |
| | ၄ | သမဝါယမဦးစီးဌာန | | ၁,၉၁၂. ၂၂၉ | | ၂၄. ၆၂၃ | | | | ၁,၉၃၆. ၈၅၂ |
| | ၅ | အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန | | ၁၆၃. ၃၃၁ | | ၂၄၅. ၁၀၉ | | | | ၄၀၈. ၄၄၀ |
| **၃** | | **သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး** | ရှင်း | **၄,၅၉၄. ၀၀၄** | | **၂,၉၃၅. ၆၄၅** | | | | **၇,၅၂၉. ၆၄၉** |
| | ၁ | သစ်တောဦးစီးဌာန | | ၂,၉၃၈. ၁၂၇ | | ၃၂၆. ၇၇၀ | | | | ၃,၂၆၄. ၈၉၇ |
| | ၂ | အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန | | ၁,၃၅၈. ၉၇၈ | | ၅၉၀. ၃၄၇ | | | | ၁,၉၄၉. ၃၂၅ |
| | ၃ | ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန | | ၂၉၆. ၈၉၉ | | ၂,၀၁၈. ၅၂၈ | | | | ၂,၃၁၅. ၄၂၇ |
| **၄** | | **ကျန်းမာရေးနှင့် အားကစား** | ရှင်း | **၁,၃၈၇. ၃၆၉** | | **၃,၃၇၇. ၁၆၀** | | | | **၄,၇၆၄. ၅၂၉** |
| | ၁ | အားကစားနှင့် ကာယပညာဦးစီးဌာန | | ၁,၃၈၇. ၃၆၉ | | ၃,၃၇၇. ၁၆၀ | | | | ၄,၇၆၄. ၅၂၉ |
| **၅** | | **စီမံကိန်းနှင့်ဘဏ္ဍာရေး** | ရှင်း | **၁,၅၇၇. ၆၄၉** | | **၁,၇၇၁. ၉၁၄** | | | | **၃,၃၄၉. ၅၆၃** |
| | ၁ | စီမံကိန်းရေးဆွဲရေးဦးစီးဌာန | | ၁,၁၀၂. ၄၆၂ | | ၅၃၆. ၆၄၀ | | | | ၁,၆၃၈. ၁၀၂ |
| | ၂ | ဗဟိုစာရင်းအင်းအဖွဲ့ | | ၂၇၃. ၅၂၆ | | ၄၂၉. ၉၈၀ | | | | ၇၀၃. ၅၀၆ |
| | ၃ | ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန | | ၉၆. ၆၇၇ | | ၆၈၈. ၆၉၄ | | | | ၇၈၅. ၃၇၁ |
| | ၄ | ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန | | ၁၀၄. ၉၈၄ | | ၁၁၆. ၆၀၀ | | | | ၂၂၁. ၅၈၄ |
| **၆** | | **ဆောက်လုပ်ရေး** | ရှင်း | **၁၇,၉၈၇. ၃၂၅** | | **၂၄,၅၃၆. ၉၀၀** | | | | **၄၂,၅၂၄. ၂၂၅** |
| | ၁ | မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန | | ၆၆၄. ၉၄၀ | | ၉,၃၂၇. ၆၅၇ | | | | ၉,၉၉၂. ၅၉၇ |
| | ၂ | လမ်းဦးစီးဌာန | | ၁၇,၃၂၂. ၃၈၅ | | ၁၅,၂၀၉. ၂၄၃ | | | | ၃၂,၅၃၀. ၆၂၈ |
| **၇** | | **မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ** | ရှင်း | **၄၄,၃၀၂. ၄၀၂** | | **၁၀၄,၉၅၂. ၁၅၃** | | | **၃,၀၀၀. ၀၀၀** | **၁၅၂,၂၅၄. ၅၆၅** |
| **၈** | | **စည်ပင်သာယာရေးအဖွဲ့များ** | ရှင်း | **၈,၄၅၀. ၁၉၁** | | **၉,၈၆၅. ၄၂၂** | | | | **၁၈,၃၁၅. ၆၁၃** |
| | | **ပေါင်း** | | **၁၀၀,၁၇၃. ၅၇၁** | **၁၅. ၀၀၀** | **၁၅၇,၆၈၈. ၅၃၀** | | | **၃,၀၀၀. ၀၀၀** | **၂၆၀,၈၇၇. ၁၀၁** |

# ၂၀၁၈-၂၀၁၉၊ ဘဏ္ဍာရေးနှစ် ပဲခူးတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ

## (၂၀၁၈ ခုနှစ်၊ ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥပဒေအမှတ် ၆။)

၁၃၈၀ ပြည့်နှစ်၊ သီတင်းကျွတ်လဆန်း ၈ ရက်

(၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁၇ ရက်)

ပဲခူးတိုင်းဒေသကြီးလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

### အပိုင်း ၁
### အမည်နှင့် စတင်အကျိုးသက်ရောက်သည့်နေ့ရက်

၁။ (က) ဤဥပဒေကို ၂၀၁၈-၂၀၁၉၊ ဘဏ္ဍာရေးနှစ် ပဲခူးတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေ ဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့အထိ ကုန်ဆုံးသည့်ကာလအတွက် သက်ဆိုင်စေရမည်။

### အပိုင်း ၂
### တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော်၊ တိုင်းဒေသကြီးဥပဒေချုပ်ရုံး၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံး၊ တိုင်းဒေသကြီးဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးအဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ
### အခန်း (၁)
### ရငွေများနှင့်သုံးငွေများ

၂။ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော်၊ တိုင်းဒေသကြီးဥပဒေချုပ်ရုံး၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံး၊ တိုင်းဒေသကြီးဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးအဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များသည် တိုင်းဒေသကြီး၏ ဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် လုပ်ငန်းများကို ဆောင်ရွက်ကြရမည်။ ထိုသို့ ဆောင်ရွက်၍ရသော ရငွေများကို တိုင်းဒေသကြီး၏ ဘဏ္ဍာရန်ပုံငွေသို့ပေးသွင်း၍ ထုတ်ပေးရန်ရှိသော သုံးငွေများကို တိုင်းဒေသကြီး၏ ဘဏ္ဍာရန်ပုံငွေမှ ထုတ်ယူသုံးစွဲရမည်။

၃။ (က) တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော်၊ တိုင်းဒေသကြီးဥပဒေချုပ်ရုံး၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံး၊ တိုင်းဒေသကြီးဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးအဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ၏ ရငွေနှင့်သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၁)၊ (၂)၊ (၃) နှင့် (၄) တို့တွင် မိမိနှင့်ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။

(ခ) ပုဒ်မခွဲ (က) ပါ တာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအားအပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင်လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

(ဃ) ဇယား (၁) နှင့် (၃) တို့တွင် ဖော်ပြလျာထားသောရငွေများအနက် ပြည်ထောင်စုထောက်ပံ့ငွေမှ ရငွေ၊ ချေးယူရငွေတို့သည် လျာထားသည်ထက် ပိုမိုရရှိလျှင် ယင်းသို့ ပိုမိုရရှိသောငွေများဖြင့် ဆက်နွှယ်ထားသည့် လုပ်ငန်းအသုံးစရိတ်များကြောင့် ဇယား (၂) နှင့် (၄) တို့တွင် ဖော်ပြခွင့်ပြုထားသော သုံးငွေများထက် ပိုမိုသုံးစွဲရန်လိုအပ်ပါက တိုင်းဒေသကြီးအစိုးရအဖွဲ့က စိစစ်သုံးသပ်၍ တိုင်းဒေသကြီးလွှတ်တော်၏ အတည်ပြုချက်ဖြင့် ခွင့်ပြုနိုင်သည်။

## အခန်း (၂)

## တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော်၊ တိုင်းဒေသကြီးဥပဒေချုပ်ရုံး၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံး၊ တိုင်းဒေသကြီးဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးအဆင့်ဦးစီးဌာနများ၊ စည်ပင်သာယာရေးအဖွဲ့များနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးအစိုးရအဖွဲ့၏လုပ်ပိုင်ခွင့်များ

၄။ (က) တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော်၊ တိုင်းဒေသကြီးဥပဒေချုပ်ရုံး၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံး၊ တိုင်းဒေသကြီးဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးအဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များသည် ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင် ဤဥပဒေအရ လျာထားသော ရငွေတို့ထက်တိုး၍ဖြစ်စေ၊ လျော့၍ဖြစ်စေ ရသောရငွေများနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြသော ၂၀၁၈-၂၀၁၉ ခုနှစ်အတွက် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများတွင်လည်းကောင်း၊ ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်သောပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင်လည်းကောင်း ထည့်သွင်းဖော်ပြရမည်။ အခွန်ဆိုင်ရာဥပဒေအရ ရသင့်ရထိုက်သော အခွန်ငွေများ အပြည့်အဝရရှိစေရေးအတွက် ဆောင်ရွက်ရမည်။

(ခ) တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော်၊ တိုင်းဒေသကြီးဥပဒေချုပ်ရုံး၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံး၊ တိုင်းဒေသကြီးဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးအဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များသည် သုံးငွေများကို စီမံခန့်ခွဲရာတွင် ဤဥပဒေအရ ခွင့်ပြုထားသော သုံးငွေများအတွင်း တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်များအရ ငွေစာရင်းခေါင်းစဉ်လွှဲပြောင်းပေးနိုင်သည်။ ထိုသို့ ခေါင်းစဉ်လွှဲပြောင်းသုံးစွဲသည့် အသုံးစရိတ်များနှင့်စပ်လျဉ်း၍လည်းကောင်း၊ ပုဒ်မ ၃၊ ပုဒ်မခွဲ (ဃ) အရ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် သုံးစွဲသည့် အသုံးစရိတ်များနှင့်စပ်လျဉ်း၍လည်းကောင်း၊ တိုင်းဒေသကြီးလွှတ်တော်သို့တင်ပြသော ၂၀၁၈-၂၀၁၉ ခုနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင်လည်းကောင်း၊ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင်လည်းကောင်း ထည့်သွင်းဖော်ပြရမည်။

(ဂ) တိုင်းဒေသကြီးအစိုးရအဖွဲ့သည် ဤဥပဒေ၏ ပုဒ်မ ၃၊ ပုဒ်မခွဲ (ဃ) အရ ပိုမိုသုံးစွဲရန်ခွင့်ပြုသည့် ကိစ္စရပ်များကို ကိစ္စတစ်ရပ်ချင်း အကျိုးအကြောင်းဖော်ပြချက်များနှင့်အတူ တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြအတည်ပြုချက်ရယူရမည်။

(ဃ) တိုင်းဒေသကြီးအစိုးရအဖွဲ့သည် ဤဥပဒေအရ အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းအခြေအနေအသေးစိတ်ကို အနီးစပ်ဆုံးလွှတ်တော်သို့ တင်ပြရမည်။

(င) တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော်၊ တိုင်းဒေသကြီးဥပဒေချုပ်ရုံး၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံး၊ တိုင်းဒေသကြီးဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးအဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များသည် ဥပဒေအရ ခွင့်ပြုထားသော သုံးငွေများနှင့်စပ်လျဉ်း၍ လုပ်ငန်းများဆောင်ရွက်ရာတွင် လွှတ်တော်သို့ တင်ပြထားသည့် လုပ်ငန်းအမျိုးအစားများကို လိုအပ်ချက်အရ လုပ်ငန်းပြောင်းလဲဆောင်ရွက်လိုပါက

တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုချက်ရယူဆောင်ရွက်ရမည့်အပြင် သက်ဆိုင်ရာဝန်ကြီးက အနီးစပ်ဆုံးကျင်းပသည့် တိုင်းဒေသကြီးလွှတ်တော်တွင် လုပ်ငန်းပြောင်းလဲသုံးစွဲရခြင်းနှင့် စပ်လျဉ်း၍ အကျိုးအကြောင်းစုံလင်စွာ ရှင်းလင်းတင်ပြရမည်။

၅။ တိုင်းဒေသကြီးအဆင့် ဌာနအဖွဲ့အစည်းများနှင့် စည်ပင်သာယာရေးအဖွဲ့များသည် မိမိတို့နှင့် သက်ဆိုင်သော တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များအရ ခွင့်ပြုထားသော အခွန်အကောက်အမျိုးအစားများကိုသာ ကောက်ခံရမည်။

## အခန်း (၃)
## ပြည်ပအကူအညီရယူခြင်း

၆။ တိုင်းဒေသကြီးအစိုးရအဖွဲ့သည် တိုင်းဒေသကြီးအဆင့်ဌာန၊ အဖွဲ့အစည်း၏ လုပ်ငန်းစီမံချက်တစ်ရပ်ရပ်အတွက် ပြည်ပအကူအညီကို ငွေသား၊ ပစ္စည်း၊ ဆောင်ရွက်ပေးမှုတို့ဖြင့် ရယူခွင့်ပြုနိုင်သည်။ ထိုသို့ ပြည်ပအကူအညီရယူခွင့်ပြုခြင်းကို အနီးစပ်ဆုံးကျင်းပသည့် တိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးတွင် တင်ပြရမည်။

၇။ ဇယား (၁) တွင် ဖော်ပြလျာထားသော ပြည်ပအကူအညီရငွေသည် လျာထားသည်ထက် ပိုမိုရရှိလျှင် ယင်းသို့ ပိုမိုရရှိသောငွေများဖြင့် ဆက်နွှယ်ထားသည့် လုပ်ငန်းအသုံးစရိတ်များကြောင့် ဇယား (၂) တွင် ဖော်ပြခွင့်ပြုသော သုံးငွေများထက် ပိုမိုသုံးစွဲရန်လိုအပ်ပါက အောက်ပါအတိုင်းဆောင်ရွက်ရမည်-

(က) နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေ မပြဋ္ဌာန်းမီဖြစ်လျှင် တိုင်းဒေသကြီးအစိုးရအဖွဲ့က စိစစ်သုံးသပ်၍ ငွေစာရင်းခေါင်းစဉ် လွှဲပြောင်းသုံးစွဲခြင်းနည်းလမ်း၊ ဖြည့်စွက်ခွင့်ပြုငွေတောင်းခံသည့်နည်းလမ်းတို့ဖြင့် ခွင့်ပြုနိုင်သည်။ ယင်းသို့ ခွင့်ပြုသည့်သုံးငွေများကို ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

(ခ) နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေပြဋ္ဌာန်းပြီးနောက်ဖြစ်လျှင် ငွေစာရင်းခေါင်းစဉ်လွှဲပြောင်းသုံးစွဲခြင်းနည်းလမ်းဖြင့် ခွင့်ပြုနိုင်သည်။ ယင်းသို့ ခွင့်ပြုသည့် သုံးငွေများကို အမှန်စာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

## အပိုင်း ၃
## တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ
## အခန်း (၁)
## ရငွေများနှင့်သုံးငွေများ

၈။ (က) တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများသည် ပြည်ထောင်စုမှ တိုင်းဒေသကြီးသို့ လုပ်ပိုင်ခွင့်ပေးထားသည့် လုပ်ငန်းများနှင့်သက်ဆိုင်သည့် သာမန်အသုံးစရိတ်နှင့် တိုင်းဒေသကြီးက တာဝန်ယူဆောင်ရွက်ရန် ခွင့်ပြုထားသည့် ငွေလုံးငွေရင်းအသုံးစရိတ်များကို တိုင်းဒေသကြီး၏ ဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် ဆောင်ရွက်ကြရမည်။

(ခ) တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများသည် ငွေလုံးငွေရင်းအသုံးစရိတ်များကို တိုင်းဒေသကြီး၏ ဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် ဆောင်ရွက်ကြရမည်။

၉။ တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ငွေအဝင်နှင့်အထွက်ကို စာရင်းပြုစုရန်အလို့ငှာ တိုင်းဒေသကြီး၏ ဘဏ္ဍာရန်ပုံငွေစာရင်းတွင် ဖော်ပြရမည်။

၁၀။ (က) ဇယား (၅) နှင့် (၆) တို့ပါ ရငွေများနှင့်သုံးငွေများကို တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများက စီမံကိန်းရည်မှန်းချက်များအရ ထမြောက်အောင်မြင်စွာ အကောင်အထည်ဖော်ရမည်။

(ခ) တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ရငွေနှင့်သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၅) နှင့် (၆) တို့တွင် မိမိနှင့်ယှဉ်တွဲ ဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင် လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

## အခန်း (၂)
## တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ လုပ်ပိုင်ခွင့်များ

၁၁။ (က) တိုင်းဒေသကြီးအစိုးရအဖွဲ့သည် တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့ အစည်းများ၏ လုပ်ငန်းအရလိုအပ်လျှင် ဤဥပဒေ၏ ဇယား (၅) နှင့် (၆) တို့တွင် ဖော်ပြ ထားသော ငွေများကို ဤဥပဒေအရ ခွင့်ပြုထားသောငွေများအတွင်း စိစစ်သုံးသပ်၍ ပြောင်းလဲ ပေးနိုင်သည်။ ထိုသို့ ငွေများပြောင်းလဲခြင်းနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြသော ၂၀၁၈-၂၀၁၉ ခုနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင်လည်းကောင်း၊ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင်လည်းကောင်း ကိစ္စတစ်ရပ်ချင်း အကျိုးအကြောင်းဖော်ပြချက်များနှင့်အတူ ထည့်သွင်းဖော်ပြရမည်။

(ခ) တိုင်းဒေသကြီးအစိုးရအဖွဲ့သည် တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်း များအား လုပ်ငန်းလုပ်ကိုင်ရန် လိုအပ်သည့်လုပ်ငန်းသုံးရင်းနှီးငွေကိုလည်းကောင်း၊ ရင်းနှီး မြှုပ်နှံမှုလုပ်ငန်းများအတွက် လိုအပ်သည့်ငွေကိုလည်းကောင်း ထောက်ပံ့ငွေဖြင့်ဖြစ်စေ၊ ချေးငွေဖြင့်ဖြစ်စေ ပြည်ထောင်စုအစိုးရသို့ တင်ပြခွင့်ပြုချက် ရယူဆောင်ရွက်ခြင်းပြုနိုင်သည်။

(ဂ) တိုင်းဒေသကြီးအစိုးရအဖွဲ့သည် တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများက နိုင်ငံတော်သို့ ထည့်ဝင်ရမည့်ငွေကို သတ်မှတ်ပေးရမည်။

## အခန်း (၃)
## တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ဘဏ္ဍာရေးဆိုင်ရာလုပ်ပိုင်ခွင့်များ

၁၂။ (က) တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများသည် ဇယား (၅) နှင့် (၆) တို့တွင် ဖော်ပြထားသော သက်ဆိုင်ရာတာဝန်ခံပုဂ္ဂိုလ်၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် မိမိတို့၏ လုပ်ငန်းများကို စီမံခန့်ခွဲရမည်။

(ခ) ဇယား (၅) နှင့် (၆) တို့တွင် ဖော်ပြထားသောငွေများကို နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်း များက မိမိတို့လုပ်ငန်းလိုအပ်ချက်အရ ပြောင်းလဲလိုပါက ဤဥပဒေအရ ခွင့်ပြုထားသော ရန်ပုံငွေအတွင်း တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ တင်ပြရသည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

ဝင်းသိန်း
ဝန်ကြီးချုပ်
ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့

**တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော်၊ တိုင်းဒေသကြီးဥပဒေချုပ်ရုံး၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံး**

**ဇယား (၁)**
**(ကျပ်သန်းပေါင်း)**

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ - အခွန်အကောက် | တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများမှရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ပအကူအညီရငွေ | ပြည်ထောင်စုထောက်ပံ့ငွေမှရငွေ | ကြွေးမြီ - ထုတ်ချေးငွေအတွက်ပြန်ရငွေ | ကြွေးမြီ - ချေးယူရငွေ | အဖွဲ့အစည်းများတွင်ရင်းနှီးငွေမှရငွေ |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
| ၁ | တိုင်းဒေသကြီးအစိုးရအဖွဲ့ | တိုင်းဒေသကြီးဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီးဝန်ကြီးချုပ်က တာဝန်ပေးသူ | | | ၁၀,၃၁၇. ၆၁၁ | | | ၁,၁၅၈. ၂၅၃ | ၂,၈၀၀. ၀၀၀ | | | |
| ၂ | တိုင်းဒေသကြီးလွှတ်တော် | တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက တာဝန်ပေးသူ | | | ၀. ၁၀၀ | | | | | | | |
| ၃ | တိုင်းဒေသကြီးတရားလွှတ်တော် | တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်က တာဝန်ပေးသူ | | | ၉၅၉. ၇၆၉ | | | | | | | |
| ၄ | တိုင်းဒေသကြီးဥပဒေချုပ်ရုံး | တိုင်းဒေသကြီးဥပဒေချုပ် သို့မဟုတ် တိုင်းဒေသကြီးဥပဒေချုပ်က တာဝန်ပေးသူ | | | ၀. ၉၈၃ | | | | | | | |
| ၅ | တိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံး | တိုင်းဒေသကြီးစာရင်းစစ်ချုပ် သို့မဟုတ် တိုင်းဒေသကြီးစာရင်းစစ်ချုပ်က တာဝန်ပေးသူ | | | ၇. ၇၇၉ | | | | | | | |
| | **ပေါင်း** | | | | **၁၁,၂၈၆. ၂၄၂** | | | **၁,၁၅၈. ၂၅၃** | **၂,၈၀၀. ၀၀၀** | | | |

**တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော်၊ တိုင်းဒေသကြီးဥပဒေချုပ်ရုံး၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံး**

**ဇယား (၂)**
**(ကျပ်သန်းပေါင်း)**

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | |
|---|---|---|---|---|---|---|---|---|---|
| | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ |
| | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက် ပေးဆပ်ငွေ | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ |
| ၁ | တိုင်းဒေသကြီးအစိုးရအဖွဲ့ | တိုင်းဒေသကြီးဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီးဝန်ကြီးချုပ်က တာဝန်ပေးသူ | ၁၉,၂၄၁. ၇၆၉ | | ၂,၈၀၀. ၀၀၀ | ၂၀,၄၃၃. ၆၄၀ | | | |
| ၂ | တိုင်းဒေသကြီးလွှတ်တော် | တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက တာဝန်ပေးသူ | ၉၉၅. ၉၅၂ | | | ၇၃၂. ၀၉၆ | | | |
| ၃ | တိုင်းဒေသကြီးတရားလွှတ်တော် | တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်က တာဝန်ပေးသူ | ၆၆. ၂၇၉ | | | | | | |
| ၄ | တိုင်းဒေသကြီးဥပဒေချုပ်ရုံး | တိုင်းဒေသကြီးဥပဒေချုပ် သို့မဟုတ် တိုင်းဒေသကြီးဥပဒေချုပ်က တာဝန်ပေးသူ | ၇၉၀. ၁၉၆ | | | ၃၆၀. ၄၆၅ | | | |
| ၅ | တိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံး | တိုင်းဒေသကြီးစာရင်းစစ်ချုပ် သို့မဟုတ် တိုင်းဒေသကြီးစာရင်းစစ်ချုပ်က တာဝန်ပေးသူ | ၁,၇၁၅. ၈၉၄ | | | ၁၈၃. ၁၇၅ | | | |
| | **ပေါင်း** | | **၂၂,၈၁၀. ၀၉၀** | | **၂,၈၀၀. ၀၀၀** | **၂၁,၇၀၉. ၃၇၆** | | | |

## တိုင်းဒေသကြီးဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးအဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ

ဇယား (၃)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | အခွန်အကောက် | တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများမှရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ပအကူအညီရငွေ | ပြည်ထောင်စုထောက်ပံ့ငွေမှရငွေ | ကြွေးမြီ - ထုတ်ချေးငွေအတွက်ပြန်ရငွေ | ကြွေးမြီ - ချေးယူရငွေ | အဖွဲ့အစည်းများတွင်ရင်းနှီးငွေမှရငွေ |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
| ၁ | | **ပြည်တွင်းထွက်ကုန်နှင့်ပြည်သူပြည်သားများ သုံးစွဲမှုအပေါ်တွင် ကောက်ခံသည့် အခွန်အကောက်** | တိုင်းဒေသကြီးဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီးဝန်ကြီးချုပ်က တာဝန်ပေးသူ | **၂,၃၅၄. ၁၈၅** | | | | | | | | | |
| | ၁ | ယစ်မျိုးခွန် | | ၂,၃၅၄. ၁၈၅ | | | | | | | | | |
| ၂ | | **နိုင်ငံပိုင်ပစ္စည်းများအသုံးပြုသည့်အပေါ် ကောက်ခံသည့် အခွန်အကောက်** | ၎င်း | **၁,၈၈၀. ၆၈၃** | | | | | | | | | |
| | ၁ | မြေယာပေါ်တွင်ကောက်ခံသည့်အခွန် | | ၃၂၁. ၀၁၃ | | | | | | | | | |
| | ၂ | တာတမံခွန် | | ၁. ၆၃၃ | | | | | | | | | |
| | ၃ | သစ်တောများမှပစ္စည်းများထုတ်ယူသည့် အတွက် ကောက်ခံသည့်အခွန် | | ၁၀၉. ၀၀၂ | | | | | | | | | |
| | ၄ | ဓာတ်သတ္တုပစ္စည်းများထုတ်ယူသည့် အတွက်ကောက်ခံသည့်အခွန် | | ၁၄၂. ၇၉၅ | | | | | | | | | |
| | ၅ | အင်းအိုင်ခွန် | | ၁,၃၀၆. ၂၄၀ | | | | | | | | | |
| ၃ | | **စည်ပင်သာယာရေးအဖွဲ့များမှ ကောက်ခံသည့်အခွန်** | ၎င်း | **၉၃၆. ၃၅၈** | | | | | | | | | |
| | ၁ | ပစ္စည်းခွန် | | ၅၉၅. ၈၃၉ | | | | | | | | | |
| | ၂ | ဘီးခွန် | | ၃၄၀. ၅၁၉ | | | | | | | | | |
| ၄ | | **တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများမှရငွေ** | ၎င်း | | | | | | | | | | |
| | | ပေါင်း | | **၅,၁၇၁. ၄၂၆** | | | | | | | | | |

## တိုင်းဒေသကြီးဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးအဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ

ဇယား (၃) ။ ။ အဆုံး
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | ကြွေးမြီ | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | အခွန်အကောက် | တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများမှရငွေ | အခြား သာမန် ရငွေ | အတိုး ရငွေ | ငွေလုံး ငွေရင်း ရငွေ | ပြည်ပ အကူအညီ ရငွေ | ပြည်ထောင်စု ထောက်ပံ့ငွေမှ ရငွေ | ထုတ်ချေးငွေ အတွက်ပြန်ရငွေ | ချေးယူ ရငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှရငွေ |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
| **၅** | | **ပြည်ထဲရေး** | တိုင်းဒေသကြီးဝန်ကြီးချုပ် | | | **၆၈. ၂၉၁** | | | | | | | |
| | ၁ | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | သို့မဟုတ် | | | ၆၅. ၈၆၂ | | | | | | | |
| | ၂ | အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | တိုင်းဒေသကြီးဝန်ကြီးချုပ်က | | | ၀. ၀၃၂ | | | | | | | |
| | ၃ | မီးသတ်ဦးစီးဌာန | တာဝန်ပေးသူ | | | ၂. ၃၉၇ | | | | | | | |
| **၆** | | **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း** | ၎င်း | | | **၁၀၆. ၁၁၆** | | | | | | | |
| | ၁ | စိုက်ပျိုးရေးဦးစီးဌာန | | | | ၂၈. ၁၉၂ | | | | | | | |
| | ၂ | ငါးလုပ်ငန်းဦးစီးဌာန | | | | ၃၀. ၀၃၀ | | | | | | | |
| | ၃ | မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန | | | | ၁၈. ၆၆၃ | | | | | | | |
| | ၄ | သမဝါယမဦးစီးဌာန | | | | ၂၇. ၄၁၂ | | | | | | | |
| | ၅ | အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန | | | | ၁. ၈၁၉ | | | | | | | |
| **၇** | | **သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး** | ၎င်း | | | **၅၈. ၀၀၂** | | | | | | | |
| | ၁ | သစ်တောဦးစီးဌာန | | | | ၅၇. ၉၁၂ | | | | | | | |
| | ၂ | ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန | | | | ၀. ၀၉၀ | | | | | | | |
| **၈** | | **ကျန်းမာရေးနှင့် အားကစား** | ၎င်း | | | **၇. ၀၃၃** | | | | | | | |
| | ၁ | အားကစားနှင့် ကာယပညာဦးစီးဌာန | | | | ၇. ၀၃၃ | | | | | | | |
| **၉** | | **စီမံကိန်းနှင့် ဘဏ္ဍာရေး** | ၎င်း | | | **၂၁. ၀၅၁** | | | | **၁၃၁,၉၂၈. ၄၇၅** | | | |
| | ၁ | စီမံကိန်းရေးဆွဲရေးဦးစီးဌာန | | | | ၀. ၀၄၅ | | | | | | | |
| | ၂ | ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန | | | | ၂၁. ၀၀၀ | | | | | | | |
| | ၃ | ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန | | | | ၀. ၀၀၃ | | | | ၁၃၁,၉၂၈. ၄၇၅ | | | |
| | ၄ | ပဲခူးတိုင်းဒေသကြီးကုန်တင်ကုန်ချလုပ်ငန်းကြီးကြပ်ရေးကော်မတီရုံး | | | | ၀. ၀၀၃ | | | | | | | |
| **၁၀** | | **ဆောက်လုပ်ရေး** | ၎င်း | | | **၁၈၇. ၀၆၉** | | | | | | | |
| | ၁ | မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန | | | | ၈၀. ၂၁၃ | | | | | | | |
| | ၂ | လမ်းဦးစီးဌာန | | | | ၁၀၆. ၈၅၆ | | | | | | | |
| **၁၁** | | **စည်ပင်သာယာရေးအဖွဲ့များ** | ၎င်း | | | **၁၃,၀၃၁. ၆၄၀** | | | | | | | |
| | | **ပေါင်း** | | | | **၁၃,၄၇၉. ၂၀၂** | | | | **၁၃၁,၉၂၈. ၄၇၅** | | | |

**တိုင်းဒေသကြီးဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးအဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ**

**ဇယား (၄)**

**(ကျပ်သန်းပေါင်း)**

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ: ထုတ်ချေးငွေ | ကြွေးမြီ: ချေးယူရငွေအတွက်ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ |
| **၁** | | **ပြည်ထဲရေး** | တိုင်းဒေသကြီးဝန်ကြီးချုပ် | **၁၄,၁၇၁. ၁၄၅** | | **၁၅. ၀၀၀** | **၅,၅၈၄. ၉၀၁** | | | |
| | ၁ | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | သို့မဟုတ် | ၁၀,၃၅၇. ၆၄၉ | | ၁၅. ၀၀၀ | ၂,၄၁၂. ၆၉၁ | | | |
| | ၂ | အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | တိုင်းဒေသကြီးဝန်ကြီးချုပ်က | ၃၈၇. ၀၃၁ | | | ၁၃၁. ၀၂၉ | | | |
| | ၃ | မီးသတ်ဦးစီးဌာန | တာဝန်ပေးသူ | ၃,၄၂၆. ၄၆၅ | | | ၃,၀၄၁. ၁၈၁ | | | |
| **၂** | | **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း** | ၎င်း | **၉,၇၄၅. ၈၅၄** | | | **၂,၄၅၂. ၆၂၂** | | | |
| | ၁ | စိုက်ပျိုးရေးဦးစီးဌာန | | ၆,၅၇၅. ၇၄၆ | | | ၁,၉၆၄. ၅၁၆ | | | |
| | ၂ | ငါးလုပ်ငန်းဦးစီးဌာန | | ၅၁၈. ၉၈၁ | | | ၂၄၀. ၁၉၄ | | | |
| | ၃ | မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန | | ၉၈၈. ၁၁၈ | | | ၁၆၈. ၁၂၁ | | | |
| | ၄ | သမဝါယမဦးစီးဌာန | | ၁,၄၉၇. ၁၉၄ | | | ၂. ၅၀၀ | | | |
| | ၅ | အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန | | ၁၆၅. ၈၁၅ | | | ၇၇. ၂၉၁ | | | |
| **၃** | | **သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး** | ၎င်း | **၃,၃၅၉. ၆၀၃** | | | **၁,၀၃၇. ၃၅၁** | | | |
| | ၁ | သစ်တောဦးစီးဌာန | | ၃,၁၃၁. ၆၄၈ | | | ၃၂၀. ၄၁၁ | | | |
| | ၂ | ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန | | ၂၂၇. ၉၅၅ | | | ၇၁၆. ၉၄၀ | | | |
| **၄** | | **ကျန်းမာရေးနှင့် အားကစား** | ၎င်း | **၁,၀၇၀. ၆၂၂** | | | **၁,၄၉၃. ၀၃၂** | | | |
| | ၁ | အားကစားနှင့် ကာယပညာဦးစီးဌာန | | ၁,၀၇၀. ၆၂၂ | | | ၁,၄၉၃. ၀၃၂ | | | |
| **၅** | | **စီမံကိန်းနှင့် ဘဏ္ဍာရေး** | ၎င်း | **၁,၁၅၃. ၇၄၄** | | | **၂၉၁. ၀၆၇** | | | |
| | ၁ | စီမံကိန်းရေးဆွဲရေးဦးစီးဌာန | | ၇၆၂. ၈၂၁ | | | ၂၃၉. ၅၆၆ | | | |
| | ၂ | ဗဟိုစာရင်းအင်းအဖွဲ့ | | ၁၆၂. ၅၈၁ | | | ၁၆. ၁၂၅ | | | |
| | ၃ | ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန | | ၈၀. ၄၃၀ | | | ၂၆. ၆၁၀ | | | |
| | ၄ | ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန | | ၁၂၃. ၈၆၃ | | | ၈. ၇၆၆ | | | |
| | ၅ | ပဲခူးတိုင်းဒေသကြီးကုန်တင်ကုန်ချလုပ်ငန်းကြီးကြပ်ရေး ကော်မတီရုံး | | ၂၄. ၀၄၉ | | | | | | |
| **၆** | | **ဆောက်လုပ်ရေး** | ၎င်း | **၈,၀၃၃. ၅၃၃** | | | **၄၂,၆၅၁. ၃၃၂** | | | |
| | ၁ | မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန | | ၃၀၉. ၀၁၄ | | | ၅,၇၈၀. ၀၀၀ | | | |
| | ၂ | လမ်းဦးစီးဌာန | | ၇,၇၂၄. ၅၁၉ | | | ၃၆,၈၇၁. ၃၃၂ | | | |
| **၇** | | **စည်ပင်သာယာရေးအဖွဲ့များ** | ၎င်း | **၆,၈၃၆. ၆၇၅** | | | **၁၂,၉၈၃. ၀၁၈** | | | |
| | | **ပေါင်း** | | **၄၄,၃၇၁. ၁၇၆** | | **၁၅. ၀၀၀** | **၆၆,၄၉၃. ၃၄၃** | | | |

**တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ**

**ဇယား (၅)**
**(ကျပ်သန်းပေါင်း)**

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | အခွန်အကောက် | တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများမှရငွေ | အခြား သာမန် ရငွေ | အတိုး ရငွေ | ငွေလုံး ငွေရင်း ရငွေ | ပြည်ပ အကူအညီ ရငွေ | ပြည်ထောင်စု ထောက်ပံ့ငွေမှ ရငွေ | ကြွေးမြီ: ထုတ်ချေးငွေ အတွက်ပြန်ရငွေ | ကြွေးမြီ: ချေးယူ ရငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှရငွေ |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
| ၁ | | **လျှပ်စစ်နှင့် စွမ်းအင်** | တိုင်းဒေသကြီးဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီးဝန်ကြီးချုပ်က တာဝန်ပေးသူ | | | **၂. ၀၀၀** | | | | | | | |
| | **၁** | လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း | | | | ၂. ၀၀၀ | | | | | | | |
| | | **ပေါင်း** | | | | **၂. ၀၀၀** | | | | | | | |

## တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ

**ဇယား (၆)**
**(ကျပ်သန်းပေါင်း)**

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ |
| | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက် ပေးဆပ်ငွေ | |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ |
| **၁** | | **လျှပ်စစ်နှင့် စွမ်းအင်** | | **၁. ၇၉၂** | | | **၇,၆၂၄. ၈၂၁** | | | |
| | ၁ | လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း | တိုင်းဒေသကြီးဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီးဝန်ကြီးချုပ်က တာဝန်ပေးသူ | ၁. ၇၉၂ | | | ၇,၆၂၄. ၈၂၁ | | | |
| | | **ပေါင်း** | | **၁. ၇၉၂** | | | **၇,၆၂၄. ၈၂၁** | | | |

# ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် မကွေးတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ

## (၂၀၁၈ ခုနှစ်၊ မကွေးတိုင်းဒေသကြီးလွှတ်တော်ဥပဒေအမှတ် ၄။)

၁၃၈၀ ပြည့်နှစ်၊ သီတင်းကျွတ်လဆန်း ၈ ရက်
(၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁၇ ရက်)

မကွေးတိုင်းဒေသကြီးလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အပိုင်း ၁
## အမည်နှင့် စတင်အကျိုးသက်ရောက်သည့်နေ့ရက်

၁။ (က) ဤဥပဒေကို ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် မကွေးတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေ ဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွက် ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှ စတင်အကျိုးသက်ရောက်စေရမည်။

## အပိုင်း ၂
## တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော်၊ တိုင်းဒေသကြီးဥပဒေချုပ်ရုံး၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံး၊ တိုင်းဒေသကြီးအဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ

၂။ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော်၊ တိုင်းဒေသကြီးဥပဒေချုပ်ရုံး၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံး၊ တိုင်းဒေသကြီးအဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များသည် တိုင်းဒေသကြီး၏ ဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် လုပ်ငန်းများကို ဆောင်ရွက်ကြရမည်။ ထိုသို့ဆောင်ရွက်၍ရသောရငွေများကို တိုင်းဒေသကြီးဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်း၍ ထုတ်ပေးရန်ရှိသောသုံးငွေများကို တိုင်းဒေသကြီးဘဏ္ဍာရန်ပုံငွေမှ ထုတ်ယူသုံးစွဲရမည်။

၃။ (က) တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော်၊ တိုင်းဒေသကြီးဥပဒေချုပ်ရုံး၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံး၊ တိုင်းဒေသကြီးအဆင့် ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ၏ ရငွေနှင့်သုံးငွေအတွက် တာဝန်ပေးအပ်ခြင်း ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၁)၊ (၂)၊ (၃) နှင့် (၄) တို့တွင် မိမိနှင့်ယှဉ်တွဲ ဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။

(ခ) ပုဒ်မခွဲ (က) ပါ တာဝန်ခံရသည့်ပုဂ္ဂိုလ်အသီးသီးသည် မိမိအားအပ်နှင်းထားသော လုပ်ပိုင်ခွင့် များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင် လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံး လုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၄။ (က) တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော်၊ တိုင်းဒေသကြီးဥပဒေချုပ်ရုံး၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံး၊ တိုင်းဒေသကြီးအဆင့်ဦးစီးဌာန များနှင့် စည်ပင်သာယာရေးအဖွဲ့များ၏ ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင် ဤဥပဒေ အရ လျာထားသော ရငွေတို့ထက် တိုး၍ဖြစ်စေ၊ လျော့၍ဖြစ်စေ ရသောရငွေများနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးလွှတ်တော်သို့တင်ပြသော ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်သောပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် ထည့်သွင်း ဖော်ပြရမည်။

(ခ) တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော်၊ တိုင်းဒေသကြီးဥပဒေချုပ်ရုံး၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံး၊ တိုင်းဒေသကြီးအဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ၏ သုံးငွေများကို စီမံခန့်ခွဲရာတွင် ဤဥပဒေအရ ခွင့်ပြုထားသောသုံးငွေများအတွင်း ငွေစာရင်းခေါင်းစဉ်လွှဲပြောင်းသုံးစွဲသည့် အသုံးစရိတ်များနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးလွှတ်တော်သို့တင်ပြသော ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

(ဂ) တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော်၊ တိုင်းဒေသကြီးဥပဒေချုပ်ရုံး၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံး၊ တိုင်းဒေသကြီးအဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ၏ လုပ်ငန်းလိုအပ်ချက်အရ ရန်ပုံငွေလွှဲပြောင်းသုံးစွဲခြင်းများဆောင်ရွက်ရာတွင် မူလခွင့်ပြုငွေဘောင်အတွင်း သာမန်အသုံးစရိတ်၊ ငွေလုံးငွေရင်းအသုံးစရိတ်လွှဲပြောင်းသုံးစွဲခြင်းနှင့် ထပ်မံလိုအပ်လျက်ရှိသော သာမန်အသုံးစရိတ်နှင့် ငွေလုံးငွေရင်းအသုံးစရိတ်တို့အား တိုင်းဒေသကြီး၏ ပိုလျှံအပ်ငွေများမှ လွှဲပြောင်းသုံးစွဲခြင်းတို့နှင့်ပတ်သက်၍ အနီးကပ်ဆုံးတိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြအတည်ပြုချက်ရယူပြီး ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင်လည်းကောင်း၊ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်း တင်ပြပြီးချိန်နောက်ပိုင်းမှ ဖြစ်ပေါ်လာသောပြောင်းလဲခြင်းများကို အမှန်စာရင်းတွင်လည်းကောင်း ထည့်သွင်းဖော်ပြရမည်။

(ဃ) တိုင်းဒေသကြီးအစိုးရအဖွဲ့သည် လုပ်ငန်းလုပ်ကိုင်ရန်သော်လည်းကောင်း၊ ရင်းနှီးမြှုပ်နှံရန်သော်လည်းကောင်း လိုအပ်သည့်ငွေကို ထောက်ပံ့ငွေဖြင့်ဖြစ်စေ၊ ချေးငွေဖြင့်ဖြစ်စေ တိုင်းဒေသကြီးလွှတ်တော်၏ အတည်ပြုချက်ဖြင့် ပြည်ထောင်စုအစိုးရထံမှ ရယူဆောင်ရွက်နိုင်သည်။ ပြည်ထောင်စုအစိုးရအဖွဲ့၏ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှဖြည့်ဆည်းပေးသော ထောက်ပံ့ငွေ၊ အရေးပေါ်ရန်ပုံငွေ၊ ချေးငွေဖြင့်ခွင့်ပြုခဲ့သည့် ဘဏ္ဍာရန်ပုံငွေကို တိုင်းဒေသကြီးဘဏ္ဍာရန်ပုံငွေသို့ပေးသွင်း၍ တိုင်းဒေသကြီးအစိုးရအဖွဲ့သည် ယင်းဘဏ္ဍာရန်ပုံငွေများကို ဥပဒေနှင့်အညီ သုံးစွဲခွင့်ရှိသည်။

၅။ တိုင်းဒေသကြီးအဆင့် ဦးစီးဌာနများနှင့်စည်ပင်သာယာရေးအဖွဲ့များသည် မိမိတို့နှင့်သက်ဆိုင်သော တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များအရ ခွင့်ပြုထားသော အခွန်အကောက်အမျိုးအစားများကိုသာ ကောက်ခံရမည်။

## အပိုင်း ၃
## ချေးငွေ၊ ပြည်ပမှ ငွေကြေးအကူအညီနှင့်အထောက်အပံ့

၆။ တိုင်းဒေသကြီးအစိုးရအဖွဲ့သည် တိုင်းဒေသကြီးအဆင့် ဗဟိုအဖွဲ့အစည်းများ၊ ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များလုပ်ငန်းလုပ်ကိုင်ရန်သော်လည်းကောင်း၊ ရင်းနှီးမြှုပ်နှံရန်သော်လည်းကောင်း လိုအပ်သည့်ငွေကို ထောက်ပံ့ငွေဖြင့်ဖြစ်စေ၊ ချေးငွေဖြင့်ဖြစ်စေ ပြည်ထောင်စုအစိုးရထံမှ ရယူဆောင်ရွက်နိုင်သည်။

၇။ တိုင်းဒေသကြီးအစိုးရအဖွဲ့သည် တိုင်းဒေသကြီးဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် ဆောင်ရွက်သော တိုင်းဒေသကြီးအဆင့်ဌာန၊ အဖွဲ့အစည်းတစ်ခုခု၏ လုပ်ငန်းစီမံချက်တစ်ရပ်ရပ်အတွက် ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီးအတွက် ဆောင်ရွက်ခွင့်ရှိသည့် ပြည်ပမှငွေကြေးအကူအညီနှင့် အထောက်အပံ့တို့ကို ရယူဆောင်ရွက်နိုင်သည်။

၈။ တိုင်းဒေသကြီးအစိုးရအဖွဲ့သည် တိုင်းဒေသကြီးဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် ဆောင်ရွက်သော တိုင်းဒေသကြီးအဆင့်ဌာန၊ အဖွဲ့အစည်းတစ်ခုခု၏ လုပ်ငန်းစီမံချက်တစ်ရပ်ရပ်အတွက် ပြည်ထောင်စုက ပြဋ္ဌာန်းထားသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီးက ဆောင်ရွက်ခွင့်ရှိသည့် ပြည်တွင်းပြည်ပမှ ငွေချေးယူခြင်းကို တိုင်းဒေသကြီးလွှတ်တော်၏ အတည်ပြုချက်ရယူပြီး ပြည်ထောင်စုအစိုးရအဖွဲ့၏ခွင့်ပြုချက်နှင့် ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်တို့ကို ကြိုတင်ရယူဆောင်ရွက်နိုင်သည်။

## အပိုင်း ၄
## တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ

၉။ တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများသည် စီမံကိန်းရည်မှန်းချက်များအရ မိမိတို့၏ ဘဏ္ဍာငွေအပေါ် ရပ်တည်၍ လုပ်ငန်းများကို စီးပွားရေးဆန်ဆန် မိမိတို့၏ ဘဏ္ဍာငွေအစီအစဉ်ဖြင့် ဆောင်ရွက်ကြရမည်။

၁၀။ (က) ဇယား (၅) နှင့် (၆) တို့တွင် ဖော်ပြထားသည့် ရငွေနှင့်သုံးငွေများသည် တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများက စီမံကိန်းရည်မှန်းချက်များအရ ထမြောက်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန် ရည်မှန်းထားသောငွေများဖြစ်သည်။

(ခ) တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ရငွေနှင့်သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့်ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၅) နှင့် (၆) တို့တွင် မိမိနှင့် ယှဉ်တွဲဖော်ပြထားသည့်ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့်သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။

(ဂ) ရငွေများကိုစီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကိုစီမံခန့်ခွဲရာတွင်လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီဆောင်ရွက်ရမည်။

(ဃ) တိုင်းဒေသကြီးအစိုးရအဖွဲ့သည် တိုင်းဒေသကြီးအဆင့်ရှိ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ လုပ်ငန်းလိုအပ်ချက်အရ ဤဥပဒေ၏ ဇယား (၅) တွင် ဖော်ပြထားသောရငွေများ တိုးခြင်း၊ လျော့ခြင်းနှင့်စပ်လျဉ်း၍သော်လည်းကောင်း၊ ဤဥပဒေ၏ ဇယား (၆) အရ ခွင့်ပြုထားသော အဖွဲ့အစည်းတစ်ခု၏ သာမန်သုံးငွေများနှင့် ကြွေးမြီသုံးငွေများတွင် ငွေများပြောင်းလဲသုံးစွဲခြင်းနှင့်စပ်လျဉ်း၍သော်လည်းကောင်း၊ ငွေလုံးငွေရင်းသုံးငွေတွင် လုပ်ငန်းစီမံကိန်းများပြောင်းလဲခြင်းမပြုဘဲ မူလလုပ်ငန်းစီမံကိန်းတစ်ခုအတွင်း ငွေများပြောင်းလဲသုံးစွဲခြင်းနှင့်စပ်လျဉ်း၍သော်လည်းကောင်း တိုင်းဒေသကြီးအစိုးရအဖွဲ့သည် တိုင်းဒေသကြီးလွှတ်တော်၏ အတည်ပြုချက်ဖြင့် ပြောင်းလဲပေးနိုင်သည်။ ထိုသို့ ရငွေများနှင့် သုံးငွေများပြောင်းလဲခြင်းနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြသော ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင်လည်းကောင်း၊ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်လာသောပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင်လည်းကောင်း ကိစ္စတစ်ရပ်ချင်း အကျိုးအကြောင်းဖော်ပြချက်များနှင့်အတူ ထည့်သွင်းဖော်ပြရမည်။

## အပိုင်း ၅
## အရေးပေါ်ရန်ပုံငွေ

၁၁။ တိုင်းဒေသကြီးအစိုးရအဖွဲ့သည် -

(က) ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေတွင် ဖော်ပြထားသော အရေးပေါ်ရန်ပုံငွေမှ ကျခံသုံးစွဲခြင်းကို ဘဏ္ဍာရေးနှစ်အတွင်း တိုင်းဒေသကြီးအစိုးရက မသုံးစွဲလျှင်မဖြစ်သည့် အရေးပေါ်ကိစ္စရပ်အတွက် အသုံးစရိတ်ဖြစ်ပြီး အရအသုံးခန့်မှန်းခြေငွေစာရင်း လျာထားချက်တွင် ပါဝင်ခြင်းမရှိသော အသုံးစရိတ်အတွက်သာလျှင်ဆောင်ရွက်ခွင့်ရှိသည်။

(ခ) အရေးပေါ်ရန်ပုံငွေမှ ကျခံသုံးစွဲခြင်းကို ပြည်ထောင်စုအစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်ရယူရမည်။

(ဂ) အရေးပေါ်ရန်ပုံငွေမှ ကျခံသုံးစွဲသည့်ကိစ္စရပ်များကို ကိစ္စတစ်ရပ်ချင်း ကျိုးကြောင်းဖော်ပြချက်များနှင့်အတူ အနီးကပ်ဆုံးကျင်းပသော တိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးသို့ တင်ပြရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

ဒေါက်တာအောင်မိုးညို
ဝန်ကြီးချုပ်
မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့

## တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော်၊ တိုင်းဒေသကြီးဥပဒေချုပ်၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်

ဇယား (၁)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | ကြွေးမြီ | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | အခွန်အကောက် | တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများမှရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ထောင်စုထောက်ပံ့ငွေမှရငွေ | ထုတ်ချေးငွေအတွက်ပြန်ရငွေ | ချေးယူရငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှရငွေ |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | တိုင်းဒေသကြီးအစိုးရအဖွဲ့ | တိုင်းဒေသကြီးဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီးဝန်ကြီးချုပ်က တာဝန်ပေးသူ | | | ၈,၅၄၇. ၈၉၈ | | | ၂,၅၀၀. ၀၀၀ | | | |
| ၂ | တိုင်းဒေသကြီးလွှတ်တော် | တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌက တာဝန်ပေးသူ | | | ၀. ၆၀၀ | | | | | | |
| ၃ | တရားရုံးများ | တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်က တာဝန်ပေးသူ | | | ၅၉၆. ၀၅၀ | | | | | | |
| ၄ | ဥပဒေရုံးများ | တိုင်းဒေသကြီးဥပဒေချုပ် သို့မဟုတ် တိုင်းဒေသကြီးဥပဒေချုပ်က တာဝန်ပေးသူ | | | ၀. ၀၄၀ | | | | | | |
| ၅ | စာရင်းရုံးများ | တိုင်းဒေသကြီး စာရင်းစစ်ချုပ် သို့မဟုတ် တိုင်းဒေသကြီး စာရင်းစစ်ချုပ်က တာဝန်ပေးသူ | | | ၀. ၈၇၆ | | | | | | |
| | ပေါင်း | | | | ၉,၁၄၅. ၄၇၄ | | | ၂,၅၀၀. ၀၀၀ | | | |

## တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော်၊ တိုင်းဒေသကြီးဥပဒေချုပ်၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်

ဇယား (၂)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | |
|---|---|---|---|---|---|---|---|---|---|
| | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ - ထုတ်ချေးငွေ | ကြွေးမြီ - ချေးယူရငွေအတွက်ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင်ရင်းနှီးငွေ |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ |
| ၁ | တိုင်းဒေသကြီးအစိုးရအဖွဲ့ | တိုင်းဒေသကြီးဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီးဝန်ကြီးချုပ်က တာဝန်ပေးသူ | ၁၄,၈၂၁. ၀၄၈ | | ၂,၅၀၀. ၀၀၀ | ၃၃,၂၄၄. ၁၆၂ | | | |
| ၂ | တိုင်းဒေသကြီးလွှတ်တော် | တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက တာဝန်ပေးသူ | ၉၇၈. ၅၁၂ | | | ၃,၁၁၅. ၀၀၀ | | | |
